ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

၁၃၈၄ ခုနှစ်၊ ဝါဆိုလဆန်း ၈ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 6 July 2022 ၁၀၇၈၈

**လောကကို ရှုကျင့်သူ**

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါး ဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်ကာကွယ်ရေးစွမ်းပကားမြှင့်တင်ရေးအတွက် တပ်မတော်(ရေ)မှ ရေငုပ်သင်္ဘောစစ်ရေယာဉ်နှစ်စင်းအပါအဝင် စစ်ရေယာဉ်များ၊ ရဟတ်ယာဉ်များဖြင့် စစ်နည်းဗျူဟာအဆင့် ရေပေါ်ရေအောက် ပူးပေါင်းစစ်ဆင်မှု လေ့ကျင့်ခန်း (Sea Shield-2022) လေ့ကျင့်ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၅**

တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် ပိုင်နက်နယ်မြေကို လုံခြုံစွာကာကွယ်စောင့်ရှောက်နိုင်ရန်နှင့် ကာကွယ်ရေးစွမ်းရည် ထက်မြက်မြင့်မားစေရန် တပ်မတော်(ကြည်း၊ ရေ၊ လေ)လေ့ကျင့်ခန်းများကို အမြဲမပြတ် လေ့ကျင့်ဆောင်ရွက်လျက်ရှိရာ ယခုနှစ်တွင်လည်း ဇူလိုင် ၁ ရက်မှစ၍ မြန်မာ့ရေပိုင်နက် ရခိုင်ကမ်းရိုးတန်းရေပြင်အတွင်း တပ်မတော်(ရေ)မှ တိုက်ခိုက်ရေး ရေငုပ်သင်္ဘောစစ်ရေယာဉ်(မင်းရဲသိခ်ႋသူ) နှင့် (မင်းရဲကျော်ထင်)အပါအဝင် စစ်ရေယာဉ်များ၊ ရဟတ်ယာဉ်များဖြင့် စစ်နည်းဗျူဟာအဆင့် ရေပေါ်ရေအောက် ပူးပေါင်းစစ်ဆင်မှုလေ့ကျင့်ခန်း(Sea Shield-2022)အား လေ့ကျင့်ဆောင်ရွက်လျက်ရှိသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စစ်ရေယာဉ်(မုတ္တမ)ပေါ်၌ လေ့ကျင့်ခန်းတွင် ပါဝင်သည့် အရာရှိစစ်သည်များအား အမှာစကားပြောကြားစဉ်။

**ယနေ့ ဖတ်စရာ**


အဋ္ဌမအကြိမ် နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ (၄၇)ပါးစုံညီ ကောဒသမအစည်းအဝေး ဒုတိယနေ့ကျင်းပ
စာမျက်နှာ » ၅

၂၀၂၂ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ
စာမျက်နှာ » ၆

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ယွမ် ၆ သန်းကျော် တန်ဖိုးရှိ ကိုဗစ်ရောဂါ ထိန်းချုပ်ကုသရေး အထောက်အကူပြုပစ္စည်းများ လှူဒါန်း
စာမျက်နှာ » ၈

ဇူလိုင်လဆန်းတွင် ပြည်တွင်းဗဟိုပြုမြေလျင် လေးကြိမ်နှင့် ပြည်ပဗဟိုပြု မြေလျင် လေးကြိမ်လှုပ်ခတ်ခဲ့
စာမျက်နှာ » ၁၁

ကြေးမုံ

# ပညာတတ်မှ ဘဝလှ၍ နိုင်ငံတိုးတက်

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက် ပြောင်းလဲလာရေးအတွက် အစိုးရတစ်ရပ်တည်းက ဆောင်ရွက်နေရုံဖြင့် ရည်မှန်းချက်သို့ ဆောလျင်စွာမရောက်နိုင်ပေ။ ဝန်ထမ်းများ၊ အဖွဲ့အစည်းများ၊ ပြည်သူလူထုအားလုံးတို့က တက်ညီလက်ညီ ပူးပေါင်းပါဝင်ဆောင်ရွက်မှသာ အောင်မြင်မှုရနိုင်ပေမည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်လာရေးအတွက် တစ်နိုင်ငံလုံးနှင့်သက်ဆိုင်သော အရေးပါသည့်ကိစ္စရပ်များအား ခြုံငုံသိရှိနားလည်နိုင်ရန် အသိပညာ၊ အတတ်ပညာမြင့်မားပြီး အမှားအမှန် ဝေဖန်ပိုင်းခြားနိုင်စွမ်းရှိသည့် လူဦးရေရာခိုင်နှုန်း များပြားလာရေး လိုအပ်သည်။

ထို့ကြောင့် အသိဉာဏ်ပညာ၊ ဆင်ခြင်တုံတရားမြင့်မားသော ပညာတတ်မြောက်သူများ ပေါ်ထွက်လာစေရန် ပညာရေးကို အားပေးမြှင့်တင် ဆောင်ရွက်ပေးလျက်ရှိသည်။ မြန်မာနိုင်ငံတွင် ပညာကို ပြီးဆုံးအောင်သင်ကြားနိုင်ခဲ့ခြင်း မရှိသူများ၊ ပညာတတ်ရေးထက် အတန်းမှန်အောင်ရေး ဆောင်ရွက်ခဲ့ရသည်များကြောင့် အသိဉာဏ်ပညာ၊ ဗဟုသုတနှင့် ပိုင်းခြားဝေဖန် ဆင်ခြင်ဉာဏ်အပိုင်းတွင် အားနည်းမှုများရှိခဲ့သည်။ မျက်မှောက်ကာလတွင် နိုင်ငံရေးနှင့် တိုင်းပြည်အရေးကို ခွဲခြားနိုင်မှုအပိုင်း၌ အားနည်းသောကြောင့် ပညာတတ်၊ ပညာမတတ် လမ်းမှားရောက်သူများနှင့် တိုင်းပြည်အတွက် တန်ဖိုးရှိသော လူသားအရင်းအမြစ်များ အဟောသိကံဖြစ်နေသည်ကို တွေ့ရမည်ဖြစ်သည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအားနည်းသည့် အကျိုးဆက်ကို ရနေကြသည်။


ထို့ကြောင့် နိုင်ငံတော်အစိုးရက ပြည်သူများ အသိဉာဏ်ပညာ ဆင်ခြင်တုံတရားမြင့်မားစေမည့် ပညာရေးစနစ်ကို အားပေးမြှင့်တင် ဆောင်ရွက်ပေးလျက်ရှိပြီး တစ်ဖက်တွင်လည်း လမ်းမှားရောက်နေသော လူငယ်လူရွယ်များ လမ်းမှန်ပေါ်သို့ ပြန်လည်ရောက်ရှိလာအောင် လက်ကမ်းကြိုဆိုဖိတ်ခေါ်လျက်ရှိသည်။ အလုပ်လုပ်ကိုင်ရမည့်အရွယ်များ အလုပ်လုပ်ကိုင်စေလျက်၊ ပညာသင်ယူရမည့်အရွယ်များ ပညာသင်ယူစေလျက် အကျိုးရှိသောဘဝများကို ဖြတ်သန်းနိုင်အောင် ဆောင်ကြဉ်းပေးလျက်ရှိသည်။ စင်စစ်အားဖြင့် ပညာတတ်သည်နှင့်အတူ မိမိတို့၏ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်လာစေပြီး အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိစေပါသည်။ ထို့အပြင် ကိုယ်ကျင့်တရားကောင်းမွန်၍ ဆင်ခြင်တုံတရားများ ပြည့်စုံလာပြီး မကောင်းမှုများလျော့ကျလာကာ နိုင်ငံတော်တည်ငြိမ်အေးချမ်းသာယာရေးအတွက် ကျွဲကူးရေပါ ဖြစ်လာနိုင်ပါသည်။

မြန်မာ့နိုင်ငံရေးသမိုင်းကြောင်းကို လေ့လာကြည့်မည်ဆိုပါက လူငယ်လူရွယ်များအား အစွန်းရောက်နိုင်ငံရေးသမားအချို့နှင့် တိုင်းပြည်ကို ပျက်စီးစေလိုသော အတ္တသမားများက လမ်းမှားသို့ရောက်အောင် ပို့ဆောင်ခဲ့ကြသည်ကို တွေ့ရမည်ဖြစ်သည်။ ယနေ့ကာလတွင် ဆိုရှယ်မီဒီယာများကိုအသုံးချ၍ အတွေးအမြင်လွဲမှားအောင် အလွယ်တကူ လုပ်ဆောင်လာနိုင်ကြသည်ကို တွေ့ရမည်ဖြစ်သည်။ ဆိုရှယ်မီဒီယာအားကောင်းနေသောကာလတွင် မိမိတို့၏ ပညာကိုအခြေခံ၍ ဆင်ခြင်တုံတရား၊ အမှားအမှန်ကို ခွဲခြားနိုင်စွမ်းရှိသည့် ဉာဏ်ပညာပြည့်ဝနေရန် လိုအပ်ပါသည်။ လူတိုင်းသည် နိုင်ငံရေးကို ဆောင်ရွက်ခွင့်ရှိသော်လည်း နိုင်ငံ့အရေးကိုလည်း အလေးထားရမည်ဖြစ်သည်။ ယနေ့ကာလတွင် ပညာတတ်များပင် လမ်းမှားပေါ်သို့ ရောက်ရှိသွားနိုင်သည့် နိုင်ငံရေးဝါဒ အားကောင်းနေသည်ကို သတိမူရမည်ဖြစ်သည်။ အသိဉာဏ်ပညာနည်းပါးနေသူများဆိုလျှင် အလွယ်တကူပင် လမ်းမှားပေါ်သို့ ရောက်ရှိနိုင်ပေသည်။

မျက်မှောက်ကာလတွင် နိုင်ငံအတွက် အကြီးမားဆုံးအန္တရာယ်မှာ လွဲမှားသောအတွေးအမြင်များ သွတ်သွင်းခံနေရခြင်းဖြစ်သည်။ ယင်းကို အသိဉာဏ်ပညာဖြင့်သာ ဆေးကြောသန့်စင်နိုင်မည်ဖြစ်၍ လူငယ်လူရွယ်များ ပညာသင်ကြားရေး၊ ပညာတတ်မြောက်ရေးကို အားပေးမြှင့်တင်ဆောင်ရွက်ပေးလျက်ရှိသည်။ ပညာဖြင့် ဘဝများရှင်သန်၊ ဘဝများဖွံ့ဖြိုးတိုးတက်လာနိုင်ပါသည်။ ပညာဖြင့်သာ မိမိဘဝကို တည်ဆောက်ရသလို ပညာဖြင့်သာ ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံအဖြစ် တည်ဆောက်နိုင်ပါသည်။ မြန်မာနိုင်ငံ၏ဂုဏ်ဆောင် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ဟောင်း ဦးသန့်က **“စာတတ်သောလူမျိုးသည် တိုးတက်၍ တိုးတက်သောလူမျိုးသည် စာတတ်ကြသည်”**ဟု ဆိုထားပါသည်။

ယနေ့ကာလတွင် နိုင်ငံတစ်ဝန်း၌ ကျောင်းသား ကျောင်းသူ၊ လူငယ်လူရွယ်များသည် အခက်အခဲအနှောင့်အယှက် ဖျက်ဆီးနေမှုများကြားမှ ပညာကို ကြိုးစားသင်ယူဆည်းပူးနေကြသည်ကို မြင်တွေ့ရသည်မှာ ဝမ်းမြောက်ဖွယ်ဖြစ်သည်။ နိုင်ငံတော်အစိုးရကလည်း အကြောင်းအမျိုးမျိုးဖြင့် လမ်းမှားသို့ရောက်ရှိသွားကြသော လူငယ်များအား ပြန်လည်ဖိတ်ခေါ်၍ ပညာဆက်လက်သင်ယူလိုသူများ ပညာဆည်းပူးခွင့်ရအောင် ဖော်ဆောင်ပေးနေသည်ကို တွေ့ရပါသည်။ သို့ဖြစ်ရာ ပညာတတ်မှ ဘဝလှ၍ မိမိနိုင်ငံပါ တိုးတက်မည်ဖြစ်၍ လူငယ်လူရွယ်များ အေးချမ်းစွာပညာသင်ကြားနိုင်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။ ။

## ဗိုလ်ချုပ်အောင်ဆန်းပြတိုက် (ရန်ကုန်)နှင့် ဗိုလ်ချုပ်အောင်ဆန်းနေအိမ် ပြတိုက်(နတ်မောက်)တို့ ဇူလိုင် ၁၉ ရက်မှ ၂၁ ရက်အထိ အထူးပြပွဲ လေ့လာနိုင်




နေပြည်တော် ဇူလိုင် ၅

ဗိုလ်ချုပ်အောင်ဆန်းပြတိုက် (ရန်ကုန်)နှင့် ဗိုလ်ချုပ်အောင်ဆန်း နေအိမ်ပြတိုက် (နတ်မောက်)တို့၌ ဇူလိုင် ၁၉ ရက်မှ ၂၁ ရက်အထိ ကျင်းပမည့် (၇၅) နှစ်မြောက် အာဇာနည်နေ့ အထူးပြပွဲသို့ သွားရောက်လေ့လာလိုသူများအနေဖြင့် https://register.generalaungsanmuseum.com/ သို့ ဝင်ရောက်၍ Online မှ တစ်ဆင့်ကြိုတင် စာရင်းသွင်းနိုင်ပြီဖြစ်ပြီး Online Registration မှ လျှောက်ထားလာသူများသည် သီးခြားဝင်ပေါက်မှတစ်ဆင့် အချိန်ကြန့်ကြာမှုမရှိဘဲ ဝင်ရောက်လေ့လာနိုင်မည် ဖြစ်ကြောင်းသိရသည်။

သတင်းစဉ်

## တိုက်ကြီးမြို့နယ်၌ အခြေခံစက်ချုပ်သင်တန်း ဖွင့်လှစ်

တိုက်ကြီး ဇူလိုင် ၅

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်ရည်ရွယ်၍ ယနေ့နံနက်ပိုင်းက ကျွဲဘုတ်ကျေးရွာအုပ်စု လပဟာမငယ်ကျေးရွာ ကျွဲဘုတ်ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ အခြေခံစက်ချုပ်သင်တန်း (၂/၂၀၂၂)ကို ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် တိုက်ကြီးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြဝင်းက အဖွင့်အမှာစကားပြောကြားပြီး ရန်ကုန်မြောက်ပိုင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးဘသိန်းက အခြေခံစက်ချုပ်သင်တန်း ဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တိုက်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုသီတာလင်းက သင်တန်းသားသင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးအား သင်ထောက်ကူပစ္စည်းများ ပေးအပ်ခဲ့သည်။

### ပံ့ပိုးကူညီပေးသွားမည်

အဆိုပါ သင်တန်းတွင် ပုဂ္ဂလိကစက်ချုပ်သင်တန်း ဖွင့်လှစ်ထားသည့် နည်းပြဆရာမ ဒေါ်နှင်းယုလှိုင်က နည်းပညာများ ပံ့ပိုးကူညီပေးသွားမည်ဖြစ်ပြီး ကျေးရွာနေပြည်သူ သင်တန်းသားသင်တန်းသူ ၁၇ ဦး တက်ရောက်လျက်ရှိကြောင်းနှင့် သင်တန်းကာလ တစ်လကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

ဉာဏ်ဟိန်း

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၅ - ၇ -၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၄၀၀ | ၇,၄၀၀ | ၂၈၇ | ၂,၁၂၃,၈၀၀ |
| MTSH | ၂,၆၀၀ | ၂၆၅၀ | ၆၈၉ | ၁,၈၂၁,၂၀၀ |
| MCB | ၇,၁၀၀ | ၇,၁၀၀ | ၁၀၀ | ၇၁၀,၀၀၀ |
| FPB | ၁၇,၅၀၀ | ၁၇,၅၀၀ | ၇၀၀ | ၁၂,၂၅၀,၀၀၀ |
| TMH | ၂,၅၀၀ | ၂,၅၀၀ | ၉ | ၂၂,၅၀၀ |
| EFR | ၂,၅၀၀ | ၂,၅၀၀ | ၃၀၅ | ၇၆၂,၆၀၀ |
| AMATA | ၅,၀၀၀ | ၅,၀၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဇူလိုင် ၅

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၈၅၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၉၀၆.၂ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၇၅.၈၇ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၁.၆၁၁ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၁၈.၆၀ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၃.၃၇၁ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၂၅၆.၄ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၃၁၈.၂ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၃၆၃.၄ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၁.၁၉ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးခိုင်ဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား လေ့ကျင့်ခန်းတွင် ပါဝင်ဆောင်ရွက်မည့် စစ်ရေယာဉ်များမှ ရှေ့နောက်တန်းပုံပြုပုံစံ(Single Line Formation)ဖြင့် ဂုဏ်ပြုချီတက် မောင်းနှင်အလေးပြုကြစဉ်။

☆ **ရှေ့ဖုံးမှ**

ထိုသို့ လေ့ကျင့်ဆောင်ရွက်နေမှုများအား ယနေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ)မှ တပ်မတော်အရာရှိကြီးများ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ကြိုဆို**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် လေ့ကျင့်ခန်းဆောင်ရွက်နေသည့် စစ်ရေယာဉ် အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံတော်၏ ပိုင်နက်နယ်မြေအားလုံးကို ကာကွယ်စောင့်ရှောက်ရန် တပ်မတော်သည် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည့်အတွက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိ အမြဲရှိနေရမည်ဖြစ်ကြောင်း၊ ဖြစ်ပေါ်လာနိုင်သည်မှန်သမျှကို ကာကွယ်ရေးအမြင်ဖြင့် ကြိုတင်မြော်တွေးပြီး သတင်းမပြတ်ဖော်ထုတ်ရန်နှင့် ရရှိလာသည့် သတင်းအချက်အလက်များကိုလည်း အကျိုးရှိရှိ အသုံးချနိုင်ရမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ လေ့ကျင့်ခန်းများမှတစ်ဆင့် သင်ခန်းစာဖော်ထုတ်ပြီး နောင်အနာဂတ်ရေတပ်အတွက် ဆက်လက်ဆောင်ရွက်သွားရန် လိုအပ်သည်များကို ဖော်ထုတ်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် လေ့ကျင့်ခန်းတွင် ပါဝင်ဆောင်ရွက်မည့် စစ်ရေယာဉ်များမှ ရှေ့နောက်တန်းပုံပြုပုံစံ (Single Line Formation)ဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်အား ဂုဏ်ပြုချီတက်မောင်းနှင် အလေးပြုကြသည်။

**လေ့ကျင့်ဆောင်ရွက်**

ယင်းနောက် VBSS လေ့ကျင့်ခန်းအနေဖြင့် စစ်ရေယာဉ်များလေ့ကျင့်ခန်းဧရိယာသို့ ခုတ်မောင်းနေစဉ် မြန်မာ့ရေပိုင်နက်အတွင်း ရောက်ရှိဖြတ်သန်းခုတ်မောင်းနေသည့် သံသယဖြစ်ဖွယ် ပြည်ပကုန်သွယ်ရေယာဉ်တစ်စင်းအား ထောက်လှမ်းတွေ့ရှိသဖြင့် စစ်ရေယာဉ်(မုဋ္ဌမ)မှ ROE အရ ရေယာဉ်ဆိုင်ရာ အချက်အလက်များ မေးမြန်းခြင်းနှင့် ရပ်တန့်အစစ်ဆေးခံရန် ဆက်သွယ်ဆောင်ရွက်ခဲ့ရာ ရပ်တန့်မှုမရှိသဖြင့် တက်ရောက်၊ စီးနင်း၊ ရှာဖွေ၊ ဖမ်းဆီးမှု Procedure များအတိုင်း လေ့ကျင့်ဆောင်ရွက်သည်။

ထို့နောက် သံသယဖြစ်ဖွယ် ပြည်ပကုန်သွယ်ရေယာဉ်အား တပ်မတော်(ရေ) အထူးတပ်ဖွဲ့ဝင် အရာရှိ/စစ်သည်များက Anchor Launcher အသုံးပြု၍ ရေယာဉ်ပေါ်သို့ တက်ရောက်စီးနင်းရှာဖွေ ဖမ်းဆီးခြင်း (Visit, Board, Search And Seizure) VBSS လုပ်ငန်းစဉ်များအတိုင်း စာရွက်စာတမ်းများအား စစ်ဆေးခြင်း၊ ရေယာဉ်အမှုထမ်းများအား မေးမြန်းစစ်ဆေးခြင်း၊ လူနေခန်း၊ ကုန်တင်ခန်းနှင့် စက်ခန်း စစ်ဆေးခြင်းများ အဆင့်ဆင့်ဆောင်ရွက်ကြပြီး စစ်ဆေးချက်များအရ ယင်းရေယာဉ်သည် တရားမဝင်ကုန်ပစ္စည်းများ တင်ဆောင်လာကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် အဆိုပါ ကုန်သွယ်ရေယာဉ်အား တပ်မတော်(ရေ) အထူးတပ်ဖွဲ့ဝင်များက ဖမ်းဆီးထိန်းသိမ်းခြင်းလေ့ကျင့်ခန်းကို ဆောင်ရွက်ကြသည်။

**လေ့ကျင့်ခန်း CASEX A–2**

ဆက်လက်ပြီး လေ့ကျင့်ခန်းအစီအစဉ်အတိုင်း ဖရီးဂိတ်စစ်ရေယာဉ်(ဆင်ဖြူရှင်)နှင့် ဖရီးဂိတ်စစ်ရေယာဉ်(ကျန်စစ်သား)တို့က ရေငုပ်သင်္ဘောအား ပူးပေါင်းထောက်လှမ်းရှာဖွေခြင်း လေ့ကျင့်ခန်း CASEX A–2 အား ဆက်လက်ဆောင်ရွက်သည်။ ယင်းနောက် ရေပြင်ရန်ကာကွယ်ရေး စစ်ဆင်မှုဇုန်အတွင်း ရန်သူ့ရေပြင် ပစ်မှတ်များအား ပစ်ခတ်တိုက်ခိုက်ချေမှုန်းရန်အတွက် မိမိရေယာဉ်အုပ်အား Battle Line Formation သို့ ပြောင်းလဲခုတ်မောင်းခြင်းများဆောင်ရွက်ပြီး ရေတပ်အမြောက်ကြီးများ၊ စက်သေနတ်ကြီးများဖြင့် ရန်သူ့ရေပြင်ပစ်မှတ်များအား အပြီးတိုင်ပစ်ခတ်တိုက်ခိုက်ချေမှုန်းခြင်း လေ့ကျင့်ခန်းအား ဆက်လက်ဆောင်ရွက်ကြသည်။

စာမျက်နှာ ၄ သို့ »»





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား စစ်နည်းဗျူဟာအဆင့် ရေပေါ်ရေအောက် ပူးပေါင်းစစ်ဆင်မှုလေ့ကျင့်ခန်း(Sea Shield–2022)လေ့ကျင့်ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြစဉ်။

များအား ကြည့်ရှုစစ်ဆေးရန် ဘင်္ဂလားပင်လယ်အော်အတွင်းရှိ စစ်ရေယာဉ်(မုဋ္ဌမ)ပေါ်သို့ ရဟတ်ယာဉ်ဖြင့် ဆင်းသက်ရောက်ရှိရာ(Sea Shield–2022) လေ့ကျင့်လျက်ရှိသည့် ရေတပ်ဌာနချုပ်မှူး ဗိုလ်ချုပ်ထိန်ဝင်း၊ လေ့ကျင့်ခန်းကြီးကြပ်ရေးမှူး(Officer Scheduling Exercise–OSE) ဗိုလ်မှူးချုပ် ကျော်စိုးမိုး၊ တာဝန်ရေတပ်မမှူး ဗိုလ်မှူးချုပ်ကျော်လင်းဇော်နှင့် လေ့ကျင့်ခန်းတွင်ပါဝင်ကြသည့် အရာရှိကြီးများက ကြိုဆိုကြသည်။

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်(ရေ)က တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ လမ်းညွှန်မှာကြားချက်နှင့်အညီ စစ်နည်းဗျူဟာအဆင့် ရေပေါ်ရေအောက် ပူးပေါင်းစစ်ဆင်မှုလေ့ကျင့်ခန်း(Sea Shield–2022)ကို လေ့ကျင့်ဆောင်ရွက်ရသည့် ရည်ရွယ်ချက်နှင့် ရေပြင်သွားစစ်ရေယာဉ်များ၊ ရေငုပ်သင်္ဘောများနှင့် ရဟတ်ယာဉ်များအပါအဝင် ရေပေါ်ရေအောက် ပူးပေါင်းစစ်ဆင်ရေးလေ့ကျင့်ခဲ့မှု

❖ **ရေတပ်လေ့ကျင့်ခန်းများကို ၂၀၀၉ ခုနှစ်တွင် ရေပြင်၊ ဝေဟင် ပူးပေါင်းစစ်ဆင်ရေး လေ့ကျင့်ခန်းအဖြစ် စတင်လေ့ကျင့်ဆောင်ရွက်ခဲ့ပြီး တစ်နှစ်ပြီးတစ်နှစ် တိုးတက်ကောင်းမွန်လာခဲ့သည်ကို တွေ့ရှိရမည်**

❖ **လေ့ကျင့်ခန်းများဆောင်ရွက်စေခြင်းသည် မိမိတို့ ကြုံတွေ့လာရနိုင်သည့် စစ်မြေပြင်နှင့် အသားကျဖြစ်စေရေးနှင့် မိမိတို့၏ ယာဉ်ယန္တရားများ၊ လက်နက်များ၏ စွမ်းပကားများကို လက်တွေ့ကျကျ ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးချနိုင်**

❖ **ရေတပ်လေ့ကျင့်ခန်းများကို ယခင်က ရေပြင်၊ ဝေဟင် ပူးပေါင်းစစ်ဆင်ရေးအသွင်ဖြင့်သာ လေ့ကျင့်ဆောင်ရွက်နိုင်ခဲ့သော်လည်း ယခုအခါတွင် သုံးဖက်မြင်စစ်ဆင်နိုင်စွမ်းရှိသည့် တိုက်ပွဲဝင်အသင့်ရေတပ်(Three Dimensional Combat Ready Navy)ထိ ဖြစ်လာခဲ့**

❖ **ယခင်နှစ်က တိုက်ခိုက်ရေးရေငုပ်သင်္ဘော စစ်ရေယာဉ်တစ်စင်းသာ ပါဝင်နိုင်ခဲ့သော်လည်း ယခုလေ့ကျင့်ခန်းတွင် အမျိုးအစားမတူ ရေငုပ်သင်္ဘော နှစ်စင်းအထိ ပါဝင်လေ့ကျင့် ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ကြီးမားသည့် လေ့ကျင့်ရေးအတွေ့အကြုံများကို ရရှိစေနိုင်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် တာဝန်ရှိသူများ VBSS လေ့ကျင့်ခန်းဆောင်ရွက်နေမှုကို စစ်ရေယာဉ်(မုတ္တမ)ပေါ်မှ ကြည့်ရှုစစ်ဆေးစဉ်။

»»» စာမျက်နှာ ၃ မှ

ထိုသို့ ရေငုပ်သင်္ဘောရန်ကာကွယ်မှု စစ်ဆင်ရေးနှင့် ရေငုပ်သင်္ဘောစစ်ဆင်ရေးများ လေ့ကျင့်ဆောင်ရွက်ပြီး ရေပေါ်ရေအောက် ရန်သူ့ပစ်မှတ်များအား Torpedo များဖြင့်လည်းကောင်း၊ ရေတပ်အမြောက်ကြီးများဖြင့်လည်းကောင်း၊ စက်သေနတ်ကြီးများဖြင့် လည်းကောင်း လက်တွေ့လေ့ကျင့်ပစ်ခတ်မှုများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စစ်ရေယာဉ်(မုတ္တမ)ပေါ်မှ ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က လေ့ကျင့်ခန်းတွင် ပါဝင်သည့် အရာရှိ၊ စစ်သည်များအား အမှာစကားပြောကြားရာ တိုက်ခိုက်ရေးရေငုပ်သင်္ဘော စစ်ရေယာဉ်(မင်းရဲသိင်္ခသူ)၊ တိုက်ခိုက်ရေးရေငုပ်သင်္ဘော စစ်ရေယာဉ် (မင်းရဲကျော်ထင်)နှင့် စစ်ရေယာဉ်များမှ အရာရှိ၊ စစ်သည်များသည် စစ်ရေယာဉ်(မုတ္တမ) ပေါ်၌ တက်ရောက်မိန့်ခွန်းနာခံကြသည်။

**တစ်နှစ်ပြီးတစ်နှစ် တိုးတက်ကောင်းမွန်လာ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် ရေတပ်လေ့ကျင့်ခန်းများကို ၂၀၀၉ ခုနှစ်တွင် ရေပြင်၊ ဝေဟင် ပူးပေါင်းစစ်ဆင်ရေး လေ့ကျင့်ခန်းအဖြစ် စတင်လေ့ကျင့်ဆောင်ရွက်ခဲ့ပြီး တစ်နှစ်ပြီးတစ်နှစ် တိုးတက်ကောင်းမွန်လာခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ တစ်နှစ်ထက်တစ်နှစ် စစ်ရေယာဉ်များပြည့်စုံလာသည်သာမက လေ့ကျင့်ခန်းလုပ်ဆောင်ရသည့် သဘောသဘာဝများလည်း ပိုမိုပြည့်စုံလာခဲ့သည်ကို တွေ့ရှိရကြောင်း၊ လေ့ကျင့်ခန်းများဆောင်ရွက်စေခြင်းသည် မိမိတို့ ကြုံတွေ့လာရနိုင်သည့် စစ်မြေပြင်နှင့် အသားကျဖြစ်စေရေးနှင့် မိမိတို့၏ ယာဉ်ယန္တရားများ၊ လက်နက်များ၏ စွမ်းပကားများကို လက်တွေ့ကျကျ ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးချနိုင်စေရန်ဖြစ်ကြောင်း၊ လေ့ကျင့်ခန်းတွင် ပါဝင်ဆောင်ရွက်ကြသူများ၏ စွမ်းရည်၊ စိတ်ဓာတ်များ ကောင်းမွန်မှသာလျှင် လေ့ကျင့်ခန်းတစ်ခုသည်လည်း အောင်မြင်မည်ဖြစ်ကြောင်း၊ ရေတပ်လေ့ကျင့်ခန်းများကို ယခင်က ရေပြင်၊ ဝေဟင် ပူးပေါင်းစစ်ဆင်ရေးအသွင်ဖြင့်သာ လေ့ကျင့်ဆောင်ရွက်နိုင်ခဲ့သော်လည်း ယခုအခါတွင် သုံးဖက်မြင် စစ်ဆင်နိုင်စွမ်းရှိသည့် တိုက်ပွဲဝင်အသင့်ရေတပ်(Three Dimensional Combat Ready Navy)ထိ ဖြစ်လာခဲ့ပြီဖြစ်ကြောင်း၊ ယခင်နှစ်က တိုက်ခိုက်ရေးရေငုပ်သင်္ဘော စစ်ရေယာဉ်တစ်စင်းသာ ပါဝင်နိုင်ခဲ့သော်လည်း ယခုလေ့ကျင့်ခန်းတွင် အမျိုးအစားမတူ ရေငုပ်သင်္ဘော နှစ်စင်းအထိ ပါဝင်လေ့ကျင့် ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ကြီးမားသည့် လေ့ကျင့်ရေးအတွေ့အကြုံများကို ရရှိစေနိုင်မည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံ၏ ကမ်းရိုးတန်းအရှည်သည် မိုင်ပေါင်း ၁၃၀၀ ခန့်ရှိပြီး ရေပြင်ပိုင်နက်အနေဖြင့် စတုရန်းမိုင်ပေါင်း ၁၄၄၀၀၀ ကျော် ကျယ်ဝန်းသဖြင့် ကျယ်ပြောလှသည့် ရေပြင်ပိုင်နက်နယ်နိမိတ်ကို စိုးမိုးနိုင်ရန်မှာ တပ်မတော်(ရေ)တစ်ခုတည်းဖြင့် ဆောင်ရွက်၍ ရနိုင်မည်မဟုတ်ကြောင်း၊ လက်ရှိအခြေအနေတွင် တပ်မတော်(ရေ)ကို ပထမအဆင့်အနေဖြင့် မြန်မာ့ပင်လယ်ပြင် သီးသန့်စီးပွားရေးဇုန်ကို အပြည့်အဝကာကွယ်နိုင်ရေး သုံးဖက်မြင် စစ်ဆင်နိုင်စွမ်းရှိသည့် တိုက်ပွဲဝင်အသင့် ရေတပ် (Three Dimensional Combat Ready Navy)အဖြစ် မျှော်မှန်းဆောင်ရွက်လျက်ရှိကြောင်း။

တိုက်စွမ်းအားရှိသည့် ရေတပ်ဖွဲ့ဖြစ်ရန်အတွက် တပ်မတော်(ကြည်း)တွင် မြဲသုံးမြဲ ရှိသကဲ့သို့ တပ်မတော်(ရေ)တွင်လည်း စစ်ရေယာဉ်များ အသင့်ဖြစ်ရမည်၊ လက်နက်နှင့် လက်နက်စနစ်များ အသင့်ဖြစ်ရမည်၊ ရေတပ်သားများ အသင့်ဖြစ်ရမည် ဟူသည့် အသင့်ဖြစ်မှု သုံးရပ်နှင့် ပြည့်စုံရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် စစ်ဆင်ရေးနယ်ပယ် သုံးရပ်လုံးတွင် စစ်ဆင်နိုင်စွမ်းရှိသည့် စစ်ရေယာဉ်များ ရှိနေရုံဖြင့်မရဘဲ ယင်းစစ်ရေယာဉ်များကို တိုက်ပွဲဝင်အသင့်ဖြစ်ရေးအတွက် အမြဲတမ်း ပြင်ဆင်လေ့ကျင့်နေကြရန်လိုအပ်ပြီး အသင့်ဖြစ်မှု သုံးရပ်ကို မမေ့မလျော့ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လေ့ကျင့်ခန်းတွင် ပါဝင်ဆောင်ရွက်သည့် အရာရှိစစ်သည်များအား အမှတ်တရလက်ဆောင်များပေးအပ်ရာ တာဝန်ရေတပ်မမှူးက လက်ခံရယူစဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် လေ့ကျင့်ခန်းတွင် ပါဝင်ဆောင်ရွက်ခဲ့သည့် အရာရှိ၊ စစ်သည်များအား အမှတ်တရလက်ဆောင်များ ပေးအပ်ရာ တာဝန်ရေတပ်မမှူးက လက်ခံရယူသည်။ ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံသို့ ကာကွယ်ရေးဦးစီးချုပ်(ရေ)က စစ်နည်းဗျူဟာအဆင့် ရေပေါ်ရေအောက် ပူးပေါင်းစစ်ဆင်မှုလေ့ကျင့်ခန်း(Sea Shield – 2022) ဂုဏ်ပြုအထိမ်းအမှတ်တံဆိပ်အား ပေးအပ်သည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် စစ်ရေယာဉ်(မုတ္တမ)ပေါ်မှ ရဟတ်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာသွားသည်။

နောက်ဆက်တွဲ လေ့ကျင့်ခန်းများအနေဖြင့် တိုက်ပွဲပြီးပြန်လည်သုံးသပ်ခြင်း (Battle Damage Assessment) လေ့ကျင့်ခန်း၊ ပင်လယ်ပြင်ထောက်ပံ့ဖြည့်တင်းခြင်း (RAS) လေ့ကျင့်ခန်း၊ မီးငြိမ်းသတ်ခြင်းနှင့် ပျက်စီးထိန်းလုပ်ငန်းများဆောင်ရွက်ခြင်း(Fire Fighting and Damage Control) လေ့ကျင့်ခန်း၊ ရှာဖွေကယ်ဆယ်ရေးဆောင်ရွက်ခြင်း(Search and Rescue)လေ့ကျင့်ခန်း၊ ပင်လယ်ပြင်တွဲဆွဲခြင်း (Towing)လေ့ကျင့်ခန်းများအား ဆက်လက်ဆောင်ရွက်ကြသည်။

ယနေ့ပြုလုပ်ခဲ့သည့် စစ်နည်းဗျူဟာအဆင့် ရေပေါ်ရေအောက် ပူးပေါင်းစစ်ဆင်မှု လေ့ကျင့်ခန်း (Sea Shield–2022)ကို တပ်မတော်(ရေ)နှင့် တပ်မတော်(လေ)မှ ရဟတ်ယာဉ်များ၊ ရေငုပ်သင်္ဘော စစ်ရေယာဉ်များနှင့် ဖရီးဂိတ်စစ်ရေယာဉ်ကြီးများ အပါအဝင် စစ်ရေယာဉ် ၂၀ ဖြင့် လေ့ကျင့်ခန်းနယ်မြေတွင် မုတ်သုံရာသီကာလ ရာသီဥတုဆိုးရွားနေသည့်ကြားမှ အောင်မြင်စွာ လေ့ကျင့်ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

- **မိမိတို့နိုင်ငံ၏ ကမ်းရိုးတန်းအရှည်သည် မိုင်ပေါင်း ၁၃၀၀ ခန့်ရှိပြီး ရေပြင်ပိုင်နက်အနေဖြင့် စတုရန်းမိုင်ပေါင်း ၁၄၄၀၀၀ ကျော် ကျယ်ဝန်းသဖြင့် ကျယ်ပြောလှသည့် ရေပြင်ပိုင်နက် နယ်နိမိတ်ကို စိုးမိုးနိုင်ရန်မှာ တပ်မတော်(ရေ)တစ်ခုတည်းဖြင့် ဆောင်ရွက်၍ ရနိုင်မည်မဟုတ်**
- **ပထမအဆင့်အနေဖြင့် မြန်မာ့ပင်လယ်ပြင် သီးသန့်စီးပွားရေးဇုန်ကို အပြည့်အဝကာကွယ်နိုင်ရေး သုံးဖက်မြင် စစ်ဆင်နိုင်စွမ်းရှိသည့် တိုက်ပွဲဝင်အသင့် ရေတပ် (Three Dimensional Combat Ready Navy)အဖြစ် မျှော်မှန်း ဆောင်ရွက်လျက်ရှိ**



စစ်ရေယာဉ်များ၊ ရဟတ်ယာဉ်များဖြင့် စစ်နည်းဗျူဟာအဆင့် ရေပေါ်ရေအောက် ပူးပေါင်းစစ်ဆင်မှု လေ့ကျင့်ခန်း (Sea Shield–2022) လေ့ကျင့်မှုကို တွေ့ရစဉ်။

# အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇) ပါးစုံညီကောဒသမအစည်းအဝေး ဒုတိယနေ့ကျင်းပ





**ရန်ကုန် ဇူလိုင် ၅**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အဋ္ဌမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇) ပါးစုံညီ ကောဒသမ အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဆဋ္ဌသံဂါယနာ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ကျင်းပသည်။

**တက်ရောက်ကြည်ညို**

အစည်းအဝေးသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ဆရာတော် အဘိဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တ ကုမာရာဘိဝံသ အမှူးပြုသည့် နိုင်ငံတော် သံဃမဟာနာယကဆရာတော်ကြီးများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း၊ အမှုထမ်းများ၊ တိုင်းဒေသကြီး/ပြည်နယ် သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဘဒ္ဒန္တ ကုမာရာဘိဝံသက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူးအဖြစ် တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တစန္ဒဝံသာလင်္ကာရာဘိဝံသက ဆောင်ရွက်တော်မူသည်။

**ဝေဖန်ဆွေးနွေးတော်မူ**

အစည်းအဝေးတွင် အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယအဖွဲ့ခွဲ၏ တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်များအနက် ဝိနိစ္ဆယရေးရာ ဆောင်ရွက်ချက်အပေါ် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကောဝိဒကလည်းကောင်း၊ သာသနာရေး ဆောင်ရွက်ချက်များ အပေါ် သာသနဓဇဓမ္မာစရိယ ဘဒ္ဒန္တစန္ဒကလည်းကောင်း၊ ပညာရေး ဆောင်ရွက်ချက်များ အပေါ် အဂ္ဂမဟာပဏ္ဍိတ ဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တပညာသီဟာဘိဝံသက လည်းကောင်း ဝေဖန်ဆွေးနွေးတော်မူကြသည်။

ထို့နောက် ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်တော်မူကြပြီး အစည်းအဝေးကို နံနက် ၉ နာရီတွင် ရပ်နားသည်။

ယင်းနောက် အစည်းအဝေး ဒုတိယနေ့ ဒုတိယပိုင်းကို မွန်းလွဲ ၁ နာရီတွင် ဆက်လက်ကျင်းပခဲ့ပြီး ဝိနိစ္ဆယဆိုင်ရာကိစ္စများ၊ သာသနာရေးရာကိစ္စများ၊ ပညာရေးရာကိစ္စများနှင့် စပ်လျဉ်း၍ ဆွေးနွေး ဆုံးဖြတ်တော်မူကြသည်။

ယင်းနောက် အဋ္ဌမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယအဖွဲ့ခွဲ၏ စတုတ္ထအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာအပေါ် ဝေဖန်ဆွေးနွေးဆုံးဖြတ်ချက်များနှင့် စပ်လျဉ်း၍ ဝိနိစ္ဆယရေးရာဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစန္ဒာဝရာဘိဝံသက လည်းကောင်း၊ သာသနာရေးရာ ဆောင်ရွက်ချက်များ အပေါ် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဥတ္တရကလည်းကောင်း၊ ပညာရေးရာ ဆောင်ရွက်ချက်များ အပေါ် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တအာစာရက လည်းကောင်း ပြန်ကြားလျှောက်ထားတော်မူကြသည်။

**ဆောင်ရွက်ချက် အစီရင်ခံစာ**

ဆက်လက်၍ အဋ္ဌမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယအဖွဲ့ခွဲ၏ စတုတ္ထအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာကို တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တစန္ဒဝံသာလင်္ကာရာဘိဝံသက အတည်ပြုချက် ရယူသည်။

ထို့နောက် အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော်များအားလုံးက ဇယန္တော ဗောဓိယာမူလေ အစရှိသော နှစ်ဂါထာကို သုံးကြိမ်ရွတ်ဆိုတော်မူပြီး သာဓုသုံးကြိမ်ခေါ်ဆိုကာ အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ကောဒသမ အစည်းအဝေးကို မွန်းလွဲပိုင်းတွင် အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည်။

ယနေ့ အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများအား အလှူရှင် ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် ကျိုက္ကစံဝေဠုဝန် (ရွှေကျင်)ကျောင်းတိုက်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တမာနိတ ဦးဆောင်သော တပည့်ဒါယကာ ဒါယိကာမ ဓမ္မမိတ်ဆွေများက တေတ္တိံသတိမ(၃၃)ကြိမ်မြောက် တစ်နေ့တာဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ထို့အတူ ယနေ့အစည်းအဝေးသို့ကြွရောက်တော်မူလာကြသော နိုင်ငံတော် သံဃမဟာနာယကဆရာတော်ကြီးများအား ရွှေသံလွင်ကုမ္ပဏီနာယက အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါက်တာဒေါ်နီနီ (ရွှေသံလွင်ကုမ္ပဏီမိသားစု)က နဝကမ္မအလှူတော် ငွေကျပ်နှစ်သိန်းစီနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

■

## စစ်မှုထမ်းဟောင်းများအား ထောက်ပံ့ငွေပေးအပ်

**ပန်းတောင်း ဇူလိုင် ၅**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့မှ ၂၀၂၁-၂၀၂၂ ခုနှစ် အသက်(၇၅)နှစ်အထက်စစ်မှုထမ်းဟောင်းများအား ထောက်ပံ့ငွေပေးအပ်ပွဲကို ယနေ့ နံနက် ၈ နာရီခွဲက မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကြီးမြင့်အောင် (ငြိမ်း)က အဖွင့်အမှာစကားပြောကြားပြီး စစ်မှုထမ်းဟောင်း (ဗဟို) နှင့်မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့တို့မှအသက်(၇၅)နှစ်အထက် စစ်မှုထမ်းဟောင်း ၂၇ ဦးတို့အား တစ်ဦးလျှင် ငွေကျပ် ၅၅၀၀၀ နှုန်းဖြင့် ထောက်ပံ့ပေးအပ်သည်။

အဆိုပါမြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့မှ သား၊ သမီးများတွင် ၂၀၂၂ ခုနှစ် တက္ကသိုလ်ပညာသင်ကြားလျက်ရှိသော တတိယနှစ်ကျောင်းသား ကျောင်းသူ သုံးဦးတို့အား တစ်ဦးလျှင်ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် ပေးအပ်ချီးမြှင့်ခဲ့ပြီး တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ရိုးရိုးအောင်နှင့် ဂုဏ်ထူးဖြင့်အောင်မြင်သူများကိုလည်း ဆုငွေများ ဆက်လက်ထောက်ပံ့ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်မြင့်(ပန်းတောင်း)**



## ကျောင်းသား ကျောင်းသူများကို ငယ်စဉ်ကတည်းကပင် မိမိအသိစိတ်ဓာတ်ဖြင့် ကြိုးစားလိုစိတ်ရှိအောင် သင်ကြားလေ့ကျင့်ပေးရန်လို

**နေပြည်တော် ဇူလိုင် ၅**

နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်သည် ယမန်နေ့မွန်းလွဲပိုင်းတွင် ပူတာအိုမြို့ရှိ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းနှင့် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းသင်တန်းကျောင်း (ပူတာအို) ၌ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းနှင့် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေး သင်တန်းကျောင်းရှိ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် သင်တန်းသူများကိုတွေ့ဆုံ၍ ဝန်ထမ်းများအနေဖြင့် ဝန်ထမ်းသစ္စာအဓိဋ္ဌာန် (၆) ရပ်နှင့်အညီ တာဝန်ထမ်းဆောင်ရန်၊ ကျောင်းသားကျောင်းသူများအား မိသားစုသဖွယ် သဘောထား၍ ပညာသင်ကြားပေးခြင်း၊ ဆုံးမသွန်သင်ပေးခြင်းများ ပြုလုပ်ပေးရန်၊ မူလတာဝန်ဖြစ်သည့် ရုံးလုပ်ငန်းများအပြင် ကျောင်းသားကျောင်းသူများကို လိမ္မာယဉ်ကျေးမှုရှိအောင် ထိန်းကျောင်းပြုစု ပျိုးထောင်ကြရန်၊ ငယ်စဉ်ကတည်းကပင် မိမိအသိစိတ်ဓာတ်ဖြင့် ကြိုးစားလိုစိတ်ရှိအောင် သင်ကြားလေ့ကျင့်ပေးရန်လိုအပ်ပြီး မိမိကိုယ်ကို ယုံကြည်မှုရရှိသည်အထိ ကြိုးစားအားထုတ်တတ်အောင် နည်းပေးလမ်းပြ သင်ကြားပေးရန်နှင့် စိတ်ရင်းစေတနာမှန်ဖြင့် လုပ်ငန်းတာဝန်များကို ကြိုးစားဆောင်ရွက်ကြရန်၊ လူငယ်သင်တန်းကျောင်းအနေဖြင့် လက်ရှိရရှိထားသော တက္ကသိုလ်ဝင်တန်း အောင်မြင်မှုကို ဆက်လက်ထိန်းသိမ်းသွားရန်၊ အိမ်တွင်းမှုသင်တန်းတက်ရောက်နေကြသော သင်တန်းသူများအနေဖြင့်လည်း သင်ကြားပေးသည့် အတတ်ပညာများကို တတ်မြောက်အောင် သင်ကြားပြီး အသက်မွေးဝမ်းကျောင်းပြုရန် လိုအပ်ကြောင်း မှာကြားခဲ့ပြီး ကျောင်းသားကျောင်းသူများအတွက် ကျောင်းဝတ်စုံနှင့် ကျောင်းသုံးဗလာစာအုပ်များ ပေးအပ်ကာ သင်တန်းသူများ စက်ချုပ်သင်တန်း တက်ရောက်ပညာသင်ကြားမှု၊ အိပ်ဆောင်၊ စားရိပ်သာနှင့် စားချက်ဆောင်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။



ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်းဝင်းအတွင်း ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့် သုံးထပ်ဆောင် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေး၍ စံချိန်စံညွှန်းပြည့်မီပြီး သတ်မှတ်ချိန်မီပြီးစီးအောင် ဆောင်ရွက်ရေး မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၂ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ







**နေပြည်တော် ဇူလိုင် ၅**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံပိုက်ကျော်ခြင်း အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၂ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားရုံ(C)၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် မန်းငြိမ်းမောင်၊ Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ ဒေါက်တာ ဗညားအောင်မိုး၊ ဦးရွှေကြိမ်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင်အသင်းအုပ်ချုပ်သူ နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ အိုလံပစ် ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိပြည်သူလူထုများ ပိုက်ကျော်ခြင်း အားကစားနည်းကို စိတ်ပါဝင်စားလာစေရန်၊ ပြိုင်ပွဲဝင်အားကစားသမားအချင်းချင်း ချစ်ကြည်ရင်းနှီးမှုရရှိပြီး မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်စေရန်၊ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်လာစေရန်၊ မြန်မာ့ပိုက်ကျော်ခြင်း အားကစား အဆင့်အတန်းတိုးတက် မြင့်မားလာစေရေးကို အထောက်အကူ ပြုစေရန်နှင့် မျိုးဆက်သစ် ပိုက်ကျော်ခြင်း အားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ ယခုပြိုင်ပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း။

**နိုင်ငံ့ဂုဏ်ဆောင်ပေးနိုင်ခဲ့**

ပိုက်ကျော်ခြင်း အားကစားနည်းသည် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ပြည်သူလူထုတစ်ရပ်လုံး စိတ်ပါဝင်စားစွာ ကစားနေသည့် အားကစားနည်းဖြစ်ပြီး အာရှအားကစားပြိုင်ပွဲနှင့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲများတွင်လည်း နိုင်ငံ့ဂုဏ်ဆောင်ပေးနိုင်ခဲ့သည့် အားကစားနည်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်၏ **"အဖိုးနည်းဝန်ပါသင်ကျန်းမာဖို့ ပိုက်ကျော်ခြင်းကစားကြစို့"**ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ကျန်းမာရေးအတွက်ဖြစ်စေ၊ အားကစားအတွက်ဖြစ်စေ လေ့ကျင့်ယှဉ်ပြိုင် ကစားနိုင်သည့် အားကစားနည်းလည်းဖြစ်ကြောင်း။

ပိုက်ကျော်ခြင်း အားကစားနည်းဖြင့် နိုင်ငံတော်အတွက် အာရှနှင့် အရှေ့တောင်အာရှ အားကစား ပြိုင်ပွဲများတွင် ရွှေတံဆိပ် ၂၀၊ ငွေတံဆိပ် ၂၃ ခုနှင့် ကြေးတံဆိပ် ၃၂ ခု စုစုပေါင်း ဆုတံဆိပ် ၇၅ ခု ရယူပေးနိုင်ခဲ့ပြီး ဗီယက်နမ်နိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သည့် (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင်လည်း ရွှေတံဆိပ်တစ်ခုနှင့် ကြေးတံဆိပ်သုံးခုတို့ကို ရရှိကာ နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့ကြောင်း၊ အာရှအဆင့်နှင့် အရှေ့တောင်အာရှအဆင့် အားကစားပြိုင်ပွဲများတွင် ဆက်လက်အောင်မြင်မှုများရရှိစေရန် မြန်မာနိုင်ငံပိုက်ကျော်ခြင်း အဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် အားကစားသမားများက ဆတက်ထမ်းပိုး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြစေလိုကြောင်း။

ယနေ့ ပြည်နယ်နှင့် တိုင်းဒေသကြီး ပိုက်ကျော်ခြင်းပြိုင်ပွဲကို ပါဝင်ယှဉ်ပြိုင်ကြမည့် အားကစားသမား မောင်/မယ်များက မိမိတို့ ကိုယ်စားပြု ယှဉ်ပြိုင်ကြမည့် အသင်းအောင်နိုင်ရေးအတွက် မိမိတို့၏အစွမ်းအစ အရည်အသွေးများကို အစွမ်းကုန်ဖော်ထုတ်ပြသပြီး အားကစားစိတ်ဓာတ်အပြည့်အဝဖြင့် အနိုင်မခံအရှုံးမပေး အကောင်းဆုံးပါဝင်ယှဉ်ပြိုင်စေလိုကြောင်း၊ ယခုပြိုင်ပွဲမှတစ်ဆင့် မြန်မာ့လက်ရွေးစင်အသင်းကို အင်အားဖြည့်တင်းနိုင်မည့် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားကောင်းများ ပေါ်ထွက်လာစေရေးကြိုးစားကြရန် တိုက်တွန်းပြောကြားပြီး ၂၀၂၂ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ပိုက်ကျော်ခြင်းပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

**ရွတ်ဆို**

ထို့နောက် ပြိုင်ပွဲဝင် အားကစားသမားများက အားကစားသစ္စာ ခိဋ္ဌာန်(၄)ချက်ကို ရွတ်ဆိုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်များ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ပြိုင်ပွဲဝင် အသင်းအုပ်ချုပ်သူများနှင့် အားကစားသမားများကို လိုက်လံနှုတ်ဆက်ကြပြီး ယနေ့ပြိုင်ပွဲ ပွဲစဉ်အဖြစ် အမျိုးသားသုံးယောက်တွဲ အသင်းလိုက်ပြိုင်ပွဲ ပွဲစဉ်(၁)တွင် မွန်ပြည်နယ်အသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်း၊ ပွဲစဉ်(၂)တွင် ရခိုင်ပြည်နယ်အသင်းနှင့် ကချင်ပြည်နယ်အသင်း၊ ပွဲစဉ်(၃)တွင် နေပြည်တော်အသင်းနှင့် ဧရာဝတီတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြသည်။ **(အပေါ်ပုံ)**

၂၀၂၂ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ပိုက်ကျော်ခြင်း ပြိုင်ပွဲကို ဇူလိုင် ၅ ရက်မှ ၁၅ ရက်အထိ ဝဏ္ဏသိဒ္ဓိအားကစားရုံ(C) ၌ နေ့စဉ် နံနက် ၈ နာရီမှစတင်၍ ပြိုင်ပွဲဝင် အမျိုးသားအသင်း ၁၅ သင်းနှင့် အမျိုးသမီးအသင်း ၁၃ သင်းတို့မှ ပြိုင်ပွဲဝင်အားကစားသမား ၃၆၈ ဦးတို့သည် အမျိုးသားနှစ်ယောက်တွဲ၊ သုံးယောက်တွဲ အသင်းလိုက်ပြိုင်ပွဲ၊ အမျိုးသား/အမျိုးသမီးနှစ်ယောက်တွဲ၊ သုံးယောက်တွဲအဖွဲ့လိုက် ပြိုင်ပွဲများကို ယှဉ်ပြိုင်ကစားကြမည်ဖြစ်သဖြင့် ပိုက်ကျော်ခြင်းအားကစားနည်းကို စိတ်ပါဝင်စားသည့် ပြည်သူများအနေဖြင့် အခမဲ့ လာရောက် ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကုန်ထုတ်လုပ်မှု၏ ဘေးထွက်ပစ္စည်းများ၊ စွန့်ပစ်ပစ္စည်းများဖြင့် အပင်အာဟာရပျော်ရည် ထုတ်လုပ်အသုံးပြုခြင်း ကွင်းသရုပ်ပြပွဲ ကျင်းပ



**နေပြည်တော် ဇူလိုင် ၅**

စိုက်ပျိုးမွေးမြူရေး ထွက်ကုန်များ ထုတ်လုပ်မှု၏ ဘေးထွက်ပစ္စည်းများ၊ စွန့်ပစ်ပစ္စည်းများဖြင့် အပင်အာဟာရပျော်ရည် ထုတ်လုပ်အသုံးပြုခြင်း ကွင်းသရုပ်ပြပွဲနှင့် နည်းပညာဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းက ပျဉ်းမနား စိုက်ပျိုးရေးသိပ္ပံကျောင်းဝင်း အတွင်း၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦး၊ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် စိုက်ပျိုးမွေးမြူရေးထွက်ကုန်များ ထုတ်လုပ်မှု၏ ဘေးထွက်ပစ္စည်းများ၊ စွန့်ပစ်ပစ္စည်းများဖြင့် ဖော်စပ်ထားသော အပင်အာဟာရပျော်ရည်ကို နေကြာသီးနှံ စိုက်ခင်းများတွင် စမ်းသပ်သုံးစွဲနေမှု၊ သီးနှံဖြစ်ထွန်းမှုနှင့် လုပ်ငန်းမှတ်တမ်းထားရှိမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

**ရှင်းလင်းဆွေးနွေး**

ထို့နောက် စုဝေးဆောင်ခန်းမတွင် စိုက်ပျိုးမွေးမြူရေးထွက်ကုန်များ ထုတ်လုပ်မှု၏ ဘေးထွက်ပစ္စည်းများ၊ စွန့်ပစ်ပစ္စည်းများဖြင့် အပင်အာဟာရပျော်ရည် ထုတ်လုပ်အသုံးပြုခြင်းဆိုင်ရာ အတွေ့အကြုံများ ရှင်းလင်းဆွေးနွေးပွဲကို ကျင်းပသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက သီးနှံပင်များဖြစ်ထွန်းအောင်မြင်ရန် လိုအပ်သော အပင်အာဟာရများကို စိုက်ပျိုးမွေးမြူရေး ထွက်ကုန်များထုတ်လုပ်မှုမှ အလျှံအပယ်ရနေသော ဘေးထွက်ပစ္စည်းများ၊ စွန့်ပစ်ပစ္စည်းများဖြစ်သည့် နှမ်းရိုး၊ စပါးခွံ၊ ကြက်ဥခွံနှင့် ငါးအသားထုတ်လုပ်မှု ဘေးထွက်ပစ္စည်းများမှ ထုတ်လုပ်ထားသည့် သဘာဝအပင်အားဆေးများ၊ သဘာဝမြေသြဇာများကို အကျိုးရှိစွာ ပြန်လည်သုံးစွဲခြင်းဖြင့် ထုတ်လုပ်မှုမြင့်မားလာပြီး တိုးတက်လျက်ရှိသည့် ကမ္ဘာ့လူဦးရေအတွက် စားနပ်ရိက္ခာဖူလုံစေရေးနှင့် ဖန်လုံအိမ်အာနိသင်ကို ဖြစ်ပေါ်စေသည့် ကာဗွန်ထုတ်လွှတ်မှု လျှော့ချရေးကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ နည်းပညာရပ်ဆိုင်ရာ အတွေ့အကြုံများကို ဌာနအတွင်းရှိ ပညာရှင်များနှင့် ပုဂ္ဂလိကပိုင်းမှ အတွေ့အကြုံများ ဆွေးနွေးဖလှယ်ပြီး တောင်သူများ ကျယ်ကျယ်ပြန့်ပြန့် လိုက်ပါအသုံးပြုလာသည်အထိ ပညာပေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ပုဂ္ဂလိကလုပ်ငန်းရှင် ဦးတင်မောင်သန်းက ငါးအမိုင်နိုအက်စစ် ထုတ်လုပ်အသုံးပြုမှု နည်းပညာနှင့် အတွေ့အကြုံများကို တင်ပြဆွေးနွေးရာ အခမ်းအနား တက်ရောက်လာကြသူများက သိရှိလိုသည်များကို အပြန်အလှန်မေးမြန်းဆွေးနွေးကြသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ငါးအမိုင်နိုအက်စစ် မြေသြဇာရည်အပါအဝင် ဇီဝစူပါ၊ အီးအမ်ဘိုကာရှီ၊ ဒိုချက်ကင်၊ ခိုင်တိုစန် စသော သဘာဝမြေသြဇာများအား သုတေသနပြု စမ်းသပ်ဖော်ထုတ်ခြင်းနှင့် နည်းပညာဖြန့်ဖြူးပေးခြင်း လုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ငါးအသားထုတ်လုပ်မှု ဘေးထွက်ပစ္စည်းများမှ ထုတ်လုပ်ထားသည့် ငါးအမိုင်နိုအက်စစ် မြေသြဇာရည်၌ နိုက်ထရိုင်ဂျင်ဓာတ်နှင့် အပင်အတွက် အာဟာရဓာတ်များ ကြွယ်ဝစွာပါဝင်ကြောင်း၊ လွယ်ကူရိုးရှင်းစွာ ဖော်စပ်သုံးစွဲနိုင်ကာ ကုန်ကျစရိတ်သက်သာသဖြင့် တောင်သူများအတွက် လက်တွေ့ကျကျ အထောက်အကူပြုနိုင်မည့် သဘာဝမြေသြဇာဖြစ်၍ နည်းပညာပြန့်ပွားရေးနှင့် အသိပညာပေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ပျဉ်းမနားမြို့ ပေါင်းလောင်း အားကစားကွင်း၌ ကျင်းပသည့် ဌာနပေါင်းစုံ အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ၏ ကိုယ်စားပြုအသင်းများ ပါဝင်ယှဉ်ပြိုင်ကြမည့် အဆိုပါအမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကား ပြောကြားပြီး ပြိုင်ပွဲဝင်အသင်းများ၏ ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သူနာပြုအုပ် / ဦးစီးအရာရှိ(သူနာပြု) အဆင့်သို့ ရာထူးတိုးမြှင့်ခန့်ထားသည့် အမိန့်ကြော်ငြာစာများ ပေးအပ်ပွဲကျင်းပ




နေပြည်တော် ဇူလိုင် ၅

သူနာပြုအုပ်/ဦးစီးအရာရှိ(သူနာပြု)အဆင့်သို့ ရာထူးတိုးမြှင့်ခန့်ထားသည့် အမိန့်ကြော်ငြာစာများ ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ကျန်းမာရေးဝန်ကြီးဌာန ရုံးအမှတ်(၄) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက ယနေ့တွင် သူနာပြုကြီးရာထူးများမှ သူနာပြုအုပ်/ ဦးစီးအရာရှိ (သူနာပြု)၊ တာဝန်ခံသူနာပြုအရာရှိ/ ဒုတိယသူနာပြုအုပ်အဖြစ် ရာထူးတိုးမြှင့်ခန့်ထားခံရသူ ၁၅၀ ကို ရာထူးတိုးမြှင့်ခန့်ထားသည့် အမိန့်ကြော်ငြာစာများ ပေးအပ်ခြင်းဖြစ်ကြောင်းနှင့် သူနာပြုကြီးများက သူနာပြုအရာရှိများအဖြစ် ထိုက်ထိုက်တန်တန် ရာထူးတိုးမြှင့်ခံရသူအားလုံးကို ဂုဏ်ပြုကြောင်း။

## ချီးမြှင့်ပေး

နိုင်ငံတော်အစိုးရအနေဖြင့် ကျန်းမာရေးကဏ္ဍကို အထူးဦးစားပေး၍ ချီးမြှင့်ပေးလျက်ရှိရာတွင် ဝတ်စုံစရိတ်၊ စားစရိတ်၊ ညဂျူတီစရိတ်၊ ဘွဲ့လွန်ပညာရှင်ချီးမြှင့်ငွေ စသဖြင့် ချီးမြှင့်ပေးလျက်ရှိကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် သူနာပြုများကို အရာရှိများဖြစ်စေရန် စီစဉ်ရာတွင် ဦးစီးဌာနများအကြား တစ်ပြေးညီဖြစ်စေရေး အချိန်ယူ၍ အဘက်ဘက်မှ စနစ်တကျစုစည်းဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း၊ တစ်နှစ်တာစွမ်းဆောင်ရည်အကဲဖြတ်မှတ်တမ်းများအပေါ်ဆန်းစစ်၍ စုစုပေါင်း ၁၅၀ ကို သူနာပြုအရာရှိများအဖြစ် စနစ်တကျရာထူးတိုးမြှင့်ခန့်ထားခဲ့ခြင်းဖြစ်ကြောင်း၊ ရာထူးတိုးမြှင့်ရန် ကျန်ရှိသည့် သူနာပြုကြီးများအတွက်လည်း ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း။

ရာထူးတိုးမြှင့်ခံရသည့် သူနာပြုအုပ်/ ဦးစီးအရာရှိ (သူနာပြု)၊ တာဝန်ခံသူနာပြုအရာရှိ/ ဒုတိယသူနာပြုအုပ်များသည် သက်ဆိုင်ရာဆေးရုံ/ဌာနများတွင် အုပ်ချုပ်စီမံမှုအပိုင်းသာမက လူနာပြုစုမှုလုပ်ငန်းများကို ကိုယ်တိုင်ဦးဆောင်ပါဝင်၍ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အရည်အသွေးပြည့်မီပြီး ဘေးကင်းလုံခြုံသော ကျန်းမာရေးစောင့်ရှောက်မှုများရရှိစေရန် ပိုမိုထိရောက်သော စီမံခန့်ခွဲမှု၊ ဦးဆောင်မှုပြုလုပ်ဆောင်ရွက်ကြ၍ ရလဒ်ကောင်းများ မြင့်မားစွာရရှိစေရန်အတွက် ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် နိုင်ငံတော်၏ကျေးဇူးသစ္စာကို စောင့်သိရိုသေကြရန်နှင့် သူနာပြုအချင်းချင်း စည်းလုံးညီညွတ်၍ အခြားကျန်းမာရေးဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်ကြရန်၊ ခေါင်းဆောင်မှုအရည်အသွေး၊ စီမံခန့်ခွဲမှုအရည်အသွေး ပိုမိုတိုးတက်ကောင်းမွန်အောင် အမြဲကြိုးစားအားထုတ်ကြ၍ သူနာပြုစုမှုအရည်အသွေး ပိုမိုတိုးတက်ကောင်းမွန်အောင် ကြိုးစားဆောင်ရွက်ကြရန်၊ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ပြည်သူလူထုတစ်ရပ်လုံး၏ ကျန်းမာရေးကို ပိုမိုမြင့်မားလာအောင် စွမ်းဆောင်ကြရန် အလေးအနက်မှာကြားလိုကြောင်း ပြောကြားသည်။

## လက်ခံရယူ

ဆက်လက်၍ အစီအစဉ်အရ သူနာပြုအုပ်/ ဦးစီးအရာရှိ (သူနာပြု)၊ တာဝန်ခံသူနာပြု အရာရှိ/ ဒုတိယသူနာပြုအုပ်များအား ရာထူးတိုးမြှင့်ခန့်ထားသည့် အမိန့်ကြော်ငြာစာများကို ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ပေးအပ်ကြပြီး ရာထူးတိုးမြှင့်ခံရသူများက လက်ခံရယူသည်။ ထို့နောက် ရာထူးတိုးမြှင့်ခံရသူများကိုယ်စား ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ သူနာပြုအုပ် နော်သဇင်ကျော်က ကျေးဇူးတင်စကား ပြောကြားသည်။ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် သူနာပြုများကို ရာထူးတိုးမြှင့်ခန့်ထားရာတွင် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှ လုပ်သက်ရင့်သူနာပြုများကို စိစစ်ရွေးချယ်၍ တစ်နှစ်တာ လုပ်ငန်းစွမ်းဆောင်ရည်အကဲဖြတ်မှတ်တမ်းပေါ်မူတည်ကာ ရာထူးတိုးမြှင့်ပေးခဲ့ခြင်းဖြစ်ပြီး ရာထူးတိုးမြှင့်ခံထားရသည့် သူနာပြုအရာရှိများကို နေပြည်တော် ကုသရေးဦးစီးဌာန၌ ဇူလိုင် ၅ ရက်နှင့် ၆ ရက်တို့တွင် သူနာပြုစုမှုဆိုင်ရာ စီမံခန့်ခွဲမှုသင်တန်းကို ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးရဲတင့် လင်းခေး၊ မောက်မယ်၊ ဆီဆိုင်၊ တောင်ကြီးမြို့တို့ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများ၊ ထပ်ဆင့်လွှင့်စက်ရုံမှ ဝန်ထမ်းများနှင့် တွေ့ဆုံ

တောင်ကြီး ဇူလိုင် ၅

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ဇူလိုင် ၃ ရက် မွန်းလွဲပိုင်းတွင် လင်းခေးမြို့ရှိမြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကိုကြည့်ရှုစစ်ဆေးခဲ့ပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မိုင်းပန်မြို့နယ်နှင့် ကျိုင်းတောင်းမြို့တို့မှ ဦးစီးမှူးများနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံမှူးတို့ကို တွေ့ဆုံသည်။

ဇူလိုင် ၄ ရက်တွင် ဒုတိယဝန်ကြီးသည် မောက်မယ်မြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကို ကြည့်ရှုစစ်ဆေးခဲ့ပြီး မောက်မယ်မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ခရိုင်ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံမှူးတို့ကို တွေ့ဆုံသည်။

ထို့နောက် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌ ဦးခွန်ရဲထွေး၊ ဒေသစီမံခန့်ခွဲရေးအဖွဲ့များ၊ ခရိုင်နှင့် မြို့နယ်မှ တာဝန်ရှိသူများနှင့်အတူ ဆီဆိုင်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ပြည်သူ့စာကြည့်တိုက်ကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ဆီဆိုင်(နောင်ထော်) ထပ်ဆင့်လွှင့်စက်ရုံမှ စက်ရုံမှူးတို့ကို တွေ့ဆုံကာ ကျောက်တလုံးကြီးမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးကို ကြည့်ရှုစစ်ဆေးသည်။





ဒုတိယဝန်ကြီး ဦးရဲတင့် တောင်ကြီးမြို့ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းတွင် ပြည်နယ်နှင့် ခရိုင်တို့မှ တာဝန်ရှိသူများ၊ အခြေခံပညာဦးစီးဌာနမှ ပညာရေးမှူးများ၊ ကျောင်းအုပ်ဆရာမကြီးများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား အမှာစကားပြောကြားစဉ်။

ဒုတိယဝန်ကြီးသည် ယနေ့နံနက်ပိုင်းတွင် တောင်ကြီးမြို့ရှိမြန်မာ့အသံနှင့်ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ဒုတိယဝန်ကြီးက ဝန်ထမ်းများနှင့် တွေ့ဆုံစဉ် ဝန်ထမ်းကောင်းများဖြစ်အောင် သစ္စာရှိရှိ တာဝန်သိသိဖြင့် ဆောင်ရွက်ကြရန်၊ အလှမ်းကွာဝေးသောဒေသများဖြစ်၍ ဌာနဆိုင်ရာအကြီးအကဲများ မရောက်ရှိနိုင်သောကြောင့် မိမိတို့ကိုယ်တိုင်၏ အသိစိတ်ဖြင့် ထိုးထွင်းကြံဆဆောင်ရွက်ကြရန်၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်ကြရန်၊ လူငယ်လူရွယ်များနှင့် ကျောင်းသား ကျောင်းသူများအကြား အသိပညာဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးဆောင်ရွက်ကြရန်၊ ရုံးအဆောက်အအုံများ၊ စာအုပ်စာစောင်များနှင့် ရုံးသုံးပစ္စည်းများ လျော့နည်းပျက်စီးပျောက်ဆုံးမှုမရှိအောင် စစ်ဆေးကြပ်မတ် ဆောင်ရွက်ကြရန် မှာကြားသည်။

ဒုတိယဝန်ကြီးသည် ခရီးစဉ်အတွင်း ဇူလိုင် ၅ ရက်က လင်းခေးမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် လည်းကောင်း၊ တောင်ကြီးမြို့ အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်းတွင် လည်းကောင်း ပြည်နယ်နှင့် ခရိုင်တို့မှ တာဝန်ရှိသူများ၊ အခြေခံပညာဦးစီးဌာနမှ ပညာရေးမှူးများနှင့်အတူ ကျောင်းအုပ်ဆရာမကြီးများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား တွေ့ဆုံ၍ ပညာတတ် လူတော်လူကောင်းများဖြင့်သာ နိုင်ငံတော်ကို ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်နိုင်မည်ဖြစ်၍ ဗလငါးတန်ပြည့်ဝသည့် လူငယ်များဖြစ်အောင် ကြိုးစားကြရန် မှာကြားသည်။

ထို့နောက် ကျောင်းစာကြည့်တိုက်များအတွက် ပြန်ကြားရေးဝန်ကြီးဌာနမှ စာအုပ်စာစောင်များနှင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ ပေးအပ်သည့် အားကစားပစ္စည်းများကို ပေးအပ်ပြီး ဆရာ ဆရာမနှင့် ကျောင်းသားကျောင်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# အုတ်တွင်းမြို့နယ်၌ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အသိပညာပေးအစီအစဉ် ဆောင်ရွက်

အုတ်တွင်း ဇူလိုင် ၅

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်၌ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အသိပညာပေးအစီအစဉ်ကို ယနေ့နံနက် ၁၀ နာရီက အခြေခံပညာအထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးညီညီက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်နီနီရွှေက ကလေးသူငယ်အခွင့်အရေးကို ကိုယ်တိုင်သိရှိနားလည်ရေးခေါင်းစဉ်ဖြင့် လည်းကောင်း၊ ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသန်းထွန်းအောင်က ကြိုတင်ကာကွယ် သဘာဝဘေးအန္တရာယ် ခေါင်းစဉ်ဖြင့် လည်းကောင်း၊ အသိပညာပေးဆွေးနွေးကြသည်။

အဆိုပါ အသိပညာပေးအစီအစဉ်သို့ မြို့နယ်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြကာ ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးပေးကြပြီး ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ လက်ကမ်းစာစောင်များနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **ခင်ခင်မာ(ပြန်/ဆက်)**



# (၇)ကြိမ်မြောက် မဲခေါင် - လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ခဲ့သည့် အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့များ မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာ

**နေပြည်တော် ဇူလိုင် ၅**

(၇)ကြိမ်မြောက် မဲခေါင် – လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ခဲ့သည့် ကမ္ဘောဒီးယားဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး မစ္စတာ ပရပ်ဆုတ်ခွန်း၊ လာအိုဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆလမ်မုဆေ ကိုမာဆစ်တို့ ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့များသည် ယနေ့နံနက်ပိုင်းတွင် ပုဂံမြို့ရှိ ညောင်ဦးလေဆိပ်မှ ပြန်လည်ထွက်ခွာသွားကြသည်။

အဆိုပါ ကိုယ်စားလှယ်အဖွဲ့များအား နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်၊ မန္တလေးတိုင်းဒေသကြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးမျိုးအောင်နှင့် ဌာနဆိုင်ရာအကြီးအကဲများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ထို့ပြင် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးနှင့် အာဆီယံဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ် မစ္စတာပရပ်ဆုတ်ခွန်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားရာ နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဖြိုးဝင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်သည်။

သတင်းစဉ်



# (၅၆)ကြိမ်မြောက် အာဆီယံခရီးသွားလုပ်ငန်းအာဏာပိုင်အဖွဲ့ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပ

**နေပြည်တော် ဇူလိုင် ၅**

(၅၆)ကြိမ်မြောက် အာဆီယံခရီးသွားလုပ်ငန်းအာဏာပိုင်အဖွဲ့ အစည်းအဝေးကို ယနေ့ နံနက် ၈ နာရီခွဲတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် လာအိုနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပသည်။

အစည်းအဝေးကို အင်ဒိုနီးရှားနိုင်ငံမှဥက္ကဋ္ဌနှင့် လာအိုနိုင်ငံမှ ဒုတိယဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အာဆီယံခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့ခေါင်းဆောင်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်များ၊ အာဆီယံဆိုင်ရာ အဖွဲ့အစည်းများဖြစ်သည့် အာဆီယံ–တရုတ်ဗဟိုဌာန၊ အာဆီယံ–ဂျပန်ဗဟိုဌာန၊ အာဆီယံ – ကိုရီးယားဗဟိုဌာန၊ အာဆီယံခရီးသွားလုပ်ငန်းအသင်း၊ အာဆီယံခရီးသွားလုပ်ငန်းသုတေသနအဖွဲ့၊ အမေရိကန်–အာဆီယံစီးပွားရေးကောင်စီ၊ နိုင်ငံတကာ ခရီးသွားလုပ်ငန်းအဖွဲ့အစည်းများဖြစ်သည့် ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၊ ကမ္ဘာ့ခရီးသွားလုပ်ငန်းကောင်စီ၊ ပစိဖိတ်–အာရှ ခရီးသွားလုပ်ငန်းအဖွဲ့တို့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ ခရီးသွား လုပ်ငန်းအာဏာပိုင်အဖွဲ့ခေါင်းဆောင်၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော် ဦးဆောင်၍ ဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင်အာဆီယံခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်မှု မူဘောင်အရ မြန်မာနိုင်ငံအပါအဝင် သက်ဆိုင်ရာ ဦးဆောင်နိုင်ငံများမှ ဆောင်ရွက်လျက်ရှိသည့် အာဆီယံ ခရီးသွားလုပ်ငန်း မဟာဗျူဟာစီမံကိန်း(၂၀၁၆–၂၀၂၅) အကောင်အထည်ဖော်မှု၊ ခရီးသွားလုပ်ငန်း ဈေးကွက်မြှင့်တင်ရေး မဟာဗျူဟာ (၂၀၂၁–၂၀၂၅) အကောင်အထည်ဖော်ဆောင်မှု၊ အာဆီယံ ခရီးသွားလုပ်ငန်း ကျွမ်းကျင်ပညာရှင်များ အပြန်အလှန်အသိအမှတ်ပြုရေး အစီအစဉ်အရ လုပ်ငန်းစီမံကိန်း (၂၀၁၉– ၂၀၂၃) အကောင်အထည်ဖော်ဆောင်မှု၊ ကိုဗစ်–၁၉ အလွန် ခရီးသွားလုပ်ငန်း ပြန်လည်ဦးမော့လာစေရေး လုပ်ငန်းအစီအစဉ် အကောင်အထည်ဖော်ဆောင်ရွက်မှု၊ အာဆီယံဗဟိုဌာနများဖြစ်သည့် အာဆီယံ–တရုတ်ဗဟိုဌာန၊ အာဆီယံ–ဂျပန်ဗဟိုဌာန၊ အာဆီယံ–ကိုရီးယားဗဟိုဌာနများ၏ အာဆီယံဒေသတွင်း ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှု၊ အာဆီယံနှင့် ဆက်စပ်နိုင်ငံတကာ အဖွဲ့အစည်းများမှ ကိုဗစ်–၁၉ အလွန် ဒေသတွင်း ခရီးသွားလုပ်ငန်းများ ပြန်လည်ဖွင့်လှစ်ခြင်းဖြင့် ခရီးသွားလုပ်ငန်းများ ပြန်လည်ဦးမော့လာစေရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများကို ဆွေးနွေးညှိနှိုင်းကြသည်။

ထို့အပြင် ယခုကျင်းပသည့် (၅၆)ကြိမ်မြောက် အာဆီယံခရီးသွားလုပ်ငန်းအာဏာပိုင်အဖွဲ့ အစည်းအဝေးနှင့်အတူ ဆက်စပ် အစည်းအဝေးများဖြစ်သည့် (၄၁)ကြိမ်မြောက် အာဆီယံ+တရုတ်၊ ဂျပန်၊ ကိုရီးယားခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့အစည်းအဝေးနှင့် (၂၈)ကြိမ်မြောက် အာဆီယံ–အိန္ဒိယ ခရီးသွားလုပ်ငန်းအဖွဲ့အစည်းအဝေးများကို ဇူလိုင် ၆ ရက်တွင် ဆက်လက်ကျင်းပ၍ အာဆီယံဒေသတွင်း လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ သတင်းအချက်အလက်မျှဝေရေး၊ ခရီးသွားလုပ်ငန်း မြှင့်တင်ရေး၊ ပြည်သူအချင်းချင်း ကူးလူးဆက်သွယ်ရေး၊ အာဆီယံဒေသတွင်းခရီးသွားလုပ်ငန်းများ ပြန်လည်ထူထောင်ရေးနှင့် ဘေးကင်းလုံခြုံ၍ အရည်အသွေးပြည့်ဝသော ခရီးသွားလုပ်ငန်းများ ပြန်လည်ဖွင့်လှစ်ရေး လုပ်ငန်းစဉ်များတွင် မိတ်ဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်နေမှုများ အပါအဝင် ရှေ့လုပ်ငန်းစဉ်များကို ဆက်လက်ညှိနှိုင်းဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်




(၅၆)ကြိမ်မြောက် အာဆီယံခရီးသွားလုပ်ငန်းအာဏာပိုင်အဖွဲ့ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပစဉ်။




# တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ယွမ် ၆ သန်းကျော် တန်ဖိုးရှိ ကိုဗစ်ရောဂါ ထိန်းချုပ်ကုသရေး အထောက်အကူပြုပစ္စည်းများ လှူဒါန်း

**ထိန်ချုံး ဇူလိုင် ၅**

ကိုဗစ်–၁၉ ကူးစက်ပြန့်ပွားမှုကာကွယ်တိုက်ဖျက်ရာ၌ အထောက်အကူဖြစ်စေရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံက မြန်မာနိုင်ငံ ကချင်ပြည်နယ် အစိုးရသို့ လှူဒါန်းသည့် ယွမ်ငွေ ၆ သန်းကျော် တန်ဖိုးရှိ ကိုဗစ်–၁၉ ရောဂါ ထိန်းချုပ်ကုသရေး အထောက်အကူပြုပစ္စည်းများ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ယနေ့တွင် ယူနန်ပြည်နယ် ပေါင်စန်းပြည်နယ်ခွဲ ထိန်ချုံးမြို့၌ ကျင်းပသည်။

အခမ်းအနားတွင် ယူနန်ပြည်နယ် ပေါင်စန်းပြည်နယ်ခွဲ ဒုတိယအုပ်ချုပ်ရေးမှူး Mr. Cheng Dejun က လှူဒါန်းသည့် ပစ္စည်းများကို လွှဲပြောင်းပေးအပ်ပြီး မြန်မာနိုင်ငံကိုယ်စား ကူမင်းမြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံး ကောင်စစ်ဝန်ချုပ် ဦးသော်တာအောင်က လက်ခံရယူသည်။

ထို့နောက် ပေါင်စန်းပြည်နယ်ခွဲ ဒုတိယအုပ်ချုပ်ရေးမှူး Mr. Cheng Dejun က လှူဒါန်းရခြင်းအကြောင်းရင်းကို ရှင်းလင်းပြောကြားပြီး မြန်မာကောင်စစ်ဝန်ချုပ် ဦးသော်တာအောင်က ကျေးဇူးတင် စကားပြောကြားသည်။

အဆိုပါ ကိုဗစ်–၁၉ ရောဂါထိန်းချုပ်ကုသရေး အထောက်အကူပြုပစ္စည်းများကို ကချင်ပြည်နယ်သို့ နယ်စပ်ဂိတ်မှတစ်ဆင့် မော်တော်ယာဉ်များဖြင့် ပို့ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ပူနွေးကမ္ဘာ တားဆီးရာ ဖြေရှာတစ်ခု တောပြုစု။

# မိုးစပါးဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြစိုက်ခင်းများအတွက် စိုက်ပျိုးရေးဆိုင်ရာ သွင်းအားစုများ ထောက်ပံ့

ကော့သောင်း ဇူလိုင် ၅

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန၏ ကော့သောင်းခရိုင် ၂၀၂၂ ခုနှစ် မိုးစပါးဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြစိုက်ခင်းများအတွက် စိုက်ပျိုးရေးဆိုင်ရာသွင်းအားစုများ ထောက်ပံ့ပေးအပ်ပွဲကို ဇူလိုင် ၂ ရက်က ကော့သောင်းမြို့ မဥ္ဇူသကပြည်သူ့ခန်းမ၌ ကျင်းပခဲ့ရာ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီးဝန်ကြီးများ တက်ရောက်ချီးမြှင့်ခဲ့ကြောင်း သိရသည်။



အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က တနင်္သာရီတိုင်းဒေသကြီးသည် ဒေသဝမ်းစာဖူလုံမှု ၇၀ ဒသမ ၀၇ ရာခိုင်နှုန်းသာရှိပြီး စပါးတစ်ဧကပျမ်းမျှ အထွက်နှုန်းသည် ၇၀ ဒသမ၂၉ တင်းထွက်ရှိကြောင်း၊ ဒေသဝမ်းစာရာနှုန်းပြည့်ဖူလုံစေရန် တစ်ဧကအထွက်နှုန်းတိုးတက်ရန် လိုအပ်ကြောင်း၊ တောင်သူများအနေဖြင့် ရေရရှိနိုင်မှုအပေါ်မူတည်ကာ တစ်သီးမှ နှစ်သီး၊ သုံးသီးစိုက် ဧရိယာများရရှိဖော်ဆောင် ကြိုးပမ်းစိုက်ပျိုးမှသာ ဒေသစီးပွားဖွံ့ဖြိုးကာ အလုပ်အကိုင်အခွင့်လမ်းများ ရရှိလာမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တနင်္သာရီတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးသန်းထိုက်က ကော့သောင်းခရိုင်ရှိ ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာများအတွက် မိုးစပါးသီးနှံမှ သွင်းအားစုဖြစ်သော ဓာတ်မြေဩဇာ၊ မျိုးစေ့နှင့် ပိုးသတ်ဆေးများ ထောက်ပံ့ပေးအပ်ရခြင်းကိုရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများက မိုးစပါးစိုက်တောင်သူများအား ဓာတ်မြေဩဇာ၊ မျိုးစေ့နှင့် ပိုးသတ်ဆေးများ ထောက်ပံ့ပေးအပ်သည်။

ယနေ့ထောက်ပံ့ပေးအပ်သည့် သွင်းအားစုများ အဖြစ် ကော့သောင်းခရိုင်နှင့် ဘုတ်ပြင်းခရိုင်တို့မှ တောင်သူ ၇၃ ဦး၏ ၅၃၈ ဒသမ၂၅ ဧကအတွက် မျိုးစပါးတင်း ၄၂၀၊ ဓာတ်မြေဩဇာအိတ် ၄၂၀ နှင့် ပိုးသတ်ဆေး ၅၃၈ လီတာကို ထောက်ပံ့ပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကုန်သည်များ၊ စက်မှုလက်မှုလုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေး

မုံရွာ ဇူလိုင် ၅

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကုန်သည်များ၊ စက်မှုလက်မှုလုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က စစ်ကိုင်းတိုင်းဒေသကြီး အနေဖြင့် စိုက်ပျိုးရေးကို အခြေခံသည့် တိုင်းဒေသကြီးတစ်ခု ဖြစ်ပြီး လယ်ယာကဏ္ဍတွင် ဆန်၊ စားသုံးဆီပဲမျိုးစုံ ဖူလုံမှုမြင့်မားသည့်အတွက် စိုက်ပျိုးရေးအားကောင်းသော တိုင်းဒေသကြီးတစ်ခုဖြစ်ကြောင်း၊ သီးနှံစိုက်တောင်သူများအတွက် ပြည်တွင်းထုတ် ယူရီးယား ဓာတ်မြေဩဇာများအား ဈေးနှုန်းချိုသာစွာဖြင့် အရေအတွက်များစွာ ဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်ပေးခြင်း၊ လယ်ယာထွက်ကုန်သီးနှံများ ဈေးကွက်ဈေးနှုန်း တည်ငြိမ်မှုရှိစေရေးအတွက် သက်ဆိုင်ရာ အသင်း အဖွဲ့အစည်းများကို ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး အတွင်းရှိ စက်မှုလက်မှုလုပ်ငန်းရှင်များအနေဖြင့် မိမိတို့လုပ်ငန်းများတွင် အခက်အခဲရှိပါက ရင်းရင်းနှီးနှီး၊ ပွင့်ပွင့်လင်းလင်း ဆွေးနွေးတင်ပြပေးရန် ပြောကြားလိုကြောင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများကလည်း အသင်းအဖွဲ့၊ လုပ်ငန်းရှင်များကတင်ပြလာသည့် အခက်အခဲများကို ညှိနှိုင်းပေါင်းစပ်ဖြေရှင်းပေးသွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။



ယင်းနောက် ဆွေးနွေးပွဲသို့ တက်ရောက်လာကြသော ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များက မိမိတို့လုပ်ကိုင်ဆောင်ရွက်နေသော လုပ်ငန်းအခက်အခဲများနှင့် လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြပြီး တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များက ဆွေးနွေးတင်ပြချက်များအပေါ် ပေါင်းစပ်ကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်းနှင့် မိမိတို့တာဝန်ယူဆောင်ရွက်နေသည့် လုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ၏ ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးကာ နိဂုံးချုပ်စကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး (ပြန်/ဆက်)

## တက်လူငယ် မောင်မယ်များ

❄ တက်လူငယ် မောင်မယ်များက
နောင်ရှယ်အား ရတနာ
အားနှင့်ထီးပါ၊
စရိုက်အကျင့် ကြည်ချိုသာ
မှီခိုစရာ သမီးသား။
အကြံအစည် ဉာဏ်ရည်ထက်တယ်
တက်ကြွသူများ။

❄ တက်လူငယ် မောင်မယ်များက
နုနယ်ထွား ရှယ်လူးပျို၊
ရောင်ခြည်ဖြာ တက်နေဝန်းသို့
ရွှန်းလက်လို့စို၊
ဘဝစပြီမို့
အလှက ရှင်ချို
ပင်ကိုက ယဉ်ကျေး။
မျိုးမြန်မာ ဂုဏ်ရည်တိုးစေမယ့်
ဘိုးဘွားတို့သွေး။

❄ တက်လူငယ် မောင်မယ်များက
တိုးပွားတဲ့ ဇာတိမာန်
မျိုးချစ်စိတ်သန်၊
သွက်လက်လို့ လျင်မြန်
အမြင်မှန် အတွေးမြင့်။
အမှားရှောင် အမှောင်ရှားနိုင်တဲ့
နားမျက်စိပွင့်။

❄ တက်လူငယ် မောင်မယ်များက
နိုးကြားလို့ ကြိုးစားသည်
ဖြောင့်မတ်တည်ကြည်၊
ထက်မြက်တဲ့စွမ်းရည်
ခိုင်ကျည်တဲ့စိတ်ထား။
ကိုယ့်ရိုးရာ သွေမပစ်ပါဘူ
ကိုယ့်အမျိုးဘာသာ
အမွေအနှစ်ကိုလ
ချစ်ကြသူများ။ ။

ရေနံ့သာမောင်ကျော်ညွန့်

# မိုးညိုမြို့နယ်၌ ရေဘေးအန္တရာယ်သင်္ဘောတူ ဓာတ်တိုက်လေ့ကျင့်

မိုးညို ဇူလိုင် ၅

ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ် ထွင့်မြတ်စံပြကျေးရွာ၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့နှင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနတို့ ပူးပေါင်း၍ ရေဘေးအန္တရာယ်သဏ္ဍာန်တူ ဓာတ်တိုက်လေ့ကျင့်ခြင်းနှင့် ဟောပြောပွဲကို ယမန်နေ့နံနက်ပိုင်းတွင် ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် သာယာဝတီခရိုင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစန်းဝင်းက အဖွင့်အမှာစကားပြောကြားခဲ့သည်။

ထို့နောက် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်ဝင်းဝင်းမာက ရေဘေးအန္တရာယ်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ရေဘေးအန္တရာယ်သဏ္ဍာန်တူ ဓာတ်တိုက်လေ့ကျင့်ခြင်းကို ဆောင်ရွက်ခဲ့ရာ သဘာဝဘေးကြုံတွေ့လာပါက သတင်းပို့ခြင်း၊ သတိပေးကြေညာခြင်း၊ ရေဘေးသင့်ပြည်သူများအား ကယ်ဆယ်ခြင်း၊ ဆေးကုသမှုဆောင်ရွက်ပေးခြင်း၊ ရေနစ်သူအားကယ်ဆယ်၍ ရှေးဦးသူနာပြုစုခြင်းများကို ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ မြို့နယ်မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့တို့က ဦးဆောင်၍ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများက ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ကိုမင်း(ပြန်/ဆက်)

# ကော်ဖီမြို့တော် ပြင်ဦးလွင်ဖြစ်စေရန် အထောက်အပံ့ပြုမည့် ပြင်ဦးလွင်ကော်ဖီဥယျာဉ် ပွေးတောင်

**ရွှေယွန်း**

နေ့စဉ်လူမှုဘဝ၌ ရုန်းကန်လှုပ်ရှားမှုအကြား မောပန်းလာသည့်အခါ အေးချမ်းသာယာသည့်နေရာများတွင် အပန်းဖြေအနားယူလိုကြသည်။ အေးချမ်းမှုဖြင့် အနားယူရင်း ခါးဆိမ့်သော ကော်ဖီတစ်ခွက်သောက်ရင်း ပင်ပန်းမှုကို ဖြေလျှော့လိုကြသည်။ ထိုကဲ့သို့ ခရီးသွားရင်း ကော်ဖီရနံ့ဖြင့် အပန်းဖြေနိုင်ရန်အတွက် ခရီးသွားမြို့တော် ပြင်ဦးလွင်ကို ကော်ဖီမြို့တော်ပါ ဖြစ်လာစေရန်ရည်ရွယ်ပြီး စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်နေပြီဖြစ်သည်။

**ကော်ဖီစိုက်ဧက ၁၀၀၀၀ ခန့်ရှိ**

ပြင်ဦးလွင်မြို့သည် မြို့၏ သဘာဝအလှအပနှင့် အေးချမ်းသည့်ရာသီဥတုကြောင့် ခရီးသွားမြို့တော်တစ်ခုအဖြစ် ပြည်တွင်း၊ ပြည်ပ ခရီးသွားများအကြား ထင်ရှားပြီးဖြစ်သည်။ ထိုသို့ ခရီးသွားများအကြား ထင်ရှားသည့် ပြင်ဦးလွင်ဒေသသည် ကော်ဖီစိုက်ဒေသတစ်ခုဖြစ်သည်။ ပြင်ဦးလွင်ဒေသတွင် ကော်ဖီစိုက်ဧက ၁၀၀၀၀ ခန့်ရှိပြီး ပြင်ဦးလွင်ကော်ဖီသည် ဈေးကွက်အတွင်း နာမည်ရရှိနေပြီဖြစ်သည်။ ထို့ကြောင့် ကော်ဖီမြို့တော် ပြင်ဦးလွင်အဖြစ် ပိုမိုထင်ရှားစေရန် ကော်ဖီနည်းပညာဖွံ့ဖြိုးရေးခြံ(ပွေးတောင်)ကို ပြင်ဦးလွင်ကော်ဖီဥယျာဉ်(Pyin Oo Lwin Coffee Park) အဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်သည်။

"ကော်ဖီဥယျာဉ်ကို လာလည်ရင်း ဒေသရဲ့သဘာဝအလှအပကို ခံစားတာအပြင် ဒေသထွက်ကော်ဖီကို သောက်သုံးရင်း ခရီးသွားတွေကို အပန်းဖြေလန်းဆန်းမှုပေးချင်တာဖြစ်ပါတယ်။ တစ်ဖက်ကလည်း ပြင်ဦးလွင်ကော်ဖီဆိုတာ နိုင်ငံတကာအဆင့်အတန်းမီပြီးတော့ ကမ္ဘာ့ဈေးကွက်မှာ နေရာရရှိပြီးဖြစ်တဲ့အတွက် ရရှိပြီးသားနေရာကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဆောင်ရွက်ချင်တာဖြစ်ပါတယ်။ ကော်ဖီစိုက်ပျိုးရေးကို အခြေခံတဲ့ ခရီးသွားလည်ပတ်စရာနေရာတစ်ခုအဖြစ် ဆောင်ရွက်ချင်ပါတယ်။ ဒါကြောင့် ခရီးသွားဒေသအဖြစ်၊ ကော်ဖီမြို့တော်အဖြစ် ဖြစ်လာစေချင်တာကြောင့် ဥယျာဉ်ထဲမှာ သဘာဝအလှအပ ခံစားနိုင်အောင်၊ ကော်ဖီယဉ်ကျေးမှုကို လေ့လာနိုင်အောင် စီစဉ်ဆောင်ရွက်နေပါတယ်"ဟု စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီ–ရာသီသီးနှံဌာနခွဲ ညွှန်ကြားရေးမှူး ဦးမြင့်ဆွေက ပြောကြားသည်။







သက်တမ်းရင့် လိုက်ဘေးရီးကားကော်ဖီပင်

ယခု ပြင်ဦးလွင်ကော်ဖီဥယျာဉ် (Pyin Oo Lwin Coffee Park) အဖြစ် တည်ဆောက်နေသော ကော်ဖီနည်းပညာဖွံ့ဖြိုးရေးခြံ (ပွေးတောင်) သည် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ မန္တလေး–လားရှိုးကားလမ်းမကြီးဘေးတွင် တည်ရှိပြီး ဧရိယာအားဖြင့် ၃၈၆ ဒသမ ၃ ဧကကျယ်ဝန်းပြီး မြန်မာ့ကော်ဖီကို ကမ္ဘာက သိလာစေရန် အထောက်အပံ့များစွာပြုနိုင်ခဲ့သည့် ကော်ဖီခြံတစ်ခုဖြစ်သည်။

"လက်ရှိမှာ ပွေးတောင်ကော်ဖီခြံကို ပြင်ဦးလွင်ကော်ဖီဥယျာဉ်အဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းစဉ်မှာ Coffee Knowledge Center လည်းပါဝင်တဲ့အတွက် မြေပြင်မှာ ကော်ဖီ စိုက်ပျိုးထုတ်လုပ်တာကစပြီး စားသုံးသူလက်ဝယ်ရောက်ရှိတဲ့ (Farm to Cup)အဆင့်အထိ ပညာပေး ဆောင်ရွက်မယ့် လုပ်ငန်းစဉ်တွေ၊ မြန်မာ့ကော်ဖီသမိုင်း၊ ကမ္ဘာ့ကော်ဖီသမိုင်းတွေ၊ ပန်းချီတွေ၊ သမိုင်းဝင်ဓာတ်ပုံတွေနဲ့ ခင်းကျင်းပြသထားမှာဖြစ်ပါတယ်။ မြန်မာတစ်နိုင်ငံလုံးက စိုက်ပျိုးထွက်ရှိတဲ့ ကော်ဖီတွေကို Coffee Knowledge Center မှာ ခင်းကျင်းပြသပြီး တစ်နေရာတည်းမှာ ရောင်းဝယ်ဖောက်ကားနိုင်မှာဖြစ်လို့ ရောင်းသူ၊ ဝယ်သူ နှစ်ဦးစလုံး အကျိုးရှိမှာဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံကော်ဖီအသင်း၏ နာယကတစ်ဦးဖြစ်သည့် ဦးရဲမြင့်က ပြောသည်။

**"ပွေးတောင်ကော်ဖီခြံကို ပြင်ဦးလွင်ကော်ဖီဥယျာဉ်အဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းစဉ်မှာ Coffee Knowledge Center လည်းပါဝင်တဲ့အတွက် မြေပြင်မှာ ကော်ဖီစိုက်ပျိုးထုတ်လုပ်တာကစပြီး စားသုံးသူလက်ဝယ်ရောက်ရှိတဲ့ (Farm to Cup) အဆင့်အထိ ပညာပေးဆောင်ရွက်မယ့် လုပ်ငန်းစဉ်တွေ၊ မြန်မာ့ကော်ဖီသမိုင်း၊ ကမ္ဘာ့ကော်ဖီသမိုင်းတွေ၊ ပန်းချီတွေ၊ သမိုင်းဝင်ဓာတ်ပုံတွေနဲ့ ခင်းကျင်းပြသထားမှာ ဖြစ်ပါတယ်။ မြန်မာတစ်နိုင်ငံလုံးက စိုက်ပျိုးထွက်ရှိတဲ့ ကော်ဖီတွေကို Coffee Knowledge Center မှာ ခင်းကျင်းပြသပြီး တစ်နေရာတည်းမှာ ရောင်းဝယ်ဖောက်ကားနိုင်မှာဖြစ်လို့ ရောင်းသူ၊ ဝယ်သူ နှစ်ဦးစလုံး အကျိုးရှိမှာဖြစ်"**

လက်ရှိအချိန်တွင် ပြင်ဦးလွင်ကော်ဖီဥယျာဉ်၌ ပြင်ဦးလွင်မြို့ကို ကော်ဖီမြို့တော်အဖြစ် ပိုမိုထင်ရှားစေရန်၊ မြန်မာ့ကော်ဖီအရည်အသွေးပိုမိုမြင့်မားလာ၍ ထုတ်လုပ်မှုပမာဏ တိုးတက်လာပြီး ကမ္ဘာ့ဈေးကွက်သို့ ပိုမိုထိုးဖောက်နိုင်ရန်အတွက် ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများ၊ ပညာပေးသင်တန်းများ၊ မျိုးစေ့ပျိုးပင် ပျိုးထောင်ဖြန့်ဖြူးခြင်းလုပ်ငန်းများ၊ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

**ရက်တိုသင်တန်း ဖွင့်လှစ်**

ထို့ပြင် ချင်းပြည်နယ် ရိခေါဒါရ်မြို့၊ ကရင်ပြည်နယ် သံတောင်မြို့၊ ရှမ်းပြည်နယ် နောင်ချို၊ ဟိုပုံးနှင့် ပင်းတယမြို့နယ်မှ အသေးစား ကော်ဖီစိုက်တောင်သူအစုအဖွဲ့ငယ်များ ပါဝင်သော သင်တန်းသား ၄၈ ဦးကို ပြီးခဲ့သည့် ဧပြီလအတွင်း ရက်တိုသင်တန်းဖွင့်လှစ်ကာ ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုနည်းပညာ သင်တန်းပို့ချပေးနိုင်ခဲ့သည့်အပြင် ကော်ဖီစိုက်ပျိုးထုတ်လုပ်မှု လုပ်ငန်းသုံးကိရိယာများကိုလည်း ထောက်ပံ့ပေးအပ်ခဲ့ပြီး မန္တလေးကော်ဖီအုပ်စု၏ စက်ရုံများသို့ လေ့လာရေးခရီး ပို့ဆောင်ပေးနိုင်ခဲ့သည်။

စာမျက်နှာ ၁၁ သို့ ❖



သဘာဝရေထွက်



ရေထိန်းတမံငယ်



သဘာဝရေတံခွန်ငယ်

❖ စာမျက်နှာ ၁၀ မှ

### ကော်ဖီဈေးကွက်တစ်ခု ဆောင်ရွက်

ကော်ဖီအပန်းဖြေဥယျာဉ်အဖြစ် ခြံအဆင့်မြှင့်တင်ရေးဆောင်ရွက်ရာတွင် ကော်ဖီနှင့်ပတ်သက်သော အသိပညာများ ပိုမိုလွယ်ကူစွာ ပြန့်ပွားရေးနှင့် တစ်နေရာတည်းတွင် လွယ်ကူလျင်မြန်စွာရောင်းဝယ်ဖောက်ကားနိုင်သော ကော်ဖီဈေးကွက်တစ်ခုကို ဆောင်ရွက်ပေးသည့်လုပ်ငန်း၊ သန့်ရှင်းသာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေးလုပ်ငန်း၊ သဘာဝပတ်ဝန်းကျင်ကို မပျက်စီးစေနိုင်သော အနားယူအပန်းဖြေရေးလုပ်ငန်း ဖြစ်လာစေရန် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် စီမံအကောင်အထည်ဖော်လျက်ရှိသည်။

"ကော်ဖီစိုက်ပျိုးရေးကို အခြေခံတဲ့ ခရီးသွားလည်ပတ်စရာနေရာအဖြစ်ရည်ရွယ်ပြီး ဆောင်ရွက်နေတာဖြစ်တဲ့အတွက် ခြံထဲမှာ လည်ပတ်လို့ရမယ်။ ဒီလိုလည်ပတ်ရင်း သဘာဝအလှကို ခံစားနိုင်မယ်။ ကော်ဖီစိုက်ပျိုးရေးကို လေ့လာနိုင်မယ်။ ဒီလိုလည်ပတ်လေ့လာတဲ့အခါ သဘာဝပတ်ဝန်းကျင်ကို မထိခိုက်ဖို့လည်း စီစဉ်ဆောင်ရွက်ရပါတယ်။ ပြည်တွင်း၊ ပြည်ပခရီးသွားတွေက သဘာဝအလှအပကိုပဲ နှစ်သက်ကြပါတယ်။ ဒါကြောင့် ဒီအလှနဲ့ ကော်ဖီကို တွဲဖက်ထားလို့ရမယ့် ကော်ဖီဆိုင်၊ ဒေသထွက်သစ်သီးဝလံ၊ ပန်းမန်အရောင်းဆိုင်တွေ ပါရှိမှာဖြစ်ပါတယ်"ဟု ညွှန်ကြားရေးမှူးက ပြောသည်။

ကော်ဖီဥယျာဉ်တွင် ပြင်ဦးလွင်ဒေသထွက် ရာသီပေါ်ပန်းမန်နှင့် သစ်သီးဝလံ၊ ပျိုးပင်အရောင်းဆိုင်များ ပါဝင်မည့်အပြင် ကော်ဖီဥယျာဉ်အတွင်း သဘာဝရေထွက်၊ တမံငယ်၊ စမ်းချောင်းများ၊ ရွှံ့ညွန့်တောလျှောက်တံတား၊ ခြံအတွင်းလျှောက်လမ်း၊ နှစ်ပေါင်း ၁၀၀ ကျော် သက်တမ်းရှိပြီဖြစ်သော သက်တမ်းရင့်ညောင်မုတ်ဆိတ်ပင်၊ ဆပ်သွားဖူးတော စသည့်နေရာများကိုပါ လည်ပတ်အပန်းဖြေနိုင်မည်ဖြစ်သည်။

ပြင်ဦးလွင်ကော်ဖီဥယျာဉ်၏ Soft Opening ကို ၂၀၂၂ ခုနှစ် မေလ ၂၈ ရက်နေ့က ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ကာ Grand Opening ကို မကြာမီ ဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ပြင်ဦးလွင်ကော်ဖီဥယျာဉ်ကို နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ သတ်မှတ်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီ-ရာသီသီးနှံဌာနခွဲမှ သိရသည်။



ခြံတွင်းအဓိကပတ်လမ်းများ

စိုက်ပျိုးရေးဦးစီးဌာနသည် ကော်ဖီဥယျာဉ်တွင် မွေးရန့်နှင့်ပတ်သက်၍ ထူးခြားသော မြေနိမ့်ကော်ဖီမျိုးဖြစ်သည့် သက်တမ်းရင့်လိုက်ဘေးရီးကားကော်ဖီညီနောင်နှင့် ပြင်ဦးလွင်ဒေသတွင် စိုက်ပျိုးနိုင်သော ကော်ဖီမျိုး ၁၀ မျိုး၏ မျိုးအလိုက် မျိုးထိန်းစိုက်ကွက်များ တည်ထောင်ခြင်း၊ ကော်ဖီထုတ်လုပ်မှုလုပ်ငန်းစဉ်တစ်လျှောက် အသုံးပြုသော စက်ကိရိယာများ (Coffee Processing Plant)ကို ခင်းကျင်းပြသခြင်း၊ ကော်ဖီနှင့်ပတ်သက်၍ လေ့လာနိုင်မည့် Information Center၊ Coffee Knowledge Center၊ မုခ်ဦးနှင့် ကားပါကင် ဆောက်လုပ်ခြင်း၊ ခြံအတွင်း ပတ်လမ်းဖောက်လုပ်ခြင်း၊ ခြံစည်းရိုးကာရံခြင်းနှင့် ကော်ဖီဥယျာဉ် အုပ်ချုပ်ရေးမှူးရုံး တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။

ကော်ဖီနည်းပညာဖွံ့ဖြိုးရေးခြံ(ပွေးတောင်)ကို ယခုကဲ့သို့ ကော်ဖီအပန်းဖြေဥယျာဉ် (Pyin Oo Lwin Coffee Park) အဖြစ် ပြောင်းလဲဖော်ဆောင်နိုင်ခြင်းအားဖြင့် မြန်မာ့ကော်ဖီသမိုင်း၊ ကမ္ဘာ့ကော်ဖီသမိုင်း၊ ပြည်သူအများ မသိရှိသေးသော ကော်ဖီသီးနှံ၏ သဘောသဘာဝများ၊ သတင်းအချက်အလက်များအား အခြေခံ၍ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ကော်ဖီထွက်ကုန်များကို ဈေးနှုန်းမှန်ကန်၊ မြန်ဆန်စွာဖြင့် တစ်နေရာတည်းတွင် ရောင်းဝယ်ဖောက်ကားခြင်းလုပ်ငန်းကို ဆောင်ရွက်သွားနိုင်မည်ဖြစ်သည်။

ထို့အပြင် ပြင်ဦးလွင်ဒေသထွက် ကော်ဖီထုတ်ကုန်အမျိုးမျိုး၊ ကော်ဖီနှင့်ပတ်သက်သော သတင်းအချက်အလက်များ ပိုမိုသိရှိလေ့လာနိုင်ခြင်းတို့ဖြင့် အများပြည်သူ အနားယူအပန်းဖြေရင်း အသိပညာတိုးပွားရရှိမည်ဖြစ်သကဲ့သို့ ခြံအတွင်းရှိ သဘာဝအရင်းအမြစ်များကို စနစ်တကျ ပြုစုထိန်းသိမ်းစောင့်ရှောက်ခြင်းဖြင့် ပြင်ဦးလွင်မြို့၏ ဂေဟစနစ်ကို ထောက်ကူပေးခြင်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းပေးခြင်း စသည့်အကျိုးကျေးဇူးများကိုပါ ရရှိနိုင်စေမည်ဖြစ်ကြောင်း တင်ပြရေးသားလိုက်ရပါသည်။ ။


ဆပ်သွားဖူးပင်


ညောင်မုတ်ဆိတ်ပင်


# ဇူလိုင်လဆန်းတွင် ပြည်တွင်းဗဟိုပြုမြေငလျင် လေးကြိမ်နှင့် ပြည်ပဗဟိုပြုမြေငလျင် လေးကြိမ်လှုပ်ခတ်ခဲ့

မန္တလေး ဇူလိုင် ၅

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ မြေငလျင်လှုပ်ရှားမှုထုတ်ပြန်ချက်များအရ ဇူလိုင် ၁ ရက်မှ ၅ ရက်အတွင်း ပြည်တွင်းဗဟိုပြု၍ အင်အားအဆင့်အနည်းငယ်ရှိမြေငလျင် လေးကြိမ်နှင့် ပြည်ပဗဟိုပြုမြေငလျင် လေးကြိမ်လှုပ်ခတ်ခဲ့ကြောင်း သိရသည်။

ဇူလိုင် ၅ ရက် နံနက် ၇ နာရီ ၃၉ မိနစ်ဝန်းကျင်က ကမ္ဘာအေးမြေငလျင်စခန်းမှ နှစ်မိုင်ခန့်အကွာ ရန်ကုန်မြို့ လှိုင်မြို့နယ်၏အရှေ့၊ အရှေ့မြောက်ဘက် တစ်မိုင်ခန့်အကွာ မြေအောက် ၁၀ ကီလိုမီတာအနက်ကို ဗဟိုပြု၍ အင်အားရစ်(ချ်)တာစကေး ၃ ဒသမ သုညအဆင့် အင်အားအနည်းငယ်ရှိသော မြေငလျင်လှုပ်ရှားခဲ့သည်။

"လှိုင်မြို့နယ်မှာ အင်အားအဆင့် ၃ ဒသမ သုညဆိုတော့ မြေငလျင်ပြင်းအားနည်းပေမယ့် အဲဒီဒေသမြေအနေအထားပျော့တာရယ်၊ မြေငလျင်လှုပ်ရှားမှုဗဟိုချက်ရဲ့တည်နေရာအနီးတစ်ဝိုက်က လူနေထိုင်မှုများတာရယ်၊ မြေငလျင်ဗဟိုချက်အနက်တိမ်လို့ အင်အားပမာဏနည်းသော်လည်းပဲ လူအများ သတိပြုမိခဲ့တယ်"ဟု မိုး/ဇလ (နေပြည်တော်)ငလျင်ဌာနခွဲ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာရင်မျိုးမင်းထွေးကပြောသည်။




မြေငလျင်ဘေးသည် အခြားသောသဘာဝဘေးများကဲ့သို့ ကြိုတင်ခန့်မှန်းတွက်ချက်မရသည့်အတွက် ငလျင်လှုပ်ရှားမှုဖြစ်ပေါ်စေသည့် ပြတ်ရွေ့ကြောတည်ရှိသော နေရာဒေသများ၊ မြေထုချပ်တိုးဝင်မှုဖြစ်စဉ်ရှိသောနေရာများနှင့် ယခင်အတိတ်ကာလများက ငလျင်လှုပ်ရှားမှု ဖြစ်ပေါ်ခဲ့ဖူးသောနေရာများတွင် မြေငလျင်ဘေး ကြိုတင်ကာကွယ်ရေးအစီအမံများလုပ်ဆောင်ထားရှိသင့်ကြောင်း သိရသည်။

"ငလျင်က ဘယ်နေ့၊ ဘယ်အချိန်၊ ဘယ်နေရာမှာ အင်အားဘယ်လောက်နဲ့ လှုပ်မယ်ဆိုတာ တိတိကျကျ တွက်ချက်လို့မရဘူး။ ကြိုတင်ခန့်မှန်းမရတဲ့ သဘာဝဘေးတစ်မျိုးဖြစ်တဲ့အတွက် အဲဒီဒေသများအနေနဲ့ ငလျင်ဘေးနဲ့ပတ်သက်လို့ ကြိုတင်စီမံမှုတွေ ဆောင်ရွက်ထားမယ်ဆိုရင် ငလျင်လှုပ်ရှားခဲ့ရင်တောင် ပျက်စီးဆုံးရှုံးမှု လျော့နည်းစေမှာပါ"ဟု ၎င်းကဆက်လက်ပြောကြားသည်။

မြေငလျင်လှုပ်ရှားမှု မကြာခဏဖြစ်ပေါ်စေသည့် ပြတ်ရွေ့ကြောနှင့်နီးသောဒေသများ၊ စစ်ကိုင်း ပြတ်ရွေ့အနောက်ဘက်တွင်ရှိသည့် ဒေသများ၌ အိန္ဒိယမြေထုချပ်က မြန်မာ့မြေထုချပ်သို့ တိုးဝင်မှုဖြစ်ပေါ်ရာက မြန်မာပြည်တွင်း၌ ငလျင်လှုပ်ရှားမှုဖြစ်ပေါ်စေခဲ့သည့် သမိုင်းအထောက်အထားများရှိကြောင်း၊ ငလျင်လှုပ်ရှားမှုသည် အချိန်မရွေး ဖြစ်တတ်သောကြောင့် ပြည်သူတစ်ဦးချင်းအနေဖြင့် ၎င်းနှင့်ပတ်သက်ပြီး ဆောင်ရန်၊ ရှောင်ရန်နည်းလမ်းများ သိရှိထားသင့်ကြောင်း သိရသည်။

**မောင်အေးချမ်း**

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၃ ဦးတွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၂၆ ရာခိုင်နှုန်းရှိ

## ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၅-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၄-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၅-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၀၅၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၃) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၂၆) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၃၉၆,၁၈၈) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၁၃,၆၇၂) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၃) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၅၉၂,၅၉၃) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦးရှိပါသည်။

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့် ထိုးနှံထားရှိရန်လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှု ခံယူထားသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် ပြည်သူများအားလုံးနှင့် အသက် ၅ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာ ကျောင်းသား/ ကျောင်းသူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ပြည်သူများအား ထပ်ဆောင်းကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှု အခြေအနေ (၅-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁၀၃) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၄) ခု | - |
| တပ်မတော်ဆေးရုံကြီးများ၏ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၃၀၂) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၅၉၆) ခု | (၆) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၆၄၄) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၃,၄၀၃) ခု | (၇) ဦး |
| စုစုပေါင်း | (၅,၀၅၂) ခု | (၁၃) ဦး |

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/ သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၉၅၆၇၃၂၁ | ၈၅၂၈၆၁၀၁ | ၁၀၄၃၃၇၂ |
| ၂။ | အိန္ဒိယ | ၄၃၅၃၂၇၈၈ | ၄၂၈၉၁၉၃၃ | ၅၂၅၄၂ |
| ၃။ | ဘရာဇီး | ၃၂၅၃၆၃၀၂ | ၃၀၉၆၇၁၁၄ | ၆၇၂၁၀၁ |
| ၄။ | ပြင်သစ် | ၃၁၄၅၂၁၇၃ | ၂၉၇၇၄၀၉၂ | ၁၄၉၇၂၆ |
| ၅။ | ဂျာမနီ | ၂၈၅၄၂၄၈၄ | ၂၆၈၈၆၄၀၀ | ၁၄၁၃၉၇ |
| ၆။ | ဗြိတိန် | ၂၂၇၄၁၀၆၅ | ၂၂၁၈၂၆၅၀ | ၁၈၀၄၁၇ |
| ၇။ | အီတလီ | ၁၈၈၀၅၇၅၆ | ၁၇၆၁၇၉၇၃ | ၁၆၈၆၀၄ |
| ၈။ | ရုရှား | ၁၈၄၄၅၃၀၁ | ၁၇၈၇၃၅၇၆ | ၃၈၁၃၅၄ |
| ၉။ | တောင်ကိုရီးယား | ၁၈၄၁၃၉၉၇ | ၁၈၂၃၉၀၆၉ | ၂၄၅၇၆ |
| ၁၀။ | တူကီယဲ | ၁၅၁၈၀၄၄၄ | ၁၅၀၃၅၇၂၇ | ၉၉၀၅၇ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၀၇၅၀၃၁၃ | ၉၇၂၄၉၂၂ | ၄၃၀၈၉ |
| ၂။ | အင်ဒိုနီးရှား | ၆၀၉၇၉၂၈ | ၅၉၂၃၈၀၈ | ၁၅၆၇၆၆ |
| ၃။ | မလေးရှား | ၄၅၇၅၈၀၉ | ၄၅၁၀၆၄၃ | ၃၅၇၈၄ |
| ၄။ | ထိုင်း | ၄၅၃၄၀၁၇ | ၄၄၇၈၈၄၆ | ၃၀၇၃၉ |
| ၅။ | ဖိလစ်ပိုင် | ၃၇၁၀၁၄၅ | ၃၆၃၉၅၀၃ | ၆၀၆၁၀ |
| ၆။ | စင်ကာပူ | ၁၄၇၃၁၈၀ | ၁၃၇၉၁၁၃ | ၁၄၁၉ |
| ၇။ | မြန်မာ | ၆၁၃၆၇၂ | ၅၉၂၅၉၃ | ၁၉၄၃၄ |
| ၈။ | လာအို | ၂၁၀၃၂၄ | ၂၀၈၃၄၄ | ၇၅၇ |
| ၉။ | ဘရူနိုင်း | ၁၆၇၆၆၉ | ၁၆၄၁၁၆ | ၂၂၅ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၆၃၀၁ | ၁၃၃၂၀၆ | ၃၀၅၆ |

## တောင်ငူမြို့နယ်၌ ကောက်စိုက်စက်ဖြင့် မိုးစပါးများ သရုပ်ပြစိုက်ပျိုး

တောင်ငူ ဇူလိုင် ၅

ဒေသခံတောင်သူများအနေဖြင့် မိုးစပါးများ စိုက်ပျိုးချိန်တွင် လယ်ယာလုပ်သားရှားပါးမှု အခက်အခဲများ မဖြစ်ပေါ်စေရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်သည့် ကောက်စိုက်စက်ဖြင့် သရုပ်ပြစိုက်ပျိုးသည့် အခမ်းအနားကို တောင်ငူမြို့နယ် စက်မှုလယ်ယာဦးစီးဌာနက ယနေ့နံနက်ပိုင်းတွင် ပတ်တန်းကျေးရွာရှိ တောင်သူ ဦးသိန်းလွင်၏ လယ်မြေ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

သရုပ်ပြပွဲတွင် စက်မှုလယ်ယာဦးစီးဌာန တောင်ငူခရိုင်ဦးစီးမှူး ဦးသိန်းလွင်ဦးက ကောက်စိုက်စက်ဖြင့် စိုက်ပျိုးရခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများကို တောင်သူများအား ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးထက်ထက်မင်းက ဒေသခံတောင်သူများ မိုးစပါးများ စိုက်ပျိုးချိန်တွင် လယ်ယာလုပ်သားရှားပါးမှုအခက်အခဲများ မဖြစ်ပေါ်စေရေးအတွက် အချိန်နှင့်တစ်ပြေးညီ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးပေးနိုင်ကြောင်း၊ ထို့ပြင် လက်ကိုင်ရှည် တမန်းမွှေကိရိယာအသုံးပြုနည်း အဆင့်ဆင့်နှင့် ထွန်ယက်ခြင်း မြန်ဆန်မှုနည်းလမ်းများကို တောင်သူများ သိရှိနိုင်စေရေး အသိပညာပေးပြောကြားကာ တောင်သူများကို အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။ အဆိုပါ သရုပ်ပြပွဲသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစန်းလှိုင်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဒေသခံတောင်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **မြင့်မြတ်ဦး**



# ကမ္ဘာလုံးဆိုင်ရာ စားနပ်ရိက္ခာမဖူလုံမှုကို ကိုင်တွယ်ဖြေရှင်းရန် ဂျပန်နိုင်ငံက အမေရိကန်ဒေါ်လာ သန်း ၂၀၀ အကူအညီပေးမည်



တိုကျို ဇူလိုင် ၅

ဂျပန်အစိုးရသည် ရုရှားနိုင်ငံက ယူကရိန်းနိုင်ငံသို့ စစ်ဆင်ရေးဆင်နွှဲခဲ့ခြင်းကြောင့် ဖြစ်ပေါ်ခဲ့သည့် ကမ္ဘာလုံးဆိုင်ရာ စားနပ်ရိက္ခာမဖူလုံမှုကို ကိုင်တွယ်ဖြေရှင်းရာတွင် အကူအညီပေးရန် အမေရိကန်ဒေါ်လာ သန်း ၂၀၀ အထောက်အပံ့ပေးရေး တရားဝင်ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

အဆိုပါကမ္ဘာလုံးဆိုင်ရာစားနပ်ရိက္ခာပြဿနာအတွက် ကန်ဒေါ်လာ သန်း ၂၀၀ အကူအညီပေးမည့် အသေးစိတ်အစီအစဉ်များနှင့်စပ်လျဉ်း၍ ဇူလိုင် ၅ ရက်က ပြုလုပ်သည့် အစိုးရအဖွဲ့ဝန်ကြီးများအစည်းအဝေးတွင် ဂျပန်နိုင်ငံခြားရေးဝန်ကြီး ဟာယာရှိ ယိုရှီမာဆာက အတိအလင်းကြေညာခဲ့ခြင်းဖြစ်သည်။

ဂျပန်နိုင်ငံက အကူအညီပေးမည့် ကန်ဒေါ်လာ သန်း ၂၀၀ သည် ယူကရိန်းနိုင်ငံနှင့် ရုရှားနိုင်ငံတို့မှ ဆန်စပါးတင်ပို့မှုကျဆင်းခဲ့ခြင်းကြောင့် စားနပ်ရိက္ခာပြတ်လပ်မှုဒဏ်ခံခဲ့ရသည့် အရှေ့အလယ်ပိုင်းနှင့် အာဖရိကနိုင်ငံများသို့ စားနပ်ရိက္ခာများ ထောက်ပံ့ပေးရန်ဖြစ်ကြောင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်။

ထို့ပြင် နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် အဆိုပါငွေကြေးများ ဖြန့်ဖြူးပေးနိုင်ရန် အကူအညီပေးလိမ့်မည်ဖြစ်ကြောင်းနှင့် ယင်းငွေကြေးသည် စားနပ်ရိက္ခာထုတ်လုပ်မှုစွမ်းဆောင်ရည်ကို မြှင့်တင်နိုင်လိမ့်မည်ဖြစ်ကြောင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီး ဟာယာရှီယိုရှီမာဆာက ပြောကြားသည်။

ဂျပန်နိုင်ငံအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ စားနပ်ရိက္ခာဖူလုံမှုရှိရေးအတွက် ဂျီ-၇ နိုင်ငံများအပါအဝင် အခြားသောနိုင်ငံများနှင့် အတူတကွ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်။

ဂျပန်ဝန်ကြီးချုပ် ကီရှီဒါကလည်း ဇွန်လနှောင်းပိုင်းတွင် ဂျာမနီနိုင်ငံ၌ ကျင်းပခဲ့သည့် ဂျီ-၇ ထိပ်သီးအစည်းအဝေးတွင် ကမ္ဘာလုံးဆိုင်ရာစားနပ်ရိက္ခာဖူလုံမှုရှိရေးအတွက် အမေရိကန်ဒေါ်လာ သန်း ၂၀၀ ထောက်ပံ့ပေးရန် ကတိပြုခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**

**ဘာသာပြန်- အလင်းသစ်**

■



# အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်၌ ရေကြီးရေလျှံမှုနှင့် မြေပြိုမှုကြောင့် လူပေါင်းရာချီသေဆုံး

နယူးဒေလီ ဇူလိုင် ၅

အိန္ဒိယနိုင်ငံအရှေ့မြောက်ပိုင်းနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ဒေသအများအပြား၌ မုတ်သုံမိုးသည်းထန်စွာရွာသွန်းမှုများမှတစ်ဆင့် ရေကြီးရေလျှံမှုများနှင့် မြေပြိုမှုများဖြစ်ပွားခဲ့ခြင်းကြောင့် လူပေါင်းရာချီသေဆုံးမှုဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံအရှေ့မြောက်ပိုင်း အာသံပြည်နယ်၌ မေလနှောင်းပိုင်းမှစတင်ကာ မိုးအဆက်မပြတ်ရွာသွန်းမှုများကြောင့် လူပေါင်း ၁၈၀ သေဆုံးခဲ့ကြောင်းနှင့် လူပေါင်း နှစ်သန်းကျော်သည်လည်း ကယ်ဆယ်ရေးစခန်းများတွင် ခိုလှုံခဲ့ရကြောင်း သိရသည်။

ထို့ပြင် မဏိပူရပြည်နယ်၌ ပြီးခဲ့သည့်သီတင်းပတ်အတွင်းက ကြီးမားသော မြေပြိုမှုဖြစ်ပွားခဲ့ခြင်းကြောင့် တပ်မတော်သားများအပါအဝင် အနည်းဆုံး ၄၆ ဦး သေဆုံးခဲ့ကြောင်းနှင့် မြေပြိုမှုအတွင်း နစ်မြုပ်သွားခဲ့သည့် လူပေါင်း ၂၀ ကျော်ကိုလည်း ရှာဖွေကယ်ဆယ်မှုများ ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၏ အိမ်နီးချင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌လည်း မိုးသည်းထန်စွာရွာသွန်းမှုမှတစ်ဆင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ခြင်းကြောင့် သေဆုံးသူ ၇၃ ဦးရှိခဲ့ကြောင်းနှင့် ယခုနှစ် မုတ်သုံမိုးသည် ယခင်ပုံမှန်မုတ်သုံရာသီထက် မိုးရွာသွန်းမှု ပိုမိုများပြားမည်ဖြစ်ကြောင်းလည်း မိုးလေဝသကျွမ်းကျင်ပညာရှင်များက ပြောကြားသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**

**ဘာသာပြန်- အလင်းသစ်**

# ယခုနှစ် ပထမခြောက်လအတွင်း ဗီယက်နမ်နိုင်ငံ၏ အဝတ်အထည်ပြည်ပတင်ပို့ရောင်းချမှု ၂၁ ဒသမ ၆ ရာခိုင်နှုန်းတိုးတက်လာ

ဟန္နွိုင်း ဇူလိုင် ၅

ဗီယက်နမ်နိုင်ငံသည် ယခုနှစ် ပထမခြောက်လအတွင်း ပြည်ပသို့ အဝတ်အထည်တင်ပို့မှုမှ ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၆ ဘီလီယံရရှိခဲ့ပြီး ယခုရရှိခဲ့သည့်ဝင်ငွေသည် ယမန်နှစ်အလားတူကာလကထက် ၂၁ ဒသမ ၆ ရာခိုင်နှုန်း တိုးတက်လာခဲ့ကြောင်း စက်မှုဝန်ကြီးဌာနက ပြောကြားသည်။

ဗီယက်နမ်နိုင်ငံ၏ အဝတ်အထည်တင်ပို့မှုမှ ဇွန်လအတွင်းမှာပင် ၃ ဒသမ ၆ ဘီလီယံရရှိခဲ့ကြောင်း သိရသည်။ ယခုကဲ့သို့ ပြည်ပနိုင်ငံများအား အဝတ်အထည်များစွာ တင်ပို့ရောင်းချနိုင်ခဲ့ခြင်းသည် လွတ်လပ်စွာကုန်သွယ်မှုဆိုင်ရာ သဘောတူညီချက်များအား ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ဖြစ်ကြောင်း သိရသည်။

ယခုနှစ်အတွင်း အဝတ်အထည်များ ပြည်ပတင်ပို့ရောင်းချရာမှ ဝင်ငွေအမေရိကန်ဒေါ်လာ ၄၃ ဒသမ ၅ သန်းရရှိမည်ဟုခန့်မှန်းထားသည်။

အဝတ်အထည်များ ပြည်ပတင်ပို့ ရောင်းချခြင်းမှ ယမန်နှစ်အတွင်း အမေရိကန်ဒေါ်လာ ၃၂ ဒသမ ၇ ဘီလီယံ ရရှိခဲ့ကြောင်း ဗဟိုစာရင်းအင်းရုံးက ပြောကြားသည်။

ဗီယက်နမ်နိုင်ငံ၏ အဝတ်အထည်ဈေးကွက်များမှာ တရုတ်၊ ဂျပန်၊ တောင်ကိုရီးယားနှင့် အမေရိကန်နိုင်ငံတို့ ဖြစ်သည်။

**ကိုးကား- ဆင်ဟွာ**

**ဘာသာပြန်- စိုးသူရ**



# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၃၀၈၆ ဦး ထပ်မံတွေ့ရှိ

နယူးဒေလီ ဇူလိုင် ၅

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၃၀၈၆ ဦး ထပ်မံတွေ့ရှိသဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၄၃၅၃၁၆၅၀ ရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးအချက်အလက်များအရ သိရသည်။



ထို့ပြင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၉ ဦးထပ်တိုးလာခြင်းကြောင့် အဆိုပါရောဂါဖြင့် သေဆုံးသူပေါင်း ၅၂၅၄၂ ဦးရှိလာကြောင်းနှင့် လက်ရှိအချိန်တွင် နေ့စဉ် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ အရေအတွက်သည်လည်း မြင့်တက်လာလျက်ရှိကြောင်း သိရသည်။

လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲလူနာပေါင်း ၁၁၄၄၇၅ ဦး ရှိကြောင်းနှင့် လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၁၃၉၅၈ ဦး ထပ်တိုးလာခြင်းကြောင့် ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၄၂၈၁၁၉၃၃ ဦးရှိလာကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**

**ဘာသာပြန်- အလင်းသစ်**

# တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၆၂၅၃ ဦး ထပ်မံတွေ့ရှိ

ဆိုးလ် ဇူလိုင် ၅

တောင်ကိုရီးယားနိုင်ငံ၌ ပြီးခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၆၂၅၃ ဦးထပ်မံတွေ့ရှိသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၈၃၉၅၈၆၄ ဦးရှိလာကြောင်း ကျန်းမာရေးတာဝန်ရှိသူများက ပြောကြားသည်။

နေ့စဉ်နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုအရေအတွက် ကျဆင်းလာခဲ့သော်လည်း ပြီးခဲ့သည့်သီတင်းပတ်အတွင်းက နေ့စဉ်ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ အရေအတွက်နှင့် နှိုင်းယှဉ်ပါက များပြားကြောင်း တောင်ကိုရီးယားနိုင်ငံရောဂါကာကွယ်ရေးနှင့်ထိန်းချုပ်ရေးအေဂျင်စီက ပြောကြားသည်။

ပြီးခဲ့သည့်သီတင်းပတ်အတွင်းက နေ့စဉ်ပျမ်းမျှ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၉၄၉၉ ဦး ရှိခဲ့သည်။ နိုင်ငံအတွင်း ပြည်ပမှ ပြန်လည်ရောက်ရှိလာသူ ၃၅၉၂၆ ဦးတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရကြောင်းတွေ့ရှိခဲ့သည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၂၄၅၇၄ ဦးရှိသည်။ **ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- စိုးသူရ**

# တရားမဝင် သစ်မျိုးစုံ၊ အိမ်သုံးလျှပ်စစ်ပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ စားသောက်ကုန်ပစ္စည်း၊ လုပ်ငန်းသုံးပစ္စည်း၊ ဓာတုကုန်ကြမ်းပစ္စည်းနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဇူလိုင် ၅

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၄ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မွန်ပြည်နယ် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ မန္တလေးမြို့သို့ သွားရောက်မည့် ကုန်တင်ယာဉ်တစ်စီးပေါ်၌ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားသည်ထက် ပိုမိုတင်ဆောင်လာသော လျှပ်စစ်ထမင်းပေါင်းအိုး အလုံး ၂၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၀၀၀၀၀)ကို လည်းကောင်း၊ မြဝတီမြို့မှ ရန်ကုန်မြို့သို့ သွားရောက်မည့် ကုန်တင်ယာဉ်တစ်စီးပေါ်၌ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားသည်ထက် ပိုမိုတင်ဆောင်လာသော Unsaturated Polyester Resin ၁၁၂၅ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၆၈၅၀၀)ကို လည်းကောင်း စုစုပေါင်း(ခန့်မှန်း တန်ဖိုးငွေကျပ် ၄၅၆၈၅၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် (၁၆)မိုင် ကျောက်ချောစစ်ဆေးရေးစခန်း၌ တာဝန်ကျစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မန္တလေးမြို့မှ ပြင်ဦးလွင်သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်၌ စားသောက်ကုန်ပစ္စည်းများနှင့်အတူ ရောနှောသယ်ဆောင်လာသော တရားမဝင် ပိတောက်ခွဲသားနှင့် ကျွန်းခွဲသား သုည ဒသမ ၁၄၆၆ တန်(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၆၆၀၀)နှင့် အဆိုပါသစ်များတင်ဆောင်လာသည့် Mitsubishi Canter အမျိုးအစား မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၁၄၆၆၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။






မွန်ပြည်နယ် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း၌ ဖမ်းဆီးရမိမှု။

ယင်းအပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဇူလိုင် ၄ ရက်တွင် ပဲခူးမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးဦးဆောင်သော စစ်ဆေးရေးအဖွဲ့က ဘုရားကြီးတိုးဂိတ်အနီး၌ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားခြင်းမရှိသော အကောက်ခွန်နှင့် ကျသင့်ခွန်များ ပေးဆောင်ထားခြင်းမရှိသည့် ဗီယက်နမ်နိုင်ငံထုတ် Cable Wire(Aluminium) ကီလိုဂရမ် ၄၃၅၆၀(ခန့်မှန်းတန်ဖိုးငွေကျပ် ၆၄၄၆၈၈၀၀၀) နှင့် အဆိုပါ Cable Wire များ သယ်ဆောင်လာသည့် နောက်တွဲယာဉ်ပါ Nissan UD ၂၂ ဘီး ကုန်တင်ယာဉ် တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀)နှင့် နောက်တွဲယာဉ်ပါ Howo Truck အမျိုးအစား ၂၂ ဘီး ကုန်တင်ယာဉ် တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀) ကို အကောက်ခွန် လုပ်ထုံးလုပ်နည်းအရလည်းကောင်း၊ ဇူလိုင် ၅ ရက်တွင် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းအဖွဲ့က ပဲခူးခရိုင်၊ ပြည်ခရိုင်နှင့် သာယာဝတီခရိုင်တို့အတွင်း တရားမဝင်သစ်မျိုးစုံ ၁၄ ဒသမ ၄၈၆၈ တန်(ခန့်မှန်းတန်ဖိုးငွေကျပ် ၇၂၀၆၄၀၀)ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၇၇၁၈၉၄၄၀၀) ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇူလိုင် ၅ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ကိုင်းမြို့နယ်အတွင်း တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်နှင့် စားသောက်ကုန်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၅၈၆၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ကရင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကော့ကရိတ်(တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ တာဝန်ကျစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ သွားရောက်မည့် ကုန်တင်ယာဉ်တစ်စီးပေါ်၌ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားခြင်းမရှိသော လျှပ်စစ်ထမင်းပေါင်းအိုး အလုံး ၂၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇူလိုင် ၄ ရက်နှင့် ၅ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၆ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၈၉၅၆၈၁၀၀)ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

# မြိတ်မြို့၊ ပြည်မြို့နှင့် ကျိုင်းတုံမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် ဇူလိုင် ၅

မြိတ်မြို့၊ ပြည်မြို့နှင့် ကျိုင်းတုံမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၄ ရက် ည ၉ နာရီခွဲတွင် မြိတ်မြို့ ကန်ကြီးရပ်ကွက် ကမ်းနားလမ်းတွင် မျိုးခိုင်(ခ)ဝတုတ်(ခ)တရုတ်နှင့် တင်ထွန်း(ခ)ဝတုတ်တို့ နှစ်ဦးကို ဆိုင်ကယ်တစ်စီးနှင့်အတူ မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၆၀၀ ကို လည်းကောင်း။

အလားတူ ယင်းနေ့ ညနေ ၅ နာရီ ၁၀ မိနစ်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပြည်မြို့ ရွာဘဲရပ်ကွက် ရွှေတောင်ကြားလမ်းတွင် မစုပြည့်ထွန်း(ခ)စုပြည့် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀၀ ကို လည်းကောင်း။

ထို့အတူ ယင်းနေ့ ညနေ ၄ နာရီ ၄၅ မိနစ်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျိုင်းတုံမြို့နယ် မိုင်းလပ်ကျေးရွာအုပ်စု နောင်ကန်ကျေးရွာအနီးတွင် အားဂျေကိုဆိုင်ကယ်တစ်စီးနှင့်အတူ မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀ ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

# "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် ဇူလိုင် ၅

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှု တားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင်FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်အဖွဲ့က ခရိုင်ပြည်သူ့ဆေးရုံကြီးအား Drone ယာဉ်ဖြင့် လက်လုပ်ဗုံးချိတ်ဆွဲပစ်ချတိုက်ခိုက်ခဲ့သည့်ဖြစ်စဉ်"** ခေါင်းစဉ်ဖြင့် ဇူလိုင် ၆ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည် ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"လှိုင်သာယာမြို့နယ်ရှိ မြန်မာ့စီးပွားရေးဘဏ်အား မိုင်းထောင်ဖောက်ခွဲသည့်ဖြစ်စဉ်"**နှင့်ပတ်သက်သည့် ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ ပါဝင်နိုင်ပြီဖြစ်ကြောင်း၊ ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၆-၇-၂၀၂၂ ဗုဒ္ဓဟူးနေ့

**MRTV HD**

- **၀၆:၀၀** မေတ္တသုတ်၊ ရတနသုတ်၊ မောရ်သုတ် အန္တရာယ်ကင်းပရိတ်တရားတော်
- **၀၇:၀၀** နံနက်ခင်းသတင်း
- **၀၈:၃၅** ဒီမိုကရေစီဆိုရာဝယ်
- **၀၉:၁၀** မွေးမြူရေးရာအဖြာဖြာ
- **၁၀:၀၀** သတင်းထဲကသတင်း
- **၁၁:၃၀** ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
- **၁၃:၃၀** MRTV National News
- **၁၆:၃၅** အသိပညာနှင့်အမှန်တရား 'အတ္တမကြီးစို့'
- **၁၇:၁၅** ခေတ်အလိုက်ကြေးမုံမြင်
- **၁၇:၄၀** ပုလုံကြွယ်ဝအင်းငါးကဏ္ဍ တွဲလက်ညီလှမိသားစုဘဝ
- **၁၈:၀၀** ပြည်တွင်းသတင်း
- **၁၈:၃၅** '(၃၀)ဖြာမင်္ဂလာ' (ဦးနန္ဒဝင်းရေးသားပူဇော်တင်ဆက်သည်) 'အတ္တသမ္မာပဏိဓိ'
- **၁၉:၁၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'ဘဝစကက်ဘောအက်ဆေး' (အပိုင်း-၂၅)
- **၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- **၂၁:၀၀** သံစဉ်ဝေဖြာစတီရီယိုတေးကဏ္ဍ
- **၂၁:၁၅** (၁၅)ကြိမ်မြောက်ဆိုကာ၊ရေး၊တီး ပြိုင်ပွဲ (ရုပ်သေးပြိုင်ပွဲ) 'မဟာဒုတ်ဇာတ်တော်ကြီး'
- **၂၂:၃၅** နိုင်ငံခြားဇာတ်လမ်းတွဲ 'ပြည့်စုံခြင်းအိပ်မက်' (အပိုင်း-၂၆)

**mitv**

- **07:02** Evergreen Classic: Myanmar Shu Khin Myanmar Sate Yinn (Seint Nay Chi)
- **07:10** Myanmar Traditional Instruments (MYANMA OBOE)
- **07:35** Daingnak Style
- **07:48** Outstanding Members of Sangha
- **08:01** Pride of Myanmar - Bagan arts and handicrafts
- **08:16** Wholesale Fish
- **08:21** Myanmar's Export: Mango
- **08:31** Popa Trip
- **08:31** Enchanting Rakhine Land
- **09:01** News
- **09:26** Global Partnership for Brighter Future: Saint Lucia Pavilion at Expo 2020 Dubai
- **09:35** Horse Cart Driver
- **09:45** MONASTERY (Bargayar Kyaung)

**MRTV NRC**

**အနောက်ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
ကရင်စာပေသင်ကြရအောင်(အပိုင်း-၁)

**အရှေ့ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
ချိုင်းဖြူရွာလေးမှ ရေလုပ်သားကြီးရဲ့ဘဝ

**ချင်း(လိုင်ဇို) (၀၈:၀၀ မှ ၀၉:၀၀)**
ဆန်းပြားလှသည့် ချင်းရိုးရာနာဒေါင်းပလွေမှုတ်

**ချင်း(ချို) (၀၉:၀၀ မှ ၁၀:၀၀)**
မင်းတပ်မြို့ရဲ့ရိုးရာသီအလုပုံရိပ်များ(အပိုင်း-၂)

**မွန် (၁၁:၀၀ မှ ၁၂:၀၀)**
ပိန်းစွယ်ဟင်းမွန်ချက်

**ရခိုင် (၁၂:၀၀ မှ ၁၄:၀၀)**
ရခိုင်မုန့်တီ

**ရှမ်း (၁၄:၀၀ မှ ၁၆:၀၀)**
ဒေသထွက်အစားအစာရောက်ချိုသီးစိုက်ပျိုးနည်း

**ဝ (၁၆:၀၀ မှ ၁၈:၀၀)**
ကြက်မောက်သီးနှင့်ကျန်းမာရေး

**ကချင် (၁၈:၀၀ မှ ၂၀:၀၀)**
ဝက်မိုးလွှတ်ဆီဆမ်း

**ကယား (၂၀:၀၀ မှ ၂၁:၀၀)**
စိတ်ဝင်စားစရာ ရိုးရာဓလေ့ထူးခြားချက်များ (ကယားတိုင်းရင်းသားများရဲ့ နာမည်မှည့်ခေါ်ခြင်း)

**ဝကေကရင် (၂၁:၀၀ မှ ၂၂:၀၀)**
အုပ်ဆောင်းပြုလုပ်ပုံ

**MRTV NEWS**

- **၀၆:၀၀** အဖွင့်၊ တေးသီချင်း
- **၀၆:၄၀** အားကစားသတင်း
- **၀၉:၃၀** နိုင်ငံတကာသတင်း (LIVE)
- **၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
- **၁၃:၃၀** နိုင်ငံတကာသတင်း (LIVE)
- **၁၄:၀၀** MRTV National News
- **၁၅:၀၀** ပြည်တွင်းသတင်း (LIVE)
- **၁၉:၀၀** ပြည်တွင်းသတင်း (LIVE)
- **၁၇:၃၀** နိုင်ငံတကာသတင်း (LIVE)
- **၂၀:၀၀** ပြည်တွင်းသတင်း (LIVE)
- **၂၁:၀၀** ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

- **၀၉:၀၀** အဖွင့်၊ အလံ
- **၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'အုပ်ထိန်းခွင့်ဆိုင်ရာဥပဒေ'
- **၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
- **၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၈)
- **၁၁:၀၀** Election Korea
- **၁၁:၃၀** အတွေးအမြင် (အပိုင်း-၈)

**MRTV FARMERS'**

- **၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- **၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
- **၀၆:၅၀** တောင်သူအကျိုးရည်မျှော်ကိုး ရှေးနှန်းချိုသာယုရီးယားမြေဩဇာ
- **၀၇:၁၀** သီးနှံအရည်အသွေးမှန်ကန်နိုင်ရေး နည်းစနစ်ကျကျစိုက်ပျိုးပေး
- **၀၇:၅၀** ထုတ်လုပ်ပုံအဆင့်ဆင့် သိမှတ်စရာမြန်မာ့ကော်ဘာ
- **၀၈:၂၀** ခေတ်မီမီအရည်အသွေးကောင်းရောင်းပန်းလှ
- **၀၉:၄၅** သာယာပျော်ရွှင်ညောင်နှစ်ပင်

**MRTV SPORTS**

- **၀၆:၀၀** အဖွင့်
- **၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
- **၀၇:၀၀** Sports News
- **၀၇:၃၀** Soccer View/ Weekly Sports Info
- **၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
- **၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- **၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

☆ ကျောဖုံးမှ

ထို့အပြင် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုအပ်ဘဲ ဆုံးရှုံးမှုမရှိစေရေးအတွက် တာဝန်မှကင်းကွာနေသော အခြေခံပညာရေး ဝန်ထမ်းများကို ပြန်လည်ဖိတ်ခေါ်ခြင်း၊ PDF အပါအဝင် အဖွဲ့အစည်း အမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်နေသူများအနက်မှ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများကို ပြန်လည် ဖိတ်ခေါ်ခြင်းတို့အား အသိပေးထုတ်ပြန်ခဲ့ရာ ပြန်လည်ဝင်ရောက် လာသူများကိုလည်း စနစ်တကျလက်ခံပေးလျက်ရှိသည်။

နိုင်ငံတော်အားအလုံးစုံပျက်သုဉ်းစေလိုသည့် CRPH နှင့် NUG အကြမ်းဖက်အုပ်စုများက ဆွဲဆောင်စည်းရုံးမှု၊ သွေးထိုးလှုံ့ဆော်မှု၊ ခြိမ်းခြောက်အကျပ်ကိုင်မှုများကြောင့် အချို့သော CDM ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ၊ လူငယ်လူရွယ်များသည် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများတည်ရှိရာ နယ်မြေဒေသများသို့ ရောက်ရှိသွားခဲ့ပြီး လက်နက်ပစ်ခတ်ခြင်းနှင့် ဖောက်ခွဲဖျက်ဆီးရေးသင်တန်း များသို့ စာရင်းသွင်း ပါဝင်တက်ရောက်ခဲ့ကြသည်ကို တွေ့ရှိရသည်။

ထိုသို့ သင်တန်းတက်ရောက်ခဲ့သူများအနက်မှ အချို့သောသူများ သည် အကြမ်းဖက်တိုက်ခိုက်သည့်လုပ်ရပ်များတွင် ပါဝင်လိုခြင်း မရှိသည့်အတွက် ထွက်ပြေးတိမ်းရှောင်ပြီး ပြည်တွင်း ပြည်ပဒေသ အချို့၌ သွားရောက်အလုပ်လုပ်ကိုင်လျက်ရှိကြောင်းကို ကြားသိရသည်။ ၎င်းတို့သည် NUG အမည်ခံအကြမ်းဖက်အုပ်စုနှင့် ၎င်းတို့၏ လက်အောက်ခံ PDF အကြမ်းဖက်အဖွဲ့တို့၏ အကြမ်းဖက်လုပ်ရပ် များကို မျက်ဝါးထင်ထင်တွေ့မြင်လာပြီး လက်ခံနိုင်မှုမရှိခြင်း၊ နိုင်ငံတော်အစိုးရ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ထာဝရငြိမ်းချမ်းရေး ရရှိရန် ကြိုးပမ်းဆောင်ရွက်နေမှုများကို ယုံကြည်လက်ခံလာခြင်း၊ မိမိတို့၏နေရပ်ဒေသအသီးသီးရှိ မိဘဆွေမျိုးများနှင့်အတူ တည်ငြိမ် အေးချမ်းစွာ ပြန်လည်နေထိုင်လိုခြင်းတို့ကြောင့် မိမိတို့နေရပ်ဒေသသို့ ပြန်လည်ဝင်ရောက်လိုသော်လည်း CRPH နှင့် NUG အကြမ်းဖက် အုပ်စုများနှင့် ၎င်းတို့၏လက်ဝေခံများက ထိန်းချုပ်အကျပ်ကိုင် ခြိမ်းခြောက်ထားမှုတို့ကြောင့် ပြန်လည်ဝင်ရောက်ခြင်း မပြုနိုင် ကြသည်ကိုလည်း ဆက်သွယ်သတင်းပေးပို့ချက်များအရ သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ထိုသို့သော မြန်မာနိုင်ငံရှိ နေရပ် အသီးသီးသို့ ပြန်လည်ဝင်ရောက်လိုသူများအား ကြိုဆိုလက်ခံနိုင်ရေး အတွက် နယ်စပ်ဒေသအသီးသီးတွင် ပြန်လည်ကြိုဆိုလက်ခံရေးစခန်း များ ဖွင့်လှစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး အဆိုပါစခန်းများအပြင် နီးစပ်ရာတပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ စခန်းအသီးသီးသို့လည်း ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်းနှင့် ယင်းသို့သတင်းပို့ ဆက်သွယ် သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝ တွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇူလိုင် ၅**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူ လူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရ ယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော် ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှု ကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက် ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံ ဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့ လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂ (က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ အရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရ နိုင်ကြောင်း ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာ များမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ် သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ် သော်လည်း တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ နယ် ညောင်ရမ်းတောင်ရပ်ကွက်နေ ယွန်းနဒီဖူးသည် ၎င်းအသုံးပြုသည့် “Yoon Nadi Phoo” Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည် မြို့နယ်နေ သော်သော်အောင်သည် ၎င်းအသုံးပြုသည့် “MG” Facebook အကောင့်၊ ပုသိမ်ကြီးမြို့နယ်နေ အောင်ကိုထက်သည် ၎င်းအသုံးပြုသည့် “Jack Jack” Facebook အကောင့်၊ ပြင်ဦးလွင်မြို့နယ် ရေသရောက်ကုန်းကျေးရွာနေ စောရန်နိုင်(ခ)သားညီ သည် ၎င်းအသုံးပြုသည့် “Hein Thiha” Facebook အကောင့်နှင့် “Saw Yan Naing” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် အမှတ်(၁၆) ရပ်ကွက်နေ မာမာစိုးသည် ၎င်းအသုံးပြု သည့် “Mar Mar Soe” Facebook အကောင့်၊ သန်လျင်မြို့နယ် မြို့သစ်အလယ်ရပ်ကွက်နေ ဇာနည် ကိုကို(ခ)ဇာနည်နှင့် ဝင်းကိုကို(ခ)ဝင်းကိုတို့သည် ၎င်းတို့ အသုံးပြုသည့် “Zarni” Facebook အကောင့်၊ “Win Ko” Facebook အကောင့်၊ သဃ်န်းကျွန်း မြို့နယ် ဆ/ကရပ်ကွက်နေ မြတ်စိုးနွယ်သည် ၎င်း အသုံးပြုသည့် “Myat Soe Nwe” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက် အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်း ရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှု ဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များ သည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြား စေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ် လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှု အပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ် ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# အလုပ်ခွင်ထိခိုက်မှုအကျိုးခံစားခွင့် ငွေလုံးငွေရင်းများထုတ်ပေး

**ရန်ကုန် ဇူလိုင် ၅**

ရန်ကုန်တိုင်း ဒေသကြီး လှိုင်သာယာ အနောက်ပိုင်းမြို့ နယ် လူမှုဖူလုံရေးရုံး ရွှေလင်ပန်း စက်မှုဇုန်ရုံးခွဲတွင် အလုပ်ဌာနများ မှ အကျုံးဝင် မှတ်ပုံတင်ထားသော အာမခံအလုပ်သမားများ အလုပ် ခွင်ထိခိုက်မှုကြောင့် အမြဲတမ်း မသန်စွမ်းမှု အကျိုးခံစားသူ အလုပ်သမားများအား အကျိုး ခံစားခွင့် ငွေလုံးငွေရင်းများ ထုတ်ပေးခြင်းကို ယမန်နေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသ ကြီး ကျောက်တံတားမြို့နယ် ဘားလမ်းရှိ ရန်ကုန်တိုင်းဒေသ ကြီး လူမှုဖူလုံရေးရုံး အစည်း အဝေးခန်းမ၌ ကျင်းပခဲ့သည်။



ရှေးဦးစွာ ရန်ကုန်တိုင်းဒေသ ကြီး လူမှုဖူလုံရေးတာဝန်ခံ အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးရဲဇော်ဝင်း က ၂၀၁၂ ခုနှစ် လူမှု ဖူလုံရေးဥပဒေပါ အကြောင်းအရာ များကို ရှင်းလင်းပြောကြားခဲ့ သည်။

**အကျိုးခံစားခွင့်များထုတ်ပေး**

ဆက်လက်၍ ရန်ကုန်တိုင်း ဒေသကြီး လူမှုဖူလုံရေးတာဝန်ခံ အရာရှိဒုတိယညွှန်ကြားရေးမှူးက လှိုင်သာယာ အနောက်ပိုင်းမြို့ နယ် လူမှုဖူလုံရေးရုံး ရွှေလင်ပန်း စက်မှုဇုန်ရုံးခွဲတွင် အကျုံးဝင် မှတ်ပုံတင်ထားသည့် Yong Xin Industries မှ အာမခံအလုပ် သမား ဦးဇော်ထွန်းဝင်းသည် လုပ်ငန်းခွင်တွင် ထိခိုက်မှုကြောင့် ဘယ်လက် တံတောင်ဆစ် ပြတ်တောက်ရခြင်း အတွက် အမြဲတမ်းမသန်စွမ်းမှု ခွင့်ပြု ငွေကျပ် ၅၀၈၀၃၂၀၊ DENKO Trading မှ ဦးအောင်ကျော်ဦးသည် အမြဲတမ်းမသန်စွမ်းမှု ခွင့်ပြု ငွေကျပ် ၂၆၄၆၀၀၀၊ Zone Plastic မှ ဦးဖြိုးမင်းထွန်းသည် အမြဲတမ်း မသန်စွမ်းမှု ခွင့်ပြုငွေကျပ် ၅၄၄၃၂၀ နှင့် TIMBER MAR Myanmar မှ ဦးစိုင်းလင်းဖြိုးသည် အလုပ်ခွင် ထိခိုက်မှုကြောင့် ဒဏ်ရာရရှိခြင်းအတွက် အမြဲတမ်း မသန်စွမ်းမှု ခွင့်ပြုငွေ ၁၇၈၂၁၄၄ ကျပ် စုစုပေါင်း အမြဲတမ်း မသန်စွမ်းမှု ငွေလုံးငွေရင်း ငွေကျပ် ၁၀၀၅၂၇၈၄ ကို အလုပ် ဌာနလေးခုမှ တာဝန်ရှိသူများ ရှေ့မှောက်တွင် အမြဲတမ်းမသန် စွမ်းမှု အကျိုးခံစားသူ အလုပ် သမားလေးဦးအား ငွေလုံးငွေရင်း အကျိုးခံစားခွင့်များ ထုတ်ပေးခဲ့ ကြောင်း သိရသည်။ **မြင့်ဦး**



# မဲဇလီကုန်းမြို့၌ ကောက်စိုက်စက်ဖြင့် သရုပ်ပြစိုက်ပျိုး

**အင်္ဂပူ ဇူလိုင် ၅**

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် စက်မှုလယ်ယာစခန်း (ဆွယ်)အင်္ဂပူမြို့မှ KUBOTA ကောက်စိုက်စက်(၆-တန်းသွား)ဖြင့် သရုပ်ပြကောက်စိုက်ပွဲကို ယမန်နေ့နံနက်ပိုင်းက မဲဇလီကုန်းမြို့ အမှတ် (၄)ရပ်ကွက် ဧက ၁၀၀ စိုက်ခင်းရှိ တောင်သူဦးဝင်းထိန်၏ ၁ ဒသမ ၅ ဧကကွက်တွင် ပြုလုပ်ခဲ့သည်။

အဆိုပါသရုပ်ပြပွဲတွင် မြို့နယ်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မား ရေးကြီးကြပ်မှုလုပ်ငန်း အကောင်အထည်ဖော်ရေး ကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်မိုးနှင့်အဖွဲ့ဝင်များ၊ စက်မှုလယ်ယာ စခန်း(ဆွယ်) အင်္ဂပူမြို့မှ မြို့နယ်ဦးစီးဌာနမှူး ဦးအောင်ကိုကိုတင်နှင့် ဝန်ထမ်းများ၊ ဧက ၁၀၀ စိုက်ခင်းမှ တောင်သူများက KUBOTA ကောက်စိုက် စက်ဖြင့် သရုပ်ပြစိုက်ပျိုးမှုအား ကြည့်ရှုအားပေးခဲ့ကြသည်။

KUBOTA ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းဖြင့် ပျိုးထောင်ရ လွယ်ကူခြင်း၊ မျိုးစေ့ကုန်ကျမှုနည်းပါးခြင်း၊ ပျိုးပင်များနုတ်ယူရန်မလို ခြင်း၊ ပျိုးပင်မနာသဖြင့် ကောက်ပင်လှန်ရက် စောင့်ဆိုင်းရန်မလိုခြင်း၊ ကောက်ပင်များ နေ၊ ရေ၊ လေ အာဟာရမျှတစွာရရှိခြင်း၊ ကောက်ရိတ် စက်ဖြင့် စိုက်ပျိုးထားသောစပါးခင်းအား ရိတ်သိမ်းခြွေလှေ့စက်ကြီးများ ဖြင့် အလွယ်တကူရိတ်သိမ်းနိုင်ခြင်း စသည့်အကျိုးကျေးဇူးများရရှိနိုင် ကြောင်း သိရသည်။ **မန်းကျော်(ပြန်/ဆက်)**

## မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်

**နေပြည်တော် ဇူလိုင် ၅**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက် လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေ သည် တစ်နာရီလျှင် ၃၅ မှ မိုင်၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၂ ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၆-၇-၂၀၂၂ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၇၀ | ၂၁၁၅ | ၂၁၁၀ | ၂၀၈၀ | ၂၁၁၅ | ၂၁၄၀ | ၂၁၂၅ | ၂၁၀၀ | ၂၁၉၅ | ၂၂၁၀ | ၂၁၁၀ | ၂၁၁၅ | ၂၁၅၀ | ၂၁၅၀ | ၂၁၅၅ | ၂၃၇၅ | ၂၇၂၅ |
| 95 Ron | ၂၁၉၅ | ၂၂၄၀ | ၂၂၄၀ | ၂၂၀၀ | ၂၂၄၀ | ၂၂၆၀ | ၂၂၄၅ | ၂၂၂၅ | ၂၃၂၀ | ၂၃၃၅ | ၂၂၃၀ | ၂၂၅၀ | ၂၂၇၅ | ၂၂၇၅ | ၂၂၈၀ | ၂၄၉၅ | ၂၇၈၅ |
| HSD (500 ppm) | ၂၃၈၀ | ၂၄၂၅ | ၂၄၂၀ | ၂၃၈၅ | ၂၄၂၅ | ၂၄၄၅ | ၂၄၄၅ | ၂၄၁၀ | ၂၅၂၅ | ၂၅၂၀ | ၂၄၁၅ | ၂၄၂၅ | ၂၄၆၀ | ၂၄၆၀ | ၂၄၆၅ | ၂၆၈၅ | ၃၀၂၀ |
| HSD (50 ppm) | ၂၄၁၀ | ၂၄၅၅ | ၂၄၅၀ | ၂၄၁၅ | ၂၄၅၅ | ၂၄၇၅ | ၂၄၇၀ | ၂၄၄၀ | ၂၅၅၅ | ၂၅၅၀ | ၂၄၄၅ | ၂၄၅၅ | ၂၄၉၀ | ၂၄၉၀ | ၂၄၉၀ | ၂၇၁၀ | ၃၀၅၀ |
| HSD (10 ppm) | ၂၄၁၀ | ၂၄၅၅ | ၂၄၅၀ | ၂၄၁၅ | ၂၄၅၅ | ၂၄၇၅ | ၂၄၇၀ | ၂၄၄၀ | ၂၅၅၅ | ၂၅၅၀ | ၂၄၄၅ | ၂၄၅၅ | ၂၄၉၀ | ၂၄၉၀ | ၂၄၉၀ | ၂၇၁၀ | ၃၀၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၇၀ | ၂၀၄၃ |
| 95 Ron | ၂၀၉၀ | ၂၁၆၅ |
| HSD (500 ppm) | ၂၂၇၀ | ၂၃၄၅ |
| HSD (50 ppm) | ၂၂၉၇ | ၂၃၇၃ |
| HSD (10 ppm) | ၂၂၉၇ | ၂၃၇၃ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## ကြက်မောက်တောင် ရေလှောင်တမံမှ မိုးစပါး လျာထားဧက ၄၀၀၀ အတွက် စိုက်ပျိုးရေစတင်ပေးဝေလျက်ရှိ

နေပြည်တော် ဇူလိုင် ၅

ကြက်မောက်တောင်ရေလှောင်တမံမှ ယခုနှစ်မိုးစပါးလျာထားဧက ၄၀၀၀ အတွက် စိုက်ပျိုးရေကို ဇူလိုင် ၃ ရက်မှ စတင်ပေးဝေလျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

"ဒီဒေသက မိုးနည်းတဲ့အတွက် စိုက်ပျိုးရေနဲ့သောက်သုံးရေအတွက် ဆည်ရေကို အသုံးပြုကြရပါတယ်။ ဒီရေလှောင်တမံကနေ အကျိုးပြုနေတဲ့ ကျေးရွာအုပ်စု ကိုးအုပ်စု ရှိပြီး ဒီနှစ်မိုးစပါးစိုက်ရာသီမှာ ဧက ၄၀၀၀ အတွက် စိုက်ပျိုးရေပေးသွားမှာ ဖြစ်ပါတယ်။ မနှစ်က နွေသီးနှံစိုက်ရာသီမှာ နွေစပါး ၃၈၅ ဧက၊ အခြားသီးနှံ နွေနှမ်း ၂၁၉၈ ဧကနဲ့ ဆီထွက်သီးနှံနေကြာ မျိုးစေ့ထုတ် ၅၆ ဧက စုစုပေါင်း ၂၆၃၉ ဧကကို စိုက်ပျိုးရေပေးနိုင်ခဲ့ပါတယ်" ဟု မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဦးစီးအရာရှိက ပြောသည်။

ကြက်မောက်တောင်ရေလှောင်တမံသည် မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ်အတွင်းတည်ရှိကာ ရေရှားဒေသကျေးရွာများ သောက်သုံးရေရရှိရေးနှင့် စိုက်ပျိုးရေရရှိရေးတို့အတွက် ရည်ရွယ်တည်ဆောက်ထားသည့် ရေလှောင်တမံတစ်ခုဖြစ်သည်။

ကြက်မောက်တောင် ရေလှောင်တမံ ဆည်ရေသောက်ဧရိယာအတွင်းရှိ မြောင်းလက်တံအလိုက် မိုးစပါးစိုက်ပျိုးရန်အတွက် လျာထားဧက ၄၀၀၀ ရှိရာ လက်ဝဲမြောင်းမကြီးရှိ ကျေးရွာအုပ်စု ရှစ်အုပ်စု ကွင်းပေါင်း ၁၈ ကွင်းအတွက် လျာထားဧက ၂၈၆၅ ဧက၊ လက်ယာမြောင်းမကြီးရှိ ကျေးရွာအုပ်စု လေးအုပ်စု ကွင်းပေါင်း ၁၃ ကွင်းအတွက် လျာထားဧက ၁၁၃၅ ဧကရှိသည်။

ကြက်မောက်တောင်ရေလှောင်တမံသည် တောင်ဇင်းချောင်းနှင့် ကျောက်ပုံချောင်းတို့မှ စီးဝင်ရေကိုသိုလှောင်ကာ စိုက်ပျိုးရေပေးဝေနေခြင်းဖြစ်ပြီး ကန်ရေပြည့်ရေလှောင်ပမာဏ ဧကပေ ၇၃၁၀၀ နှင့် ကန်ရေသေ ရေလှောင်ပမာဏ ဧကပေ ၃၁၀၀ ရှိသည်။ ရေလှောင်တမံသည် တမံအမြင့် ၁၁၂ ဒသမ ၅ ပေ၊ တမံအလျား ပေ ၈၅၀၀ ရှိပြီး ရေလှောင်တမံကို ၁၉၆၁-၁၉၆၂ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ကာ ၁၉၆၆-၁၉၆၇ ခုနှစ်တွင် ပြီးစီးခဲ့ကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

**ဟန်ရဲ**

## ညောင်လေးပင်မြို့နယ်အတွင်း မိုးစပါးမျိုးသန့်မျိုးစေ့ထုတ်နှင့် စံပြစိုက်ကွက်များ ဆောင်ရွက်ထားရှိ

ညောင်လေးပင် ဇူလိုင် ၅

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်၌ မိုးစပါးဆင်းသုခမျိုးသန့်မျိုးစေ့ထုတ်နှင့် စံပြကွက်၊ စမ်းသပ်ကွက်များ ဆောင်ရွက်ထားရှိမှုကို ဇူလိုင် ၄ ရက်က ညောင်လေးပင်ခရိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်စိုးက ကွင်းဆင်းကြည့်ရှုရာ မြို့နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး ကြီးကြပ်မှုကော်မတီ အဖွဲ့ဝင်များက လိုက်လံရှင်းလင်းပြသကြသည်။



ယနေ့ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာတွင် ညောင်လေးပင်မြို့နယ်ရှိ ရေဆုံးကျေးရွာ၊ မအူတန်းကျေးရွာ၊ ဝဲဝန်းကျေးရွာ၊ စမ်းကလေးကျေးရွာတို့တွင် စိုက်ပျိုးရန်ဆောင်ရွက်ထားရှိသော မျိုးရွေးချယ်စိုက်ပျိုးခြင်းစံပြစိုက်ကွက်များ၊ မျိုးသန့်မျိုးစေ့ထုတ် စံပြစိုက်ကွက်များ၊ ကောက်စိုက်စက်ဖြင့်စိုက်ပျိုးခြင်း စံပြစိုက်ကွက်များကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်အုပ်ချုပ်ရေးမှူးက တာဝန်ရှိသူများအား မိုးစပါးအထွက်နှုန်းကောင်းမွန်ရေး၊ တောင်သူများ ကုန်ကျစရိတ်သက်သာပြီး စိုက်ပျိုးနည်းစနစ်များ မှန်ကန်စေရေးတို့နှင့် ပတ်သက်၍ လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**နေလင်း**

## စစ်ကိုင်းမြို့ ဧရာဝတီမြစ်အတွင်း ငါးရစ်ငါးသန်ကာလ ငါးဖမ်းဆီးမှုမရှိစေရေး ကွင်းဆင်းစစ်ဆေး

စစ်ကိုင်း ဇူလိုင် ၅

စစ်ကိုင်းတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ ငါးရစ်ငါးသန်ကာလ ငါးဖမ်းဆီးမှုများမရှိစေရေး၊ တရားမဝင်ငါးဖမ်းနည်းများဖြင့် ငါးဖမ်းဆီးမှုမရှိစေရေးတို့အတွက် ယနေ့ နံနက်ပိုင်းက ဧရာဝတီမြစ်အတွင်း အေးမြဝတီရပ်ကွက်နှင့် နောက်ကြည့်ကျွန်းအကြား ကွင်းဆင်းစစ်ဆေးသည်။

ကွင်းဆင်းစစ်ဆေးရာတွင် ခရိုင်ငါးလုပ်ငန်းဦးစီးမှူး ဦးရဲထွန်းနိုင်နှင့် ခရိုင်ငါးလုပ်ငန်း ဦးစီးမှူးရုံးမှ ဝန်ထမ်းများသည် ရေလုပ်သားများအား ငါးရစ်ငါးသန်ကာလ ငါးမဖမ်းဆီးရေးနှင့် ငါးလုပ်ငန်းဦးစီးဌာနမှ ဆောင်ရွက်နေသည့် ငါးသယံဇာတ ထိန်းသိမ်းရေးလုပ်ငန်းများနှင့်ပတ်သက်၍ ဟောပြောခဲ့ပြီး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မန္တလေးတောင်တော်ဆုတောင်းပြည့်စေတီတော်မြတ်ကြီးနှင့် အရံစေတီတော်လေးဆူတို့အား လုံးတော်ပြည့်ရွှေသင်္ကန်း၊ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ဗုဒ္ဓါဘိသေကဘုရားအနေကဇာတင်လှူပူဇော်ခြင်း အခမ်းအနားကျင်းပ



**မန္တလေး ဇူလိုင် ၅**

မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ မန္တလေးတောင်တော်ဆုတောင်းပြည့် စေတီတော်မြတ်ကြီးနှင့် အရံစေတီတော်လေးဆူတို့အား လုံးတော်ပြည့်ရွှေသင်္ကန်းဆက်ကပ်ခြင်း၊ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူခြင်းနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင်လှူပူဇော်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါစေတီတော်မြတ်ကြီးရင်ပြင်တော်တွင်ကျင်းပရာ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် မစိုးရိမ်တိုက်သစ် မဟာနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ အမှူးပြုသော ဆရာတော်၊ သံဃာတော် ၁၀၈ ပါး ကြွရောက်ချီးမြှင့်တော်မူကြပြီး မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကိုနှင့်ဇနီး အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်ရွှေဥ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်မှ အရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ဌာနဆိုင်ရာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

**လျှောက်ထား**

ဦးစွာအခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ဖွင့်လှစ်၍ ဗုဒ္ဓရောင်ခြည်တော်ဘွဲ့သီချင်းဖြင့် ပူဇော်ပြီးနောက် ကိုးပါးသီလခံယူဆောက်တည်ကြကာ ပရိတ်တရားတော်မြတ်နာယူခြင်း၊ ဥပါသကာများက ပရိတ်ချည်၊ ပရိတ်ရေ၊ ပရိတ်သဲ၊ ပရိတ်ပန်းများကို စေတီတော်မြတ်ကြီး၏ ပရိဝုဏ်အား ပက်ဖျန်းချည်နှောင်ခြင်းများ ဆောင်ရွက်ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာများ လျှောက်ထားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်မိသားစုက မွေးနေ့အလှူမင်္ဂလာအဖြစ်လှူဒါန်းသောသင်္ကန်း ၁၀၈ စုံနှင့် နဝကမ္မဝတ္ထုငွေကျပ် ၁၀၈ သိန်းကို တိုင်းဒေသကြီးဝန်ကြီးချုပ်မိသားစု၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းစစ်ဌာနချုပ်မှအရာရှိကြီးများက ဆက်ကပ်လှူဒါန်းသည်။ ယင်းနောက် ကြာလှန်မှ စေတီအောက်ခြေအထိ ရွှေသင်္ကန်းဆက်လက်ဆက်ကပ်ပူဇော်နိုင်ရန်အတွက် အလှူရှင်များက ငွေကျပ်သိန်း ၄၀၀ လှူဒါန်းကြရာ ဝန်ကြီးချုပ်က လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ ရေစက်သွန်းချ အမျှပေးဝေခဲ့ကြသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့်ဇနီး၊ တက်ရောက်လာသူများက ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် အရံစိန်ဖူးတော်များကို စေတီတော်မြတ်ကြီးအား လက်ယာရစ်သုံးပတ် ပင့်ဆောင်ပူဇော်ကြပြီး စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်အား စေတီတော်ထီးတော်သို့ ပင့်ဆောင်ကာ ဆရာတော်ကြီးများက ဦးဆောင်၍ မင်္ဂလာအချိန်၌ ထီးတော်တွင်ဆက်ကပ်တပ်ဆင်ပူဇော်ကြသည်။ ဆက်လက်၍မစိုးရိမ်တိုက်သစ် ဆရာတော်အမှူးပြုသော ဆရာတော်သံဃာတော်များက ဆုတောင်းပြည့်စေတီတော်မြတ်ကြီးရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဗုဒ္ဓါဘိသေကအနေကဇာတင်လှူ ပူဇော်ကြပြီး နေ့ဆွမ်းဆက်ကပ်ခဲ့ကြသည်။

မန္တလေးတောင်တော်ကြီးကို သာသနာ့ဟိတဓဇနာယက ရသေ့ကြီးဦးခန္တီက ၁၂၆၉ ခုနှစ်မှစ၍ နှစ်ပေါင်း ၁၀၀ ကျော်တိုင်အောင် ပျက်စီးယိုယွင်းမှုအား နှစ်ရှည်တည်တံ့အောင် စီမံပြုပြင်တည်ဆောက် ကိုးကွယ်ခဲ့ကြောင်း၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူခြင်းတို့ကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာလတွင် ဆောင်ရွက်ခဲ့ရာ ရှစ်နှစ်ကြာခဲ့ပြီဖြစ်ကြောင်းနှင့် ယနေ့ကပ်လှူမှု၌ စိန်ဖူးတော်ထိပ်တွင် စိန်အစစ်ချွန်းတစ်ပွင့်၊ မြရတနာ ၄၉ ပွင့်နှင့် စိန်၊ ရွှေ၊ ပတ္တမြားစသည့် ရတနာပစ္စည်းများ တပ်ဆင်ပူဇော်ခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများက မန္တလေးတောင်အတက်အဆင်းကားလမ်းတစ်လျှောက် မန္တလေးတောင်တော်သို့ လာရောက်လည်ပတ်သည့် ဘုရားဖူးပြည်သူများ စိတ်ချမ်းမြေ့စွာ ဘုရားဖူးနိုင်ရန်အတွက် သနပ်ခါးပန်းပင်များကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကညင်ချောင်းစီးပွားရေးဇုန် ဖွံ့ဖြိုးလာသည်နှင့်အမျှ နယ်စပ်ကုန်သွယ်ရေး လုပ်ငန်းများမှတစ်ဆင့် နိုင်ငံတော်၏ဝင်ငွေကို တိုးမြှင့်ရှာဖွေပေးနိုင်

**စစ်တွေ ဇူလိုင် ၅**

ကညင်ချောင်းစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေး (၁/၂၀၂၂) ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၁ နာရီက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**သင်္ဘောများ အချိန်မရွေးဆိုက်ကပ်နိုင်**

ကညင်ချောင်းစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီနာယက ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်းက ကညင်ချောင်းစီးပွားရေးဇုန်သည် နေ့စဉ် ပြည်ပပို့ကုန်များ စဉ်ဆက်မပြတ် တင်ပို့နေရသောကြောင့် ပြည်နယ်အတွက် အားထားရသည့် ကုန်သွယ်ရေးဆိပ်ကမ်းတစ်ခုဖြစ်ကြောင်း၊ လက်ရှိအနေအထားအရ ပို့ကုန်အသာစီးရပြီး နိုင်ငံခြားဝင်ငွေ ရှာဖွေပေးနေသည့်နယ်စပ်ကုန်သွယ်ရေး စခန်းတစ်ခုလည်း ဖြစ်ကြောင်း၊ ကညင်ချောင်းစီးပွားရေးဇုန်၏ အဓိကအားသာချက်မှာ သင်္ဘောများ အချိန်မရွေး ဆိုက်ကပ်ဝင်ထွက်နိုင်ခြင်းပင် ဖြစ်ကြောင်း၊ လက်ရှိတွင် စီပွားရေးဇုန်အတွက် လိုအပ်သည့် ဆိပ်ခံတံတားများ ဆောင်ရွက်ပြီး ဖြစ်သည့်အတွက် နေ့စဉ်သင်္ဘောများ ဝင်ထွက်ဆိုက်ကပ်နေပြီဖြစ်ကြောင်း၊ စီးပွားရေးဇုန် ဖွံ့ဖြိုးလာသည်နှင့်အမျှ နယ်စပ်ကုန်သွယ်ရေး လုပ်ငန်းများမှတစ်ဆင့် နိုင်ငံတော်၏ဝင်ငွေကို တိုးမြှင့် ရှာဖွေပေးလာနိုင်မည်ဖြစ်ကြောင်း၊ လက်ရှိတွင် နယ်စပ်ကုန်သွယ်ရေးအတွက် အဓိကထားဆောင်ရွက်နေသော်လည်း ရေရှည်မျှော်မှန်းချက်အဖြစ် ဇုန်အတွင်းတွင် တန်ဖိုးမြှင့်ထုတ်ကုန်ထုတ်လုပ်မှုလုပ်ငန်းများအပါအဝင် အခြား ထုတ်လုပ်မှုလုပ်ငန်းများကိုလည်း နေရာချထားပြီး ဆောင်ရွက်ပေးသွားရန် လိုအပ်ကြောင်း ပြောကြားသည်။




**အကြံပြုဆွေးနွေးတင်ပြ**

ဆက်လက်၍ ကညင်ချောင်းစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးစံရွှေမောင်၊ ပြည်နယ်ဝန်ကြီးများ၊ ကော်မတီအတွင်းရေးမှူး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒေါက်တာထူးမင်းသိမ်း၊ ကညင်ချောင်းစီးပွားရေးဇုန်ဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြကြပြီး တက်ရောက်လာကြသူများက ကညင်ချောင်းစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ အကြံပြု ဆွေးနွေးတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် နိုင်ငံ့ဂုဏ်ဆောင်ခဲ့သော ချင်းပြည်နယ်မှ အားကစားသမားများနှင့် နည်းပြများအား ဂုဏ်ပြု

**ဟားခါး ဇူလိုင် ၅**

(၃၁) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့သော ချင်းပြည်နယ်မှ နိုင်ငံ့လက်ရွေးစင် အားကစားသမားများနှင့် နည်းပြများအား ဂုဏ်ပြုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက ဟားခါးမြို့ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးငွန်ဆန်းအောင်က အားကစားသည် နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ ကျန်းမာကြံ့ခိုင်မှု၊ ဖွံ့လုံ့လ၊ ဝီရိယ ကြီးမားမှုနှင့် စည်းလုံးညီညွတ်မှုတို့ကိုပေါ်လွင်စေပြီး တရားမျှတမှုရှိသော စွမ်းရည်ပြ ယှဉ်ပြိုင်မှုဖြစ်သည့်အပြင် အားကစားသည် နိုင်ငံသူနိုင်ငံသားများ၏ စိတ်နှလုံးကို ဆွဲဆောင်သိမ်းသွင်းနိုင်ပြီး နိုင်ငံ့ဂုဏ်၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကိုဆောင်ကာ အမျိုးသားရေးစိတ်ဓာတ်ကို ပိုမိုထက်သန်စေနိုင်ခဲ့ကြောင်း၊ ပြည်နယ်ဂုဏ်ကို အားကစားဖြင့်မြှင့်တင်ပေးခဲ့ကြသည့် လက်ရွေးစင်အားကစားသမားများနှင့် နည်းပြများကို မှတ်တမ်းတင် ဂုဏ်ပြုကြောင်းနှင့် ချင်းပြည်နယ်နှင့် နိုင်ငံကိုယ်စားပြုအဆင့်မှ အရှေ့တောင်အာရှ၊ ကမ္ဘာ့အဆင့်အထိ ထိုးဖောက်နိုင်သည့် နိုင်ငံ့သားကောင်းများဖြစ်အောင် ဆက်လက်ကြိုးပမ်းပြီး နိုင်ငံတကာတွင် နိုင်ငံ့ဂုဏ်ကို အားကစားဖြင့် မြှင့်တင်ပေးနိုင်ပါစေကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ရွှေတံဆိပ်ဆုရရှိခဲ့ကြသည့် အားကစားသမားများနှင့် နည်းပြများအတွက် ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

ဆည်မြောင်းချောင်းကန် ရေပြည့်လျှံ တမံသဘော ရေထိန်းတော။

# ၁-၇-၂၀၂၂ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် (၁၇) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ အမေး၊ အဖြေများ




(ယမန်နေ့မှအဆက်)

**Myanmar National Post သတင်းဌာနမှ အယ်ဒီတာချုပ်နောင်တော်လေး**က ယခုရက်ပိုင်းအတွင်း နိုင်ငံရေးပါတီများအကြားတွင် ပြောနေသည်မှာ အသစ်ထွက်လာမည့် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေတွင် နိုင်ငံရေးပါတီများအားလုံးပြန်လည်မှတ်ပုံတင်ရမည်ဖြစ်ပြီး လူဦးရေတိုးမြှင့်ကန့်သတ်ချက်များပါနေသည်ဆိုသည့် သတင်းစကားများထွက်နေကြောင်း၊ ယင်းကိစ္စသည်အမှန် ဖြစ်၊ မဖြစ်သိလိုပါကြောင်း၊ ထို့ပြင်နိုင်ငံရေးပါတီများကို စစ်ဆေးသည့်အချိန်တွင် နိုင်ငံရေးပါတီရန်ပုံငွေများကို ဥပဒေနှင့်မညီဘဲ သုံးစွဲခြင်းမျိုးကို စိစစ်တွေ့ရှိခြင်း ရှိ၊ မရှိ၊ NLD ပါတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်၊ ဒုဥက္ကဋ္ဌ ဒေါက်တာဇော်မြင့်မောင်တို့ကို အဂတိလိုက်စားမှုဖြင့် တရားစွဲဆိုထားကြောင်း၊ အဂတိဖြင့်ရရှိသည့်ငွေကြေးများကို ပါတီအတွက် အသုံးပြုထားခြင်းမျိုး စိစစ်တွေ့ရှိခြင်း ရှိ၊ မရှိ၊ ယင်းကိစ္စများအတွက် သီးခြားအရေးယူမှုများရှိလျှင် သိလိုပါကြောင်း မေးမြန်းသည်။

## ခိုင်မာအားကောင်းသည့် ပါတီများ ဖြစ်လာရန်ရည်ရွယ်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်ဦး**က သတင်းထောက်ကြီးမေးသည့်မေးခွန်းနှင့်ပတ်သက်ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို အသစ်ပြဋ္ဌာန်းရန် ဆောင်ရွက်နေကြောင်း၊ အလားတူ သက်ဆိုင်ရာနည်းဥပဒေကိုလည်း ထုတ်ပြန်နိုင်ရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားကြောင်း၊ နိုင်ငံရေးပါတီများကို စစ်ဆေးတွေ့ရှိချက်အရသော်လည်းကောင်း၊ နိုင်ငံရေးပါတီများကို ခိုင်မာအားကောင်းသည့် နိုင်ငံရေးပါတီများဖြစ်လာရန်ရည်ရွယ်ပြီး နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေကို ပြင်ဆင်ခြင်းဖြစ်ကြောင်း၊ ထိုသို့ပြင်ဆင်သည့်အခါ နိုင်ငံရေးပါတီတစ်ခုအနေဖြင့် ရှိသင့်ရှိထိုက်သည့် လူအင်အားများ၊ ပါတီဝင်အင်အားများရှိရန်၊ ဤနေရာတွင် တိုင်းဒေသကြီး၊ ပြည်နယ်တစ်ခုတွင် စည်းရုံးမည့်ပါတီ၊ ပြည်ထောင်စုတစ်ဝန်းလုံးတွင် စည်းရုံးမည့်ပါတီဆိုပြီး ကွဲပြားခြင်းရှိကြောင်း၊ ပါတီအမျိုးအစားအလိုက် ရှိသင့်သည့် စည်းရုံးသင့်သည့် အင်အားများ၊ ရှိသင့်သည့် ဘဏ္ဍာငွေကြေးများ၊ ၎င်းတို့၏ ပါတီရုံးခွဲများကိုလည်း ရှိသင့်ရှိထိုက်သည့် ပါတီရုံးခွဲများရှိရန်၊ ၎င်းအပြင်ပါတီများသည် ရွေးကောက်ပွဲတွင် သင့်တင့်ထိုက်သင့်သည့် ယှဉ်ပြိုင်မှုများ ယှဉ်ပြိုင်နိုင်ရန်လိုအပ်ကြောင်း၊ ထိုအချက်အလက်နှင့်ပြည့်စုံပြီး ခိုင်မာအားကောင်းသည့် ပါတီများဖြစ်လာရန်ရည်ရွယ်၍ လိုအပ်သည်များထည့်သွင်းပြီး ပြဋ္ဌာန်းနိုင်ရန် မိမိတို့ဆောင်ရွက်ဆဲဖြစ်ကြောင်း၊ အတိအကျ အသေးစိတ်ကို နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေထွက်လာသည့်အချိန်တွင် ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း၊ ပါတီများစစ်ဆေးရာတွင် ငွေစာရင်းနှင့်ပတ်သက်ပြီး ပါတီ ၈၀ ကျော် စစ်ဆေးပြီးဖြစ်ကြောင်း၊ NLD ပါတီကို မစစ်ဆေးရသေးကြောင်း၊ စစ်ဆေးရန်ဆောင်ရွက်ဆဲဖြစ်ကြောင်း၊ ပါတီပိုင်ငွေများကို သုံးစွဲခြင်းသည် သက်ဆိုင်ရာပါတီများ၏ ဖွဲ့စည်းပုံစည်းမျဉ်းအရ၊ ၎င်းတို့ကော်မတီအရ၊ သုံးစွဲပိုင်ခွင့်အရသုံးစွဲခြင်းမျိုးရှိကြောင်း၊ သို့သော် ထိုငွေများရရှိလာသည့် အကြောင်းအရင်းကိုမူ ယင်းပါတီငွေကြေးအဝင်၊ အထွက်ကို မစစ်ဆေးရသည့်အတွက် မိမိတို့အနေဖြင့် ယခုအချိန်တွင် အတိအကျပြောဆိုနိုင်ခြင်းမရှိကြောင်း၊ စစ်ဆေးခဲ့ပြီးသည့်ပါတီများ အနေအထားမှာ ပါတီများ၏ ငွေစာရင်း၊ တချို့စာရင်းဇယားများကို စစ်ဆေးတွေ့ရှိရသည့် အားနည်းချက်များ၊ လိုအပ်ချက်များကို သက်ဆိုင်ရာအစိုးရဌာနဆိုင်ရာ အဖွဲ့အစည်းများလည်း ပါသည့်အတွက် စနစ်တကျဖြစ်အောင် လိုအပ်သည်များကိုပြသပြီး စနစ်တကျဆောင်ရွက်နိုင်ရေးအတွက် မှာကြားခဲ့ခြင်း၊ ပြုပြင်ပေးခြင်းများဆောင်ရွက်ခဲ့ကြောင်း ဖြေကြားသည်။

**မြန်မာသံတော်ဆင့်သတင်းဌာနမှ အယ်ဒီတာ ဦးကိုကိုကြီး**က ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲမတိုင်မီ အာဏာရပါတီသည် ရွေးကောက်ပွဲအောင်နိုင်ရေးအဖွဲ့ဖွဲ့သော်လည်း ထိုအောင်နိုင်ရေးအဖွဲ့များသည် နိုင်ငံရေးအာဏာရှိသူများ ပါဝင်ပတ်သက်နေသည်ကို တွေ့ရကြောင်း၊ ယင်းအာဏာကိုအသုံးပြုပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်ရုံးများကို ဝင်ရောက်စွက်ဖက်ပြီး မှတ်တမ်းဟောင်းများ၊ မဲစာရင်းအဟောင်းများကို သုသာန်များသို့ယူဆောင်ပြီး မီးရှို့ဖျက်ဆီးခြင်းများတွေ့ရကြောင်း၊ ယင်းကိစ္စများသည် ဥပဒေနှင့် ညီ၊ မညီ သိလိုပါကြောင်း၊ မီးရှို့ဖျက်ဆီးခဲ့သည့် ခရိုင်/မြို့နယ်များ၏ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်ဦးရေမည်မျှ အရေးယူထားသည်ကို သိလိုကြောင်းနှင့် ရွေးကောက်ပွဲ အောင်နိုင်ရေးအဖွဲ့ဝင်များကို မြို့နယ်အလိုက် မည်မျှအရေးယူထားသည်ကို သိလိုပါကြောင်း မေးမြန်းသည်။

## ကြိုတင်မဲလက်မှတ်များကို မီးရှို့ဖျက်ဆီးခဲ့သည့်ဖြစ်စဉ် နှစ်ခုဖြစ်ခဲ့

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်ဦး**က သတင်းထောက်ကြီး မေးသည့်အပိုင်းတွင် အပိုင်းနှစ်ပိုင်းရှိပါကြောင်း၊ တစ်ပိုင်းက မီးရှို့ဖျက်ဆီးသည့်အပိုင်းဖြစ်ကြောင်း၊ သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲများသည် လွှတ်တော်သက်တမ်းတစ်ခုအတွင်းတွင် ထိန်းသိမ်းရသည့် ရွေးကောက်ပွဲဆိုင်ရာစာရွက်စာတမ်းများရှိကြောင်း၊ လွှတ်တော်သက်တမ်း ငါးနှစ်ပြည့်သည့်အခါ နောက်ရွေးကောက်ပွဲကျင်းပပြီး နောက်ပိုင်းတွင် မီးရှို့ဖျက်ဆီးခြင်းသည် ပုံမှန်မီးရှို့ဖျက်ဆီးခြင်းလုပ်ငန်းဖြစ်ကြောင်း၊ ယင်းသည် မီးရှို့၍ဖြစ်စေ၊ ဖျက်ဆီးပစ်ရမည့် အခွင့်အာဏာအရဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ယင်းမှာရုံးများတွင်ရှိသည့်မှတ်တမ်းများ ငါးနှစ်ရှိသည့်အတွက် နောက်ရွေးကောက်ပွဲလည်း ပြီးသွားသည့်အချိန်တွင် လုံခြုံရေးအဆင့်အတန်းလျှော့ချပြီး ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ယင်းသည်လုပ်ထုံးလုပ်နည်းအရ စနစ်တကျမှတ်တမ်းတင် တင်ပြပြီး ခွင့်ပြုချက်ရယူ ဆောင်ရွက်ရခြင်းဖြစ်ကြောင်း။

နောက်တစ်ခုမှာ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ၌ ရွေးကောက်ပွဲအတွက် ကြိုတင်မဲပေးသည့်ကာလတွင် ကြိုတင်မဲလက်မှတ်များကို မီးရှို့ဖျက်ဆီးခဲ့သည့်ဖြစ်စဉ် နှစ်ခုဖြစ်ခဲ့ကြောင်း၊ လပွတ္တာမြို့နယ် ညောင်လိမ်ကျေးရွာအုပ်စုတွင် တစ်ကြိမ်နှင့် မြစ်ကြီးနားမြို့နယ် ရမ်ပူရပ်ကွက်တို့တွင် တစ်ခုဖြစ်ခဲ့ကြောင်း၊ ကြိုတင်မဲလက်မှတ်များကို မီးရှို့ခြင်း၊ မဲလက်မှတ်များကို မြို့နယ်ရုံးမှယူပြီး ဆန္ဒမဲပြုသည့် နေရာတွင် တရားမဝင်အသုံးပြုကြောင်း၊ ပြီးမှ ပိုသည့်ဆန္ဒမဲလက်မှတ်များကို မီးရှို့ဖျက်ဆီးခဲ့ကြောင်း၊ ယင်းကိစ္စများကို ယခင်သတင်းစာရှင်းလင်းပွဲတွင် တင်ပြခဲ့ပြီးဖြစ်ကြောင်း၊ ယင်းကိစ္စများနှင့်ပတ်သက်ပြီး ပါဝင်သည့် ဩဇာလွှမ်းမိုးပြီး ခိုင်းစေသူများရော လက်တွေ့ ပါဝင်ပတ်သက်ကျူးလွန်သူများကိုပါ ဥပဒေနှင့်အညီ ရဲစခန်းများတွင် တိုင်တန်းပြီး အမှုဖွင့်ထားခြင်းမျိုးလည်းရှိကြောင်း၊ သက်ဆိုင်ရာတရားရုံးများတွင် ဦးတိုက်လျှောက်ထားပြီး သက်ဆိုင်ရာဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း၊ အရေးယူထားသည့် အရေအတွက်ကို မိမိအစောပိုင်းက ရှင်းလင်းတင်ပြသည့် အထဲတွင်ပါဝင်ကြောင်း၊ သက်ဆိုင်သူများကို စာရင်းဇယားများအတိုင်း အရေးယူဆောင်ရွက်ထားကြောင်း ဖြေကြားသည်။

**Myanmar Nation Voice သတင်းဌာနမှ သတင်းထောက် ဒေါ်ဆွေဇင်ဦး**က UDP ကို မတရားအသင်းအဖြစ် ကြေညာခဲ့သည့်အချိန်က အင်မတန်မြန်ဆန်ခဲ့ကြောင်း၊ NLD ပါတီကို တရားမဝင်အသင်းအဖြစ် ကြေညာနိုင်ရန် ခိုင်လုံသည့်အထောက်အထားသက်သေများမရှိသေးဘူးလား၊ ပါတီပိုင်ငွေများကို EC မထိုင်ဘဲ လိုသလိုသုံးစွဲနေခြင်းသည် အဂတိမြောက်ပါသလား၊ တိုင်ကြားမှု သို့မဟုတ် ကျော်စောမှုများဖြစ်လာလျှင် UEC က မည်သို့ပါဝင်ဆောင်ရွက်ခွင့် မည်ကဲ့သို့ဆုံးဖြတ်ခွင့်များရှိသည်ကို သိလိုပါကြောင်း မေးမြန်းသည်။

## ဥပဒေနှင့်အညီစစ်ဆေးပြီး အရေးယူဆောင်ရွက်မည်ဖြစ်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး**က UDP ပါတီကို အားလုံးသိသည့်အတိုင်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၁၂ (က) ရပ်တည်ပိုင်ခွင့်မရှိသည့် ပုဒ်မအရ ၂၀၂၀ ပြည့်နှစ် ၁၀ လပိုင်းတွင် ဖျက်သိမ်းခဲ့ခြင်းရှိကြောင်း၊ သတင်းထောက်ကြီးက NLD ပါတီကို မတရားအသင်းအဖြစ်ကြေညာရန် ခိုင်လုံသည့်သက်သေရှိ၊ မရှိ မေးသည်ဟုနားလည်ကြောင်း၊ ထိုကိစ္စနှင့်ပတ်သက်ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ယခင်ကဖြေခဲ့သကဲ့သို့ တည်ဆဲနိုင်ငံရေးပါတီ ၉၂ ပါတီထဲက ၈၄ ပါတီကိုစစ်ဆေးပြီးဖြစ်ကြောင်း၊ လက်ရှိတစ်ပါတီက စစ်ဆေးဆဲဖြစ်ကြောင်း၊ NLD ပါတီအပါအဝင် ခုနစ်ပါတီက စစ်ဆေးရန်ကျန်ရှိနေသေးကြောင်း၊ စစ်ဆေးနိုင်ရေး ဆောင်ရွက်ဆဲလုပ်ငန်းများရှိကြောင်း၊ သက်ဆိုင်သည့် စာရင်းဇယားများအားလုံးပါဝင်ကြောင်း၊ CEC ကအစ၊ ပါတီဝင်အင်အားစာရင်းကအစ သက်ဆိုင်သည့် အချက်အလက် ၂၀ ခန့်ကို စစ်ဆေးကြောင်း၊ ယင်းအချက်အလက်များကို ခိုင်ခိုင်မာမာအတည်ပြုပြီး လက်ရှိအခြေအနေတွင် အတည်ပြုနိုင်သည့်အနေအထားမျိုးတွင် ကျူးလွန်မှုနှင့်ပတ်သက်၍ မိမိတို့ တိတိကျကျဖော်ထုတ်ဆုံးဖြတ်နိုင်မည်ဖြစ်ကြောင်း။

အဓိက မစစ်ဆေးရသေးသည့်အတွက် စစ်ဆေးရန်ဆောင်ရွက်နေကြောင်း၊ စစ်ဆေးပြီးမှ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်းနှင့် ပါတီပိုင်ငွေကြေးများသုံးစွဲခြင်း၊ EC သုံးသည့်ကိစ္စများသည် ငွေကြေးကိစ္စနှင့်ပတ်သက်၍ မိမိဖြေကြားသည့်အတိုင်း ပါတီပိုင်ငွေကြေးများ၊ EC များကနေ ယင်း၏စည်းမျဉ်းနှင့်အညီ သုံးပိုင်ခွင့်အတိုင်းအတာနှင့် သုံးစွဲခြင်းဖြစ်ကြောင်း၊ တရားမဝင် သုံးစွဲခြင်းနှင့်ပတ်သက်ပြီး ပါတီဝင်တစ်ဦးကဖြစ်စေ၊ တခြားသူတစ်ဦးကဖြစ်စေ တိုင်ကြားခြင်း၊ တခြားနည်းတစ်ခုခုဖြင့်ဖြစ်စေ မည်သည့်နည်းဖြင့်ဖြစ်စေ UEC ကသိလျှင် ဥပဒေနှင့်အညီစစ်ဆေးပြီး လိုအပ်သလို အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း ဖြေကြားသည်။

## တချို့ပါတီခေါင်းဆောင်များ ထွက်ပြေးတိမ်းရှောင်

ဆက်လက်၍ **Myanmar Nation Voice သတင်းဌာနမှ သတင်းထောက် ဒေါ်ဆွေဇင်ဦး**က ရွေးကောက်ပွဲကလည်း အလွန်ပင်နီးလာပြီဟု ယူဆပါကြောင်းနှင့် ခုနစ်ပါတီကို မည်သည့်အတွက်ကြောင့် စစ်ဆေးရန် နှောင့်နှေးကြန့်ကြာနေရသည်ကို သိလိုပါကြောင်း မေးမြန်းသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး**က ပါတီများကို ၂၃-၈-၂၀၂၁ တွင် စတင်စစ်ဆေးခဲ့သည့်အတွက် တစ်နှစ်နီးပါးရှိပြီဖြစ်ကြောင်း၊ ကြန့်ကြာနေသည့် ၁၀ ပါတီရှိကြောင်း၊ ကြန့်ကြာနေရခြင်းအကြောင်းမှာ တချို့ပါတီခေါင်းဆောင်များသည် ထွက်ပြေးတိမ်းရှောင်နေကြောင်း၊ တချို့ဥက္ကဋ္ဌ၊ တာဝန်ရှိသူများက ကျန်းမာရေးဆိုးရွားနေသည်ဟူ၍ ပြောဆိုခြင်းရှိကြောင်း၊ ထွက်ပြေးတိမ်းရှောင်နေသည်များလည်း ရှိကြောင်း၊ တချို့မှာ စစ်ဆေးခံရန်စာရင်းဇယားများ၊ လူများကို ပြန်စုဖွဲ့ပြီး စစ်ဆေးနိုင်ရန် ပြန်ပြီးဆောင်ရွက်နေဆဲများရှိကြောင်း၊ ယင်းကဲ့သို့ အကြောင်းအမျိုးမျိုးကြောင့်ဖြစ်သည့်အတွက် စစ်ဆေးနိုင်ရေးကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း ဖြေကြားသည်။

ဆက်လက်၍ **Myanmar Nation Voice သတင်းဌာနမှ သတင်းထောက် ဒေါ်ဆွေဇင်ဦး**က မည်သည့်အချိန်နောက်ဆုံးဟူ၍ အချိန်သတ်မှတ်ပေးရန် ရှိ၊ မရှိ သိလိုကြောင်း မေးမြန်းသည်။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက လတ်တလောတွင် အချိန်သတ်မှတ်ခြင်းမျိုးမရှိကြောင်း၊ သို့သော် ပြီးသင့်သည့်အချိန်တွင် ပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

**Cohesion News Agency မှ သတင်းထောက် ဦးရဲလင်းထွန်း**က ယခုအချိန်အထိ ငြိမ်းချမ်းမှုမရှိသေးသည့်အတွက် တပ်မတော်အာဏာထိန်းကာလ နှစ်နှစ်အတွင်း ရွေးကောက်ပွဲကို အချိန်မီကျင်းပပြုလုပ်နိုင်ပါမည်လား၊

**စာမျက်နှာ ၁၉ သို့** ■

■ စာမျက်နှာ ၁၈ မှ

UEC အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို မည်သို့တိုက်တွန်းအကြံပြု ပြောကြားလိုသည်ကို သိလိုကြောင်း မေးမြန်းသည်။

**လွတ်လွတ်လပ်လပ် ဆန္ဒမဲပေးနိုင်ရန် အနေအထားရှိရန်လို**

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်ဦး**က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လုပ်ငန်းစဉ်(၅)ရပ်မှ အမှတ်စဉ် ၅ အရ အရေးပေါ်ကာလဆိုင်ရာကိစ္စများ ဆောင်ရွက်ပြီးလျှင် လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပပေးရန် မိမိတို့တာဝန်ဖြစ်ကြောင်း၊ ထိုသို့လုပ်နိုင်ရန် မဲစာရင်းများ တိုက်ဆိုင်စစ်ဆေးခြင်း၊ အခြေခံမဲဆန္ဒရှင်စာရင်း ပြုစုရန် လိုအပ်သည်များ ပြင်ဆင်ပြုစုဆောင်ရွက်လျက်ရှိကြောင်း၊ လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲကျင်းပနိုင်ရန် မဲဆန္ဒရှင်များက မိမိ၏ဆန္ဒမဲတစ်ပြားကို နှောင်ကြိုး၊ ဖိအားအကျပ်ကိုင် ခြိမ်းခြောက်မှုမပါဘဲ လွတ်လွတ်လပ်လပ် ဆန္ဒမဲပေးနိုင်ရန် အနေအထားရှိရန်လိုကြောင်း၊ ယင်းအခြေအနေသည် သက်ဆိုင်ရာ ရွေးကောက်ပွဲကျင်းပသည့် နယ်မြေသည် လုံခြုံမှု၊ အေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးရှိရန်လိုအပ်ကြောင်း၊ သက်ဆိုင်သည့် အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ သက်ဆိုင်သည့် နယ်မြေလုံခြုံရေးနှင့် ဌာနဆိုင်ရာအဖွဲ့အစည်းများကလည်း ဆောင်ရွက်လျက်ရှိကြောင်း၊ မဲဆန္ဒရှင် ပြည်သူလူထုတစ်ရပ်လုံးကလည်း ဝိုင်းဝန်းကူညီဆောင်ရွက်လျှင် ရည်မှန်းချက်ကို အမြန်ဆုံးဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ဖြေကြားသည်။

**General Life သတင်းဌာနမှ အယ်ဒီတာ ဦးအောင်ထူးထက်**က ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေးကာလတွင် မိမိသည် ကသာ၊ ကောလင်း၊ ဝန်းသိုဒေသများတွင် ရောက်ရှိနေခဲ့ကြောင်း၊ ထိုနေရာ၌ ရပ်/ကျေး ရွေးကောက်ပွဲကော်မရှင်အဖွဲ့များတွင် အင်အားကြီးသည့် ပါတီတစ်ခုက တာဝန်ပေးခိုင်းသည့် ပါတီဝင်အများစု ပါနေသည်ကိုတွေ့ရကြောင်း၊ ယခုကျင်းပမည့် ရွေးကောက်ပွဲအချိန်ကလည်း သိပ်မကျန်တော့ကြောင်း၊ ရှေ့ကသာဓကကို မိမိပြောခြင်းဖြစ်ကြောင်း၊ ကော်မရှင်အဖွဲ့ခွဲများက ၎င်းတို့ စီးပွားရေးအရ အကျိုးတံဆိပ်ရိုက်ရောင်းကြခြင်း၊ ထို့အပြင် ရွာထဲရှိ မဲဆန္ဒရှင်များကို လိုက်စည်းရုံးခြင်း စသည်တို့ကိုတွေ့ရကြောင်း၊ လာမည့်ရွေးကောက်ပွဲတွင် ထိုသို့မဖြစ်ရန် မည်သို့ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ရန် အစီအစဉ်များ ရှိ၊ မရှိသိလိုပါကြောင်း မေးမြန်းသည်။

**ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး**က ရွေးကောက်ပွဲတွင် ဒိုင် လုပ်ဆောင်မည့်အဖွဲ့ဟုပြောရမည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ တိုင်းဒေသကြီး/ပြည်နယ်ရွေးကောက်ပွဲကော်မရှင်၊ ခရိုင်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဒေသ၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲများကို ဖွဲ့စည်းပေးထားကြောင်း၊ အများယုံကြည်ရသည့် ပုဂ္ဂိုလ်များကိုလည်း ထည့်သွင်းဖွဲ့စည်းထားကြောင်း၊ ရုံးအဖွဲ့များကလည်း ပေါင်းစပ်ဆောင်ရွက်ရကြောင်း၊ သက်ဆိုင်ရာအဖွဲ့ခွဲတာဝန်ခံအရာရှိများက အတွင်းရေးမှူးအဖြစ် ပါဝင်ဆောင်ရွက်ရကြောင်း၊ အလားတူ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များမှ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက ၎င်းတို့အောက်ရှိ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်ကိုဖွဲ့စည်းပေးရကြောင်း၊ ယင်းသို့ဖွဲ့စည်းရာတွင် မည်သို့သောပုဂ္ဂိုလ်များကို ထည့်သွင်းဖွဲ့စည်းရမည်ဆိုသည်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေတွင် ပါပြီးဖြစ်ကြောင်း၊ အသက်ကန့်သတ်ချက်၊ အများယုံကြည်သော ပုဂ္ဂိုလ်များ၊ ပါတီနိုင်ငံရေး ကင်းရှင်းရမည်၊ ပြစ်မှုပြစ်ဒဏ်ကင်းရှင်းသူများလည်း ဖြစ်ရမည် စသည်ဖြင့် ကိုက်ညီရမည့်အချက်များကို အသေးစိတ်ပြဋ္ဌာန်းထားကြောင်း၊ သို့သော်ပြီးခဲ့သည့် ၂၀၂၀ ရွေးကောက်ပွဲသည် သတင်းထောက်ကြီးပြောသကဲ့သို့ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တွင် ပါတီနိုင်ငံရေးမကင်းရှင်းသူများပါဝင်ပြီး ရွေးကောက်ပွဲလုပ်ငန်းစဉ်အဆင့်ဆင့်မှ မဲဆွယ်စည်းရုံးသည့် လုပ်ငန်းစဉ်များတွင်လည်းကောင်း၊ ကြိုတင်မဲကောက်ခံသည့် လုပ်ငန်းစဉ်များတွင်လည်းကောင်း၊ မဲမသမာမှုများ၊ တရားမဲ့ပြုကျင့်မှုများရှိခဲ့ကြောင်း၊ ထို့ကြောင့် ယင်းကိစ္စများတွင် ကျူးလွန်ခဲ့သူများအား အရေးယူဆောင်ရွက်နေရသည်များရှိကြောင်း၊ နောင်ရွေးကောက်ပွဲများတွင်လည်း အလားတူပြစ်မှုများ မဖြစ်ပွားစေရန် ပြစ်မှုအမျိုးအစားအလိုက် ထိရောက်ဟန့်တားသည့်ထိုက်သင့်သည့်ပြစ်ဒဏ်များကို လိုအပ်သလို ပြင်ဆင်ရေးဆွဲထားကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ Timeline အရ တာဝန်ပေးရမည့်အချိန်နှင့်ကိုက်ညီပြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်က အများယုံကြည်သော ပုဂ္ဂိုလ်များကို ခန့်အပ်တာဝန်ပေးအပ်မည်ဖြစ်ကြောင်း၊ ယင်းသို့ တာဝန်ပေးအပ်နိုင်ရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် ယခင်ရွေးကောက်ပွဲမှ သင်ခန်းစာရယူပြီး ပါတီနိုင်ငံရေးကင်းရှင်းသည့် သမာသမတ်ကျသည့် အများယုံကြည်သည့်ပုဂ္ဂိုလ်များဖြင့် ဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ဖြေကြားသည်။

**အမြန်ဆုံးအိမ်ပြန်လာခဲ့ကြပါ**

**သူရိယနေဝန်းဂျာနယ်မှ ဦးမိုးဟိန်း**က ယခုလတ်တလောဖြစ်ပွားနေသည့် ဥကရစ်ထတိုက်ပွဲတွင် ပြည်ထောင်စုအတွက်၊ နိုင်ငံတော်အတွက် အသက်ပေး၍ ခုခံတိုက်ခိုက်ခဲ့ကြသည့် တပ်မတော်သားညီအစ်ကိုတော်များကို ယခုသတင်းစာရှင်းလင်းပွဲမှတစ်ဆင့် ဂုဏ်ယူပါသည်ဟုပြောလိုကြောင်း၊ အောင်ပွဲများဆက်လက်၍ ရရှိစေလိုသည်ဟု ဆန္ဒပြုလိုက်ရပါကြောင်း၊ မိမိအနေဖြင့် ဇွန် ၂၈ ရက်တွင် နိုင်ငံတော်အစိုးရက ထုတ်ပြန်ခဲ့သည့် ပြည်တွင်းပြည်ပရောက် ကျောင်းသားလူငယ်များနှင့် CDM ဝန်ထမ်းများကို ပြန်လည်ဝင်ရောက်လာကြရန်အတွက် သဘောထားကြေညာချက်ကို ထောက်ခံ၍ မေးမြန်းသွားမည်ဖြစ်ကြောင်း၊ အမိနိုင်ငံတော်သို့ ပြန်လာရန် စဉ်းစားနေကြသည့် ညီအစ်ကိုတော်များကို မိမိအနေဖြင့်ပြောလိုသည်မှာ ယခုထုတ်ပြန်ခဲ့သည့် ကြေညာချက်၌ ပြည်သူ့ဘဝထဲတွင် အေးချမ်းစွာနေထိုင်ရန် အာမခံချက်ပေးထားသည်ဟု အတိအလင်းဖော်ပြထားကြောင်း၊ ထို့ကြောင့် ပြန်လာရန်နှင့် ပြန်မလာရန်အတွက် စဉ်းစားနေကြသည့် ညီအစ်ကိုတော်များအနေဖြင့် ယခုကြေညာချက်သည် တစ်နည်းအားဖြင့် လွတ်ငြိမ်းချမ်းသာခွင့်နီးပါး အဓိပ္ပာယ်သက်ရောက်သည့်သဘောဖြင့် ကြေညာချက်ဖြစ်သည်ဟုပြောလိုကြောင်း၊ အင်မတန်ဝမ်းသာဖို့ကောင်းသည့် ကြေညာချက်ဖြစ်ကြောင်း၊ ပြန်လာခဲ့ကြရန်တိုက်တွန်းလိုကြောင်း၊ အိမ်အပြန်လမ်းကို မပြန်နိုင်ခဲ့သူများလည်း အများအပြားရှိခဲ့ကြောင်း။

မိမိအနေဖြင့် အမေရိကတွင် နေထိုင်စဉ် ကဗျာဆရာကြီးတင်မိုးနှင့်တွေ့ဆုံခဲ့ကြောင်း၊ ထိုသို့တွေ့ဆုံစဉ် ဆရာကြီးက မိမိကို "အိမ်ပြန်ချင်တယ်ကွာ၊ မြန်မာပြည်ပြန်ချင်တယ်"ဟုပြောခဲ့ကြောင်း၊ သို့သော် ဆရာကြီးမှာ အိမ်မပြန်နိုင်ခဲ့ရှာကြောင်း၊ သူရေးထားသည့်ကဗျာလေးကို မိမိအားရွတ်ပြခဲ့ကြောင်း၊ ၎င်းကိုယ်တိုင် ရေးသားထားသည့် ကဗျာလေးဖြစ်သည့် "ဆေးလိပ်လည်းတို၊ နေလည်းညိုပြီ၊ ငါ့ကို အိမ်ပြန်ပို့ကြပါတော့"ဟုဆိုသည့် ကဗျာတိုလေးကို ဆရာကြီးတင်မိုးကိုယ်တိုင် မိမိကိုရွတ်ပြခဲ့ဖူးကြောင်း၊ မိမိအနေဖြင့်လည်း အိမ်ကိုရောက်အောင်ပြန်ခဲ့သူဖြစ်ကြောင်း၊ ညီအစ်ကိုတော်များဖြစ်ကြသည့် ကျောင်းသားလူငယ်များနှင့် CDM ဝန်ထမ်းများ၊ ထိုင်းနိုင်ငံတစ်ဖက်ကမ်းတွင် ဒုက္ခရောက်နေပြီး ပြန်သင့်၊ မပြန်သင့်စဉ်းစား၍ အိမ်အပြန် နှောင့်နှေးနေကြသည့် ညီအစ်ကိုများအားလုံးကို မိမိအနေဖြင့် "အမိမြေနဲ့ အမေ့အိမ်ကိုပြန်တဲ့လမ်းမှာ လက်ဆောင်မလိုဘူး၊ အနိုင်၊ အရှုံးမလိုဘူး၊ ငွေမလိုဘူး၊ ရွှေမလိုဘူး"ဟု ပြောလိုကြောင်း။

မိမိတို့နိုင်ငံအတွင်းဖြစ်ပျက်နေသည့် ပြဿနာများနှင့် ပဋိပက္ခများတွင် အရှုံးအနိုင်မရှိကြောင်း၊ "အိမ်ကိုပြန်ချင်တဲ့စိတ်၊ အမိမြေကိုပြန်ချင်တဲ့စိတ်နဲ့ ဒုံးဒုံးချထားတဲ့ ဆုံးဖြတ်ချက်တစ်ခုသာလိုပါတယ် ငါ့ညီတို့"ဟု ပြောလိုကြောင်း၊ ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရက အိမ်ပြန်လာရန် အာမခံချက်အပြည့်ပေးနေသည့် ထိုအခွင့်အရေးကြီးကို လက်လွှတ်မခံဘဲ အမြန်ဆုံးအိမ်ပြန်လာခဲ့ကြပါဟု ပြောလိုကြောင်း၊ "နိုင်ငံပျောက်သူ"ဟုဆိုသည့် ရုပ်ရှင်အတိုလေးထဲတွင် "ငါတို့အရှုံးမပေးသရွေ့ နိုင်ဦးမှာပဲ" ဆိုသည့် စကားလုံးပါဝင်ကြောင်း၊ ထိုစကားလုံးမှာ ညီအစ်ကိုများ၏ အိမ်အပြန်ခရီးကို အနှောင့်အယှက်ပေးနေသူများနှင့် ဝါဒဖြန့်နေကြသူများ၏လက်ချက်ဖြစ်ကြောင်း၊ ထိုသူများအားလုံးမှာ ငါ့ညီတို့နှင့်လက်တွဲ၍ တောထဲတွင်မရှိကြောင်း၊ ၎င်းတို့အားလုံးမှာ ပြည်ပနိုင်ငံများဖြစ်ကြသည့် အမေရိကနှင့် အခြားနိုင်ငံများကို ရောက်နေကြပြီဖြစ်ကြောင်း၊ ထို့ကြောင့် အိမ်ပြန်ဖြစ်အောင် ပြန်လာခဲ့ကြပါဟု တိုက်တွန်းလိုကြောင်း၊ မိမိတို့လည်း အိမ်ပြန်လာခဲ့ကြကြောင်း၊ ဆရာတင်မိုးမှာ အိမ်မပြန်နိုင်ခဲ့ကြောင်း၊ ဆရာမောင်သန်းလတ်မှာ အိမ်မပြန်နိုင်ခဲ့ကြောင်း၊ အလားတူ ဆရာကြီးတစ်ဦးဖြစ်သည့် ဆရာကြီးကြေးမုံဦးသောင်းလည်း အိမ်မပြန်နိုင်ခဲ့ကြောင်း၊ ထို့ကြောင့် အချိန်မီအိမ်ပြန်နိုင်ရန်အတွက် အိမ်ပြန်ချင်သည့် ဆုံးဖြတ်ချက်နှင့် အမိမြေကိုပြန်နိုင်သည့် ဆုံးဖြတ်ချက်တစ်ခုကို မြန်မြန်ဆန်ဆန်ချမှတ်၍ နိုင်ငံတော်အစိုးရက ဖိတ်ခေါ်နေသည့်အခွင့်အရေးကို လက်လွှတ်မခံဘဲ အိမ်ပြန်ခဲ့ကြပါဟု တိုက်တွန်းလိုကြောင်း။

မိမိမေးမြန်းလိုသည့်မေးခွန်းမှာ နယ်စပ်ဒေသအသီးသီးတွင် ကြိုဆိုဧည့်ခံရေးစခန်းများ ဖွင့်လှစ်၍ ကြိုဆိုမည်ဆိုသည့်အစီအစဉ်တွင် ထိုင်းတပ်မတော်ကလည်း ပူးပေါင်းကူညီမည်ဆိုသည်ကို အစောပိုင်းက ဗိုလ်ချုပ်ပြောခဲ့သဖြင့် သိရကြောင်း၊ ထို့ကြောင့် ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံနယ်စပ်တွင် ရောက်ရှိနေပြီး ပြန်လာရန်ခက်ခဲနေသည့် လူအင်အားမှာ အင်အားအားလုံး၏ ငါးရာခိုင်နှုန်းကျော်ရှိနေပြီဟု မိမိတို့သတင်းရရှိကြောင်း၊ မပြန်ရဲသဖြင့် အခက်အခဲဖြစ်နေသူများအနေဖြင့် ထိုင်းနိုင်ငံဘက်ကမ်းသို့ကူး၍ ထိုင်းတပ်မတော်စခန်းများကို သွားရောက်ရမည်လား၊ ထိုင်းရဲစခန်းများဆီသို့ သွားရောက်ရမည်လားဆိုသည်ကို သိလိုကြောင်း၊ မြန်မာနိုင်ငံအစိုးရအနေဖြင့်လည်း ကြိုဆိုဧည့်ခံရေးစခန်းများကို ထိုင်းနိုင်ငံဘက်အထိ သွားရောက်ဖွင့်လှစ်ပေးရန် စီစဉ်ထားခြင်းရှိ၊ မရှိသိလိုကြောင်း မေးမြန်းသည်။

**အိမ်ပြန်ချင်နေကြသည့် လူငယ်အများအပြားရှိ**

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က သတင်းထောက်ကြီး ပြောခဲ့သကဲ့သို့ အိမ်ပြန်ချင်နေကြသည့် လူငယ်အများအပြားရှိကြောင်း၊ ထိုသို့ပြောနိုင်ခြင်းမှာ မိမိတို့ရရှိထားသည့်သတင်းများအရ ပြောကြားခြင်းဖြစ်သကဲ့သို့ အချို့သောလူငယ်များကိုယ်တိုင် လူမှုကွန်ရက်စာမျက်နှာများတွင် တင်ထားသည့် Post များနှင့် ၎င်းတို့ကိုယ်တိုင် လုပ်ဆောင်နေသည့် လုပ်ဆောင်ချက်များအရလည်းသိရကြောင်း၊ မိဘများအနေဖြင့်လည်း မိမိတို့အစိုးရကို မေတ္တာရပ်ခံခဲ့သူများရှိကြောင်း၊ ထိုအကြောင်းအရာများကြောင့်လည်း ယခုကဲ့သို့ ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ သတင်းထောက်ကြီး ပြောသကဲ့သို့ပြည်သူ့ဘဝထဲတွင် အေးချမ်းစွာနေထိုင်နိုင်ရန် မိမိတို့အနေဖြင့် အာမခံချက်လည်းပေးပြီးဖြစ်ကြောင်း။

မိမိပြောသကဲ့သို့ ပြည်ပတွင် ရောက်ရှိနေသူများ၊ ယခုလတ်တလော ဖြစ်ပွားနေသည့် တိုက်ပွဲများတွင် လူငယ်များ၏တက်ကြွမှုကို အသုံးချပြီး အတင်းအကျပ် ရှေ့မှတက်၍ တိုက်ခိုက်ခိုင်းခြင်းကို ခံနေရသူများလည်းရှိကြောင်း၊ ထိုကိစ္စများနှင့်ပတ်သက်သည့် Video File များလည်းရှိကြောင်း၊ ၎င်း Video File များကို မိမိတို့ တင်ထားခြင်းမဟုတ်ကြောင်း၊ ၎င်းတို့ကိုယ်တိုင်ရိုက်ကူး၍ တင်ထားခြင်းဖြစ်ကြောင်း၊ သေဆုံးသွားသဖြင့် ငိုကြွေးနေကြသည်ကိုလည်း စိတ်မချမ်းမြေ့ဖွယ် တွေ့မြင်ရကြောင်း၊ အားလုံးမှာ မိမိတို့၏ နိုင်ငံသူ၊ နိုင်ငံသားများသာဖြစ်ကြောင်း၊ မြန်မာနိုင်ငံနှင့် ပတ်သက်လာလျှင် မြန်မာ့အရေးကို အတူပူးပေါင်း၍ ဆောင်ရွက်ရမည့်သူများပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ယခုကဲ့သို့ ဖိတ်ခေါ်ရခြင်းဖြစ်ကြောင်း၊ ဇွန် ၂၈ ရက် နှင့် ၂၉ ရက်တို့တွင် ကျင်းပခဲ့သည့် ထိုင်း-မြန်မာ နယ်ခြားကော်မတီအစည်းအဝေးအပြီးတွင် ထိုင်းနိုင်ငံဘက်မှ တာဝန်ရှိသူများ လာရောက်တွေ့ဆုံ ခဲ့ကြောင်း၊ ထိုသို့တွေ့ဆုံခဲ့ခြင်းနှင့်ပတ်သက်၍ ကြေညာချက်များလည်း ထုတ်ပြန်ထားကြောင်း၊ ထိုင်းနိုင်ငံတပ်မတော်အနေဖြင့်လည်း အထက်ပါကိစ္စများနှင့်ပတ်သက်၍ ၎င်းတို့၏ နယ်စပ်ဒေသများတွင် ရောက်ရှိနေသည့် လူငယ်များ သိရှိနိုင်ရန် ပြောပေးမည်ဖြစ်ကြောင်း၊ မိမိတို့ ဆောင်ရွက်မည့်လုပ်ငန်းစဉ်များတွင်လည်း ကူညီဆောင်ရွက်ပေးမည်ဟု ပြောခဲ့ကြောင်း။

၁၉၈၈ ခုနှစ် အရေးအခင်းပြီးခါစအချိန်ကလည်း ထိုင်းနိုင်ငံနယ်စပ်၌ ယခုကဲ့သို့ပင် ဒုက္ခရောက်နေသူများရှိခဲ့ကြောင်း၊ ထိုင်းနိုင်ငံထဲတွင် ဝင်ရောက်နေထိုင်၍ ဒုက္ခရောက်နေသူများလည်းရှိခဲ့ကြောင်း၊ ထိုသို့ ဒုက္ခရောက်နေသူများနှင့်ပတ်သက်၍ မိမိတို့အနေဖြင့် ကြိုဆိုလက်ခံရေး စခန်းများကို မိမိတို့နိုင်ငံဘက်တွင် သာမက ထိုင်းနိုင်ငံဘက်၌ပါ ဖွင့်လှစ်ခဲ့ကြောင်း၊ မိမိတို့အနေဖြင့် လုံခြုံစိတ်ချရသည့် ကြိုဆိုလက်ခံရေး စခန်းများ ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း၊ ထိုင်းနိုင်ငံတွင် မိမိတို့၏သံရုံးရှိကြောင်း၊ ထို့အပြင် ထိုင်းနိုင်ငံနှင့် ထိစပ်နေသည့် နယ်စပ်ဒေသများတွင် ကောင်စစ်ဝန်ရုံးများလည်းရှိကြောင်း၊ ထိုနေရာများသို့လည်း သွားရောက်၍ သတင်းပို့နိုင်ကြောင်း၊ ယခုထက်ပိုမိုတိုးချဲ့လုပ်ဆောင်နိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စေတနာထား၍ တိုက်တွန်းလိုသည်မှာ မိမိတို့သိရသည့်သတင်းများအရ အချို့သော လွှတ်တော်အမတ်များလည်းပါဝင်ကြောင်း၊ လွှတ်တော်အမတ်ဟုဆိုသော်လည်း ထင်ရှားသည့်အမတ်များ မဟုတ်ကြောင်း၊ NLD ဘက်မှ လွှတ်တော်အမတ်များဖြစ်ကြောင်း၊ ၂၀၂၀ ရွေးကောက်ပွဲတွင်မှ ပထမဦးဆုံးအကြိမ် ဝင်ရောက်အရွေးခံခဲ့သည့် လွှတ်တော်အမတ်များဖြစ်ကြောင်း၊ အသက်အရွယ်ငယ်သူများလည်းဖြစ်ကြောင်း၊ ထိုင်းနိုင်ငံဘက်သို့ ရောက်ရှိနေသည့် လွှတ်တော်အမတ်အချို့လည်းရှိကြောင်း၊ သို့သော် ၎င်းတို့အနေဖြင့် နိုင်ငံရေးကိုဆောင်ရွက်ရာတွင် ၎င်းတို့၏ မူလခံယူချက်အတိုင်း မိမိတို့တိုင်းပြည်၏ ကောင်းရာကောင်းကျိုးအတွက် ဆောင်ရွက်မည်ဆိုသည့် ရည်ရွယ်ချက်နှင့်သာဖြစ်ကြောင်း၊ ၎င်းတို့အားလုံးမှာ ကြောက်လန့်တကြား ထွက်ပြေးကြသည့် အချိန်တွင် ဘုမသိဘမသိ ရောယောင်၍ ထွက်ပြေးခဲ့ကြသူများဖြစ်ကြောင်း၊ သို့သော် လူရာသွင်းခြင်းမခံရဘဲ အတော်ဒုက္ခရောက်နေကြသူများလည်း ရှိကြောင်း၊ ထိုသူများအထဲမှ မိမိတို့ကိုဆက်သွယ်၍ သတင်းပေးလာသူများရှိကြောင်း၊ မိမိတို့ယခု ထုတ်ပြန်ကြေညာခဲ့သည့် ကြေညာချက်ထဲတွင် လူငယ်လူရွယ်များ၊ CDM လုပ်သည့် ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများဟု အဓိကထား၍ ခေါင်းစဉ်တပ်ထားသော်လည်း အထက်တွင် မိမိပြောခဲ့သူများလည်းပါဝင်သည်ဟုအသိပေးလိုကြောင်း။

မိမိတို့အစိုးရအနေဖြင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အာမခံထားသည့်ကိစ္စနှစ်ခုရှိကြောင်း၊ ပြည်သူများ လိုလားတောင့်တနေသည့် ပါတီစုံဒီမိုကရေစီစနစ်မှ မည်သည့်အချိန်တွင်မျှ သွေဖည်သွားမည် မဟုတ်ကြောင်း၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လမ်းကြောင်းပေါ်မှ မည်သည့်အချိန်တွင်မျှ သွေဖည်သွားမည်မဟုတ်ကြောင်း၊ အဆိုပါအချက်နှစ်ချက်ကို မိမိတို့ခိုင်ခိုင်မာမာ အာမခံထားကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် "အားလုံးလိုချင်နေသည့်အရာမှာ ဒါပဲမဟုတ်ဘူးလား" ဟုမေးလိုကြောင်း၊ အားလုံး၏ရည်မှန်းချက်မှာ အတူတူပင်ဖြစ်ကြောင်း၊ ပွင့်ပွင့်လင်းလင်းပြောရမည်ဆိုပါက မဟာဗျူဟာအရ တူညီပြီးဖြစ်ကြောင်း၊ လုပ်နည်းလုပ်ဟန်များတွင်သာ ကွဲပြားခြားနားကောင်း ကွဲပြားခြားနားလိမ့်မည်ဖြစ်ကြောင်း၊ ပေါင်းဆုံ၍ရသောကြောင့် အားလုံးအနေဖြင့် နိုင်ငံရေးရည်မှန်းချက်အရဖြစ်စေ၊ ခြိမ်းခြောက်ခံရ၍ဖြစ်စေ သူတစ်ပါး၏နယ်မြေတွင် သွားရောက်၍ ဒုက္ခခံ၊ အသေခံရန်မလိုကြောင်း၊ ၎င်းတို့လိုချင်သည့် ဒီမိုကရေစီစနစ် ထူထောင်ရေးဆိုသည့်ကိစ္စကိုလည်း မိမိတို့အာမခံထားပြီးဖြစ်ကြောင်း၊ အားလုံးဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်ကြရန် ပြောလိုကြောင်း၊ သတင်းထောက်ကြီးအနေဖြင့် ယခုကဲ့သို့ပြောကြားပေးသည့်အတွက် ကျေးဇူးတင်ပါကြောင်း၊ သတင်းထောက်ကြီးပြောခဲ့သည့် ဥကရစ်ထနယ်စပ်စစ်ဆင်ရေး ခြေကုပ်စခန်းတွင် ယခုအချိန်အထိ ကြံ့ကြံ့ခံ၍ မိမိ၏အသက်ကိုပင် ပဓာနမထားဘဲ တာဝန်ထမ်းဆောင်နေသည့် တပ်မတော်သားအားလုံးကိုလည်း ယခုသတင်းစာရှင်းလင်းပွဲမှတစ်ဆင့် ကျေးဇူးတင်ပါသည်ဟု ပြောလိုကြောင်း ပြန်လည်ဖြေကြားသည်။

**(ဆက်လက်ဖော်ပြပါမည်)**

# အသံတိတ်နဲ့ ကျိတ်ငိုသည်

ဓမ္မဒူတ
ဒေါက်တာအရှင်ဆေကိန္ဒ

(ယခင်အပတ်မှအဆက်)

အချို့အယူဝါဒတွေအနေနဲ့ နောက်ဘဝဆိုတာမရှိဘူး။ ယုံကြည်စရာမလိုဘူး၊ ယုံကြည်မှုဟာ စွဲလမ်းမှုပဲ။ ဒီစွဲလမ်းချက်ကြောင့်သာ ဖြစ်ချင်ဖြစ်မယ်။ နောက်ဘဝဆိုတာက တကယ်မရှိဘူးလို့ ပြောကြပါတယ်။

ဒါကတော့ ကိုယ်တိုင် ဘဝတစ်ခုအဆုံးသတ်ပြီးမှ လက်တွေ့သိရမှာပါလို့ပြောရင် ဘယ်သူမှ မငြင်းနိုင်ကြပါဘူး။

အခုဘဝရှိစဉ်က နောင်ဘဝဆိုတာကို ပျက်ရယ်ပြုတဲ့လူတွေဟာ နောင်ဘဝတကယ်ရှိတာနဲ့ကြုံမှ သူများတွေထက် ကုသိုလ် အမျှတွေကို လိုချင်ကြတာ။ တောင့်တကြတာတွေဟာ ဖြစ်လာတတ်တဲ့ သဘောတွေပါပဲ။

ဒီဘဝကုန်ဆုံးလို့ ဘဝအသစ် ပြန်စတဲ့အခါမှာ ဘယ်လိုပုံစံ ဘယ်လိုအခြေအနေဆိုတာ ပုံသေကားကျပြောနိုင်ဖို့က တော်တော်ခက်ပါတယ်၊ မလွယ်ပါဘူး။

အခြေအနေကောင်းရင် တော်ပါရဲ့၊ မစားရ၊ မသောက်ရ၊ မဝတ်ရဆိုတဲ့ ဘုံဘဝတွေကို ရောက်သွားမှဖြင့် မတွေးဝံ့စရာပါပဲ။ ဒါကြောင့် ကုသိုလ်ဆိုတာကို အခုလက်ရှိအခြေအနေမှာ ပြည့်စုံအောင် ကြိုးစားကြစေချင်ပါတယ်။

"လက်ရှိအခြေအနေထက် ကောင်းတဲ့အခြေအနေဆိုတာ မရှိပါဘူး"လို့ ဆိုရိုးစကားရှိထားတယ် မဟုတ်လား၊ နောက်ဘဝမှ သာခုခေါ်လို့ရနိုင်တဲ့ ကုသိုလ် အမျှဆိုတာ သူများမျှပေးမှ ရတာပါ။ အပြည့် မဟုတ်ပါဘူး။

ဒါကလည်း သားသမီးတွေဟာ မိဟောင်း ဘဟောင်းတွေကို အမှတ်တရရှိပါဦးမှ၊ မေ့လျော့နေလို့ကတော့ အမျှဝေဖို့ နေနေသာသာ ဘာမျှတောင် အသိအမှတ်ပြုတော့မှာ မဟုတ်ပါဘူး။

အခုဘဝကတည်းက မိဘအပေါ် တာဝန်တွေ၊ ဝတ္တရားတွေကျေလို့ မိဘကျေးဇူးတွေကိုသိ၊ ကျေးဇူးတွေကို ဆပ်တဲ့သူတွေကတော့ နောင်ဘဝမှာဖြစ်နေတဲ့ မိဘတွေအတွက်လည်း ကုသိုလ်ပြု အမျှပေးဝေကြဦးမှာပါပဲ။

သက်ရှိထင်ရှား မိဘနှစ်ပါးကိုတောင် အရေးမလုပ်၊ ဂရုမစိုက်ပါဘူးဆိုတဲ့သူတွေရဲ့ မိဘတွေအဖို့ကတော့ အမျှရဖို့၊ သာခုခေါ်နိုင်ဖို့ဆိုတာ ဝေလာဝေးပဲပေါ့။

ဒါကြောင့် အမျှဝေတာကို ယခုမိဘတွေကို သက်ရှိထင်ရှားရှိစဉ်မှာလည်း ပေးဝေလိုက်ပါ။ တမလွန်ရောက်သွားရင်လည်း ထပ်ဝေပေးလိုက်ပါ။

သားသမီးတွေက ဒါနတွေပေးလှူလို့၊ သီလတွေစောင့်လို့၊



ဝေယျာဝစ္စတွေဆောင်ရွက်လို့ ဒီကုသိုလ်တွေရဲ့အဖို့ကို ပြုပြီးတိုင်း ပြုပြီးတိုင်း၊ နေ့တိုင်းနေ့တိုင်း မိဘတွေရှေ့ကိုသွားပြီးတော့ "အဖေတို့ အမေတို့အတွက် သားပြုခဲ့တဲ့၊ သမီးပြုခဲ့တဲ့ ကောင်းမှုကုသိုလ်တွေရဲ့ အဖို့ဘာဂကို အမျှပေးဝေပါတယ် အမျှ-အမျှ-အမျှ ယူတော်မူကြပါကုန်လော့"လို့ ဝေပေးသင့်ပါတယ်။ ဝေလည်း ဝေပေးရမှာပါ။

ဒါပေမဲ့ ကုသိုလ်ပြုပြီးတိုင်း မိဘတွေကို ရိုရိုသေသေအမျှဝေပေးတဲ့ သားသမီးဆိုတာ တော်တော်ရှားပါတယ်။

အခုလို တရားစခန်းပွဲမှာ ပြုခဲ့ရတဲ့ ဒါန၊ သီလ၊ သမထ၊ ဝိပဿနာ၊ ဝေယျာဝစ္စ စတဲ့ ကုသိုလ်တွေဟာ တကယ်အားကောင်းပါတယ်။ တကယ်အကျိုးကြီးပါတယ်။ ပြန်ရောက်တာနဲ့ မိဘတွေကို ချက်ချင်းဝေပေးလိုက်ကြစမ်းပါ၊ အားရပါးရပေးဝေလိုက်ကြပါ။

အမျှဝေတာက လက်ရှိလည်းဝေ၊ တမလွန်ဘဝရောက်သူတွေကိုလည်း ဝေရပါတယ်၊ ဒါက မိဘတွေ ကျန်းမာချမ်းသာဖို့အတွက်ပဲလေ။ ဒီတော့ သက်ရှိမိဘတွေကိုလည်း ကျန်းမာချမ်းသာအောင် ခြေဆုပ်၊ လက်နယ်ပြုစုလို့ စောစောကပြောခဲ့တဲ့ မျှော်လင့်ချက်လေးမျိုးကို ဖြည့်ဆည်းလို့ ကျေးဇူးဆပ်ရမှာပါ။

တမလွန်ရောက်ပြီးတဲ့ မိဘတွေကိုတော့ ကိုယ်ကျန်းမာ၊ စိတ်ချမ်းသာအောင် မိမိတို့ကိုယ်တိုင်က ကုသိုလ်တွေ အားရပါးရ များများလုပ်ပြီး အမျှဝေပေးရမှာပါ။

ဒါကြောင့် ရှေးပညာရှိကြီးတွေက "ကျွေးမွေးမပျက်၊ ဆောင်ရွက်စီမံ၊ မွေခံထိုက်စေ၊ လှူမျှဝေ၍၊ စောင့်လေမျိုးနွယ်၊ ဝတ်ငါးသွယ်၊ ကျင့်ဖွယ်သားတို့တာ"လို့ လင်္ကာစီကုံးခဲ့ကြပါတယ်။

သားသမီးတို့ရဲ့ ဝတ္တရားငါးပါးတဲ့၊ ဒီတရားတော်နဲ့ ပြောရရင် မိဘတို့ရဲ့ မျှော်လင့်ချက် ငါးမျိုးပါ။ ဟုတ်တယ်လေ မိဘတွေရဲ့ မျှော်လင့်ချက်ပြည့်အောင် ဖြည့်ဆည်းပေးရမှာက သားသမီးတိုင်းရဲ့ တာဝန်တွေ၊ ဝတ္တရားတွေပါပဲ။

ဒါကြောင့် ကုသိုလ်လုပ်တိုင်း အကျိုးရှိရှိ၊ များများ၊ အားရပါးရတွေ လုပ်ကြဖို့၊ အဲဒီလိုပြုလုပ်ပြီးတိုင်း ကျေးဇူးရှင်မိဘနှစ်ပါး၊ ဆရာသမား စတဲ့ပုဂ္ဂိုလ်တွေကို အမျှပေးဝေကြဖို့ လိုအပ်ပါတယ်။

အခု ဒါဆိုရင် မိဘတွေရဲ့ မျှော်လင့်ချက်တွေကို သိပြီးပြီဆိုတော့ မြတ်စွာဘုရားရှင်လက်ထက်က အမေရယ်၊ သားရယ်၊ ချွေးမရယ် မိသားစုဆီကို ပြန်ပြီးအာရုံပြုကြည့်လိုက်ပါဦး။

သားလေးကလိမ္မာ၊ အမေအိုကြီးကိုပြုစု၊ ချွေးမသမီးကလည်း လိုလေသေးမရှိအောင် ဖြည့်ဆည်းပေးတော့ မိခင်အိုကြီးက ပျော်တပြုံးပြုံးနဲ့ပေါ့။

"မေမေ-သမီး" "သမီး-မေမေ" ဆိုတာတွေက မိုးကိုလျှံနေတာပါပဲ။ သားလေးကလည်း ဘယ်လောက်လိမ္မာသလဲဆိုရင် စီးပွားရှာလို့ရသမျှ ဆိုပါစို့ အရောင်းအဝယ်ကုန်ကူးတယ်ဆိုရင်လည်း တစ်ခေါက်ပြန်တစ်ခါပေါ့။ လခစားဝန်ထမ်းဆိုရင်လည်း တစ်လကို တစ်ခါပေါ့။ ရလာသမျှ ပိုက်ဆံအသပြာကို အမေအိုကြီးကိုပဲ အပ်တယ်လေ။

ကဲ-အခုရော၊ ဇနီးမယားရနေပြီ၊ ငွေအသပြာထုပ် ဘယ်သူ့ကို အပ်မလဲ၊ အမေ့ကိုလား၊ ဇနီးကိုလား လိမ္မာတော့ အမေ့ကိုပေါ့။ ထုံးစံအတိုင်းပေါ့။

(ဆက်လက်ဖော်ပြပါမည်)

ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ၏ အသံတိတ်နဲ့ ကျိတ်ငိုသည်စာအုပ်မှ ဆရာတော်၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

# ယဉ်ကျေးလိမ္မာအစပြု စာသင်ခန်းယဉ်ကျေးမှု(၁)

ဦးမင်းဟန်(ဘီအေ)

"မောင်ထူးရေ" "ခင်ဗျာ-ဟုတ်ကဲ့ ဘိုးလေး။ ပြောပါခင်ဗျာ"

ဘိုးလေးကြွက်ရှိရာ ကုက္ကိုပင်ကြီးအောက်သို့ လာနေကြသောမောင်ထူး၊ ကိုဦးနှင့်ပူစူးမတို့ကို ဘိုးလေးကြွက်က လှမ်းခေါ်၍ နှုတ်ဆက်လိုက်ခြင်းဖြစ်သည်။

"ကဲ လာကြလာကြ၊ ပူစူးမရေ" "ရှင် ပြောပါဘိုးလေး"

"အေးကွယ် မြေးတို့ကို စာသင်ခန်းဆိုင်ရာယဉ်ကျေးမှုနဲ့ဆက်နွယ်တာလေးတွေ ပြောဖို့ရှိတယ်။ မြေးတို့တွေ ကျောင်းတက်နေကြပြီဆိုတော့ ကျောင်းစာသင်ခန်းအတွင်းမှာ ဆရာ ဆရာမတွေက ခေါ်ရင် ယောကျ်ားလေးက "ခင်ဗျာ" လို့ပြန်ထူးရပြီး မိန်းကလေးက "ရှင်"လို့ ပြန်ထူးရမယ်နော်"

"ဟုတ်ကဲ့ပါ ဘိုးလေး"

"မြေးတို့ကယဉ်ကျေးကြပါတယ်။ ထပ်ပြီးမှတ်မိနေအောင်ပြောရတာပေါ့။ ဆရာ ဆရာမတွေနဲ့ စကားပြောတဲ့အခါ ဟုတ်မှန်ကြောင်းဝန်ခံလိုတဲ့ စကားကိုပြောလိုရင် ဟုတ်ကဲ့ပါခင်ဗျာ၊ ဟုတ်ကဲ့ပါရှင့်ဆိုတာမျိုးနဲ့ မှန်ပါတယ်ခင်ဗျာ၊ ဟုတ်ပါတယ်ရှင့်ဆိုပြီး ပြောဆိုရမယ်"

"ဟုတ်ကဲ့ ဘိုးလေး"

"မဟုတ်မှန်ကြောင်း ပြောဆိုလိုတဲ့အခါလည်း မဟုတ်ပါခင်ဗျာ၊မဟုတ်ပါရှင့်။ မမှန်ပါခင်ဗျာ၊ မမှန်ပါရှင့်လို့ပဲ ယဉ်ယဉ်ကျေးကျေးပြန်ပြောရမယ်။ ကျောင်းသား ကျောင်းသူအချင်းချင်း ငြင်းခုံတာတို့ စကားကိုလုပြီးပြောတာတို့ မလုပ်ရဘူးနော်"

"ဘိုးလေးရေစကားကိုလုပြီးငြင်းတာကတော့ မောင်ထူးပြောလေ့ရှိတယ်" "ပူစူးမကတော့ လုပ်ပြီ" ဘိုးလေးကြွက်၏ စကားအဆုံးမှာ ပူစူးမပြောလိုက်သောစကားကို မောင်ထူးက ပြန်ပြောလိုက်ခြင်းဖြစ်သည်။ "ဟုတ်လားမောင်ထူးရဲ့။ ဘယ်လိုအကြောင်းများလဲ"

"ဒီလိုပါဘိုးလေး ဟိုတစ်နေ့က ဆရာမက ဆုံးမစကားပြောနေတာကို ဝွတ်ထော်မက စကားကို ဆုံးအောင် နားမထောင်ဘဲ အလျင်စလိုပြောတာကို မြေးက ဝင်ပြောတာပါ၊ ဆရာမရှေ့မှာ ဝွတ်ထော်မနဲ့ ငြင်းခုံမိတာပေါ့"

"သြော် ဒီလိုလား" "ဟုတ်ပါတယ် ဘိုးလေး"

"ဆရာ ဆရာမက ပြောဆိုဆုံးမစကားပြောနေရင်ပဲဖြစ်ဖြစ်၊ တစ်ခုခုပြောနေရင်ပဲဖြစ်ဖြစ် တပည့်တွေက ငြိမ်ပြီးနားထောင်နေရမယ်။ ဆရာ ဆရာမရဲ့ စကားဆုံးပြီဆိုတာတောင် ဆရာ ဆရာမက တစ်ခုခု ထပ်ပြောဦးမလားဆိုတာ နားစွင့်နေရမယ်။ နောက်ပြီး ဥပမာပေါ့ မောင်ဖြူ၊ မောင်နီတစ်ဦးဦးပြောပါဆိုတော့မှ ပြောရမယ်။

ပြောခိုင်းတဲ့သူပဲပြောရမယ်။ စကားကို လုပြီးမပြောရဘူး။ ဆရာ ဆရာမတွေရဲ့ရှေ့မှာလည်း အချင်းချင်းငြင်းခုံတာမျိုး မလုပ်ရဘူးကွယ့်။ ဆရာ ဆရာမဆိုတာ မိဘနဲ့တစ်ဂိုဏ်းတည်း ရှိတာဆိုတော့ ရိုသေလေးစားမှုရှိရမယ်။

"ဟုတ်ကဲ့ပါ ဘိုးလေး၊ မှတ်သားထားပါ့မယ်"

"နောက်ပြီး စကားပြောတဲ့အခါ ထစ်ခနဲဆို စိတ်တိုတတ်တာသဘာဝပါ။ အဲဒါကိုသတိထားရမှာ။ ဆရာ ဆရာမတွေ၊ လူကြီးသူမတွေနဲ့ စကားပြောတဲ့အခါ အထူးဆင်ခြင်ကြရမယ်။ အဲလိုမှမဟုတ်ရင် မြေးတို့က မယဉ်ကျေးတဲ့ကလေး၊ ရိုင်းတဲ့ကလေးရယ်လို့ ဖြစ်သွားတော့မှာပေါ့ကွယ်။ ဒါကြောင့် ရည်ရည်မွန်မွန်ဖြစ်အောင် ယဉ်ကျေးရမယ်နော်"

"ဟုတ်ကဲ့ပါ ဘိုးလေး"

"အဲဒီလိုငြင်းခုံပြီး စကားအနိုင်လုပြောတာတွေဟာ တကယ်တော့ အကျိုးမရှိဘူးလေ။ အနှစ်လည်း မပါဘူးပေါ့။ ဒါကြောင့် အဲလိုစကားတွေဟာ အကျိုးမရှိတဲ့စကား၊ အနှစ်မဲ့တဲ့စကားတွေ ဖြစ်သွားရော"

"ဟုတ်ကဲ့ဘိုးလေး။ ဒါဆို အကျိုးမရှိတဲ့စကား၊ အနှစ်မဲ့စကားကို ကျောင်းမှာ၊ စာသင်ခန်းအတွင်းမှာ မပြောမိအောင် သတိနဲ့နေထိုင်ပြောဆိုရမှာပေါ့နော်"

"သိပ်ဟုတ်ပ့ါ ကိုဦးရာ။ မှန်လိုက်တာ။ ဘိုးလေးက အဲဒါပြောချင်တာ။ ဆရာ ဆရာမတွေကို ရိုသေလေးစားမှုရှိရမယ်၊ ကျောင်းမှာ စာသင်ခန်းအတွင်းမှာ စည်းကမ်းရှိရမယ်၊ ဆရာ ဆရာမတွေရဲ့ စကားကို နားထောင်ရမယ်၊ ဆရာ ဆရာမတွေရဲ့ အရိပ်အကဲကို နားလည်နေရမယ်၊ ဆရာ ဆရာမတွေ သွန်သင်ဆုံးမတာတွေကို နာခံတတ်တဲ့သူတွေ ဖြစ်နေရမယ်။ ဒါမှ လိမ္မာယဉ်ကျေးတဲ့ ကျောင်းသား ကျောင်းသူတွေ ဖြစ်လာမှာပေါ့ကွယ်။

"ဟုတ်ကဲ့ပါဘိုးလေး၊ မြေးတို့ လိုက်နာကြပါမယ်ဆိုတာ ကတိပေးပါတယ်"

"သာခုကွယ် သာခု၊ သာခု"။

# ပါရမီဆယ်ပါးမင်္ဂလာ

**သုတေသီ ဦးသိမ်းဇံ**

ပါရမီဟူသည် စိတ်နေစိတ်ထား မြင့်မားမြင့်မြတ်သူတို့၏ နိဗ္ဗာန်ကို ရည်မှန်း၍ ပြုလုပ်အပ်သောဒါနသီလ စသည်တို့ကိုဆိုလိုသည်။ ဘုရားရှင်အလောင်းတော်တို့ ဖြည့်ကျင့်အပ်၊ ဖြည့်ကျင့်ခဲ့သော ပါရမီဆယ်ပါးရှိပါသည်။

### ၁။ ဒါနပါရမီ

စွန့်ကြဲပေးကမ်း လှူဒါန်းခြင်း၊ သို့မဟုတ် စည်းစိမ်ဥစ္စာ ကိုယ်အင်္ဂါနှင့် အသက်ကို စွန့်လွှတ်လှူဒါန်းခြင်းဟု မြန်မာလို အဓိပ္ပာယ်ရသည်။

### ၂။ သီလပါရမီ

ကိုယ်ကျင့်သီလကောင်းမွန်စေရန် ထိန်းကျောင်းခြင်း၊ စောင့်ထိန်းခြင်းဟု မြန်မာလို အဓိပ္ပာယ်ဖော်ဆောင်သည်။

### ၃။ နေက္ခမ္မပါရမီ

မကောင်းမှုမှ ရှောင်ကြဉ်ခြင်း၊ သို့မဟုတ် တောထွက်ခြင်းဟု မြန်မာလို အဓိပ္ပာယ်ရသည်။

### ၄။ ပညာပါရမီ

ပညာဖြင့် အများအကျိုးသယ်ပိုးခြင်း၊ သို့မဟုတ် လောကီ လောကုတ္တရာ ပညာများကို သင်ကြားပို့ချခြင်းဟု မြန်မာလို အဓိပ္ပာယ်ဖော်ဆောင်သည်။

### ၅။ ဝီရိယပါရမီ

မွန်မြတ်သော၊ ကောင်းသောကိစ္စတို့၌ သက်စွန့်ကြိုးစားအားထုတ်ခြင်းဟု မြန်မာလို အဓိပ္ပာယ်ရသည်။

### ၆။ ခန္တီပါရမီ

သည်းခံခြင်း၊ ခွင့်လွှတ်ခြင်း၊ ခွင့်လွှတ်အနစ်နာခံခြင်းဟု မြန်မာလို အဓိပ္ပာယ်ဖော်ဆောင်သည်။

### ၇။ သစ္စာပါရမီ

မှန်ကန်ဖြောင့်မတ်၊ တည်ကြည်ခြင်းများစွာဖြင့် ပြောဆိုလုပ်ကိုင်ခြင်းဟု မြန်မာလို အဓိပ္ပာယ်ရသည်။

### ၈။ အဓိဋ္ဌာနပါရမီ

မိမိရည်မှန်းထားသည့် ကောင်းသောကိစ္စတို့၌ စွဲစွဲမြဲမြဲပြုလုပ်ခြင်း သို့မဟုတ် စိတ်ဓာတ်မြဲမြံခိုင်ခံ့အောင် ဆောက်တည်ခြင်းဟု မြန်မာလို အဓိပ္ပာယ်ဖော်ဆောင်သည်။

### ၉။ မေတ္တာပါရမီ

မေတ္တာဓာတ် အပြည့်အဝထားရှိခြင်း၊ သို့မဟုတ် သတ္တဝါအားလုံးတို့အား ချစ်ခင်သဖြင့် သတ္တဝါတို့၏ ကောင်းကျိုးကို လိုလားခြင်းဟုမြန်မာလိုအဓိပ္ပာယ်ရသည်။

### ၁၀။ ဥပေက္ခာပါရမီ

လျစ်လျူရှုခြင်း သို့မဟုတ် ဘက်မလိုက်ဘဲ မျှတစွာကျင့်သုံးခြင်း သို့မဟုတ် မိတ်ဆွေရန်သူနှစ်ဦးတို့အပေါ်၌ ချစ်စိတ်၊ မုန်းစိတ် မထားရဘဲ တန်းတူပြုမူဆက်ဆံခြင်းဟု မြန်မာလို အဓိပ္ပာယ်ဖော်ဆောင်သည်။

ဒါနစသော ပါရမီဆယ်ပါးကို ရိုးရိုးဖြည့်ကျင့်လျှင် ပါရမီဟုခေါ်သည်။ ကိုယ်အင်္ဂါတို့ကို စွန့်လွှတ်၍ ဖြည့်ကျင့်လျှင် ဥပပါရမီဟုခေါ်ဆိုပြီး အသက်ကို စွန့်လွှတ်၍ ဖြည့်ကျင့်လျှင် ပရမတ္ထပါရမီဟု ခေါ်သည်။

ဘုရားအလောင်းတော်သည်သုမေဓာရှင်ရသေ့ဘဝမှ ဝေဿန္တရာမင်းကြီးဘဝတိုင်အောင် မရေမတွက်နိုင်သည့် များစွာသောဘဝတို့၌ ရွှေ၊ ငွေ၊ ဆင်၊ မြင်း အစရှိသည်တို့ကို လှူဒါန်းခြင်း ဒါနပါရမီ၊ ခြေ၊ လက်၊ နား၊ နှာခေါင်း အစရှိသည်တို့ကို လှူဒါန်းခြင်း ဒါနပါရမီ၊ ကိုယ့်အသက်ကိုလှူဒါန်းခြင်း ဒါနပရမတ္ထပါရမီ အစရှိသော ပါရမီသုံးဆယ်တို့ကို ဖြည့်ကျင့်တော်မူခဲ့လေသည်။

ဘုရားအလောင်းတော်သည် ဘဝများစွာ၌ ပါရမီတို့ကို ဖြည့်ကျင့်ရာတွင် လောကလူသား ကမ္ဘာသူ ကမ္ဘာသား သတ္တဝါအများ ကောင်းစားချမ်းသာရေး၊ မိမိ၏လူမျိုး ကောင်းစားချမ်းသာရေး၊ သတ္တဝါအများကို သံသရာဝဋ်ဆင်းရဲမှ ကယ်တင်နိုင်သော သဗ္ဗညုတဘုရားဖြစ်ရေးကျင့်စဉ်ဟူသော ရည်မှန်းချက်ကြီးသုံးရပ်ကို ဦးထိပ်ထားကာ ကျင့်ကြံအားထုတ်ခဲ့ခြင်းဖြစ်သည်။

ထို့အပြင် ဘဝများစွာတို့၌ ပါရမီဖြည့်ရာတွင် အလွန်စွန့်နိုင်ခဲ့သော ပဒေသရာဇ်၊ ဧကရာဇ်၊ စကြာမင်းတို့၏ စည်းစိမ်ဥစ္စာ ရတနာတို့ကို စွန့်လွှတ်ခြင်း၊ သားသမီးကို စွန့်လွှတ်ခြင်း၊ ဇနီးမယားကို စွန့်လွှတ်ခြင်း၊ ခြေ၊ လက်၊ နား၊ နှာခေါင်းစသော အင်္ဂါကြီးငယ်တို့ကိုစွန့်လွှတ်ခြင်း၊ ကိုယ့်အသက်ကို စွန့်လွှတ်ခြင်းဟူသည့် စွန့်ခြင်းငါးပါးတို့ကို ဖြည့်စွန့်တော်မူခဲ့လေသည်။

ဘုရားအလောင်းတော်သည် ကမ္ဘာပေါင်းများစွာဖြစ်လေရာဘဝတိုင်းတွင် ပါရမီဆယ်ပါး၊ စွန့်ခြင်းကြီးငါးပါး၊ စရိယာသုံးပါးတို့ကို စဉ်ဆက်မပြတ် ဖြည့်ကျင့်ကြိုးပမ်းခြင်းဖြင့် သတ္တဝါများအားလုံး ကောင်းစားချမ်းသာရေးကို ဆောင်ရွက်တော်မူခဲ့သည်။ ယင်းကဲ့သို့ စွန့်လွှတ်မှုအားလုံးအတွက် ရည်မှန်းချက်မှာ သဗ္ဗညုတဉာဏ်တော်ရရှိရေး တစ်ခုတည်းသာဖြစ်သည်။ ထိုမျှော်မှန်းချက်သည်လည်း မိမိအတွက်မဟုတ်ဘဲ သတ္တဝါများအားလုံး ကောင်းစားချမ်းသာရေးကို ပိုမိုပြုလုပ်ဖြည့်ဆည်းပေးနိုင်ရေး အတွက်သာ မွန်မြတ်သည့်စိတ်သဘော ဖြစ်ပေသည်။ ။

# ယဉ်ကျေးလိမ္မာပဒေသာ ၃၈ - ဖြာ မင်္ဂလာ




### မကောင်းမှုမှရှောင်ကြဉ်ရမယ်

**အာရတီပါပါ။**

"မကောင်းမှုတို့ကို မတွေ့ကြုံမီကပင် စိတ်ဖြင့်ရှောင်ကြဉ်ထားနှင့်ခြင်း၊ မကောင်းမှုမှအထူးသဖြင့်ရှောင်ကြဉ်ရမယ်"လို့ မြန်မာလိုအဓိပ္ပာယ်ရတယ်။

၃၈-ဖြာမင်္ဂလာကဗျာတွေရဲ့ ဆဋ္ဌမမြောက်ကဗျာဖြစ်တဲ့ "ရှောင်ကြဉ်ရေးမင်္ဂလာလေးပါး"ထဲက နံပါတ်တစ် မင်္ဂလာတရားပဲဖြစ်တယ်။ သားတို့သမီးတို့၊ မောင်တို့မယ်တို့အတွက် ဘဝတစ်သက်တာ မှတ်သားကြရမယ့် မင်္ဂလာတရားတွေပဲပေါ့။

ဟိုး..ရှေးရှေးတုန်းကပေါ့ ...။ သီဟိုဠ်ကျွန်းမှာဖြစ်ခဲ့တဲ့ နိပါတ်တော်လာဖြစ်စဉ်တစ်ခုပါပဲကွယ်။ "အသင်ယုန်ငယ် ချမ်းသာစွာသွားပါလော့။ သင်အလိုရှိရာအရပ်ကို သွားနိုင်ပါပြီ" နွယ်ကြိုးနဲ့ငြိလို့ ရုန်းကန်နေတဲ့ ယုန်ငယ်ကိုလွှတ်ပေးကာ စက္ကနလုလင်က အိမ်ပြန်လာခဲ့တာဖြစ်တယ်။

ဖြစ်စဉ်ကား စက္ကနအမည်ရှိတဲ့လုလင်ဟာ မိခင်အိုကြီးနဲ့ အစ်ကိုဖြစ်သူတို့ အတူနေထိုင်ကြတယ်။ တစ်နေ့မှာတော့ မိခင်အိုကြီးဟာ မကျန်းမာတာကြောင့် အိပ်ရာထဲက မထနိုင်ဖြစ်နေရတော့တာပေါ့ကွယ်။ နီးစပ်ရာ ဆေးဆရာတွေကို ပင့်ခေါ်ကုသပေမယ့် မပျောက်ကင်းတာကြောင့် လက်မှိုင်ချနေလေရဲ့။

"ဘယ်လိုဆေးဝါးမျိုးနဲ့များကုသရင် မိခင်ကြီး သက်သာရာရပ့ါမလဲ ဆရာကြီးခင်ဗျား"

"ယုန်သားနုနုကို ကျွေးရင်ဖြင့် မောင်ရင်ရဲ့ မိခင်ကြီး နေကောင်းလာပါလိမ့်မယ်" အစ်ကိုဖြစ်သူက ဆေးဆရာကြီးတစ်ဦးအား မေးမြန်းရာ ဆေးဆရာကြီးက ပြန်ပြောလိုက်တာဖြစ်တယ်။

"ညီတော်ရေ ဆရာကြီးကတော့ မိခင်ကြီး ကျန်းမာဖို့အတွက် ယုန်သားနုနုကျွေးရမယ် လို့ဆိုလေတယ်။ ညီတော် လယ်တောကိုသွားပြီး ယုန်ပျိုတစ်ကောင် ဖမ်းခဲ့ပါတော့ကွယ်"

"ကောင်းပါပြီနောင်တော်၊ လယ်တောဘက်ကို အခုပဲသွားလိုက်ပ့ါမယ်"

စက္ကနလုလင်ဟာ လယ်တောဘက်ကိုထွက်လာတော့တာပေ့ါကွယ်။ လမ်းခရီးမှာ ရဟန်းတော်တစ်ပါးနဲ့ ဆုံတွေ့ရလို့ လုလင်ဟာ ရဟန်းတော်ထံမှာ ငါးပါးသီလခံယူဆောက်တည်လေတော့တယ်။

"အလို- ယုန်ပျိုတစ်ကောင်ပါလား"။ လယ်တောသို့ရောက်တဲ့အခါ ယုန်ပျိုတစ်ကောင်က စက္ကနလုလင်ကိုတွေ့လိုက်လို့ ကြောက်လန့်တကြားပြေးလေတယ်။ ကံဆိုးစွာပဲ ယုန်ပျိုဟာနွယ်ကြိုးနဲ့ ငြိသွားကာ မပြေးနိုင်တော့ဘဲ ရုန်းကန်နေရှာတယ်။

"အင်း- ငါ့ရဲ့မိခင်အိုကြီးကို ယုန်သားနုနုကျွေးရမယ်လို့ ဆေးဆရာကြီးကပြောလို့ အစ်ကိုဖြစ်သူက ငါ့ကိုလယ်တောကိုသွားစေကာ ယုန်ဖမ်းဖို့ လွှတ်လိုက်တာပါပဲ။ အဆင်သင့်လိုက်တာ ယုန်ပျိုတစ်ကောင်ကို မဖမ်းရဘဲနဲ့မိနေပါပေ့ါလား။ ငါဘယ်လိုလုပ်ရပ့ါ။ စောစောကပဲ လမ်းခရီးမှာ ငါးပါးသီလခံယူထားတာ။ မဖြစ်ချေပါဘူး၊ ကဲဘာပဲဖြစ်ဖြစ် ယုန်ပျိုကိုလွှတ်ပေးလိုက်ပါတော့မယ်။ ငါ့မိခင်သေချင်သေပါစေတော့၊ သတ္တဝါတစ်ခု ကံတစ်ခုပါပဲလေ။ ငါရဲ့ သီလအပျက်ခံကာ သူတစ်ပါးအသက်ကို သတ်ပြီး မကျွေးတော့ပါဘူး။ ယုန်ပျိုကို ခုပဲလွှတ်လိုက်ပါတော့မယ်"

စက္ကနလုလင်ဟာ ယုန်ပျိုကိုလွှတ်ပေးလိုက်ပြီး နေအိမ်သို့ ပြန်ခဲ့တော့တာပေ့ါကွယ်။

ရွာတံခါးအရောက်မှာ ဆေးဆရာအိုကြီးတစ်ယောက်ကို လုလင်ကတွေ့ရလို့ မိခင်ကြီးအတွက် ဆေးကုပေးပါရန် အကူအညီတောင်းလေတယ်။ တကယ်တော့ ဆေးဆရာအိုကြီးဟာ သိကြားမင်းက ဖန်ဆင်းထားတာဖြစ်နေတယ်ကွယ့်။

စက္ကနလုလင်ရဲ့ သီလဆောက်တည်တဲ့တန်ခိုးတွေကြောင့် သိကြားမင်းက ဆေးဆရာအဖြစ် ဖန်ဆင်းကာ လုလင်နဲ့အတူ အိမ်သို့ပါလာပါတော့တယ်။

"ယုန်ပျိုတစ်ကောင် ရခဲ့ရဲ့လားညီတော်ရေ"

"ယုန်ပျိုတစ်ကောင်တော့ တွေ့ပါတယ်၊ မိလည်းမိပါတယ်၊ ဒါပေမဲ့ ပြန်လွှတ်ပေးခဲ့မိပါတယ်" အစ်ကိုဖြစ်သူက လုလင်ရဲ့စကားကိုကြားရတော့ စိတ်ဆိုးဒေါသဖြစ်ကာ ဆူပူကြိမ်းမောင်းတော့တာပေါ့။

သိကြားမင်းကတော့ စက္ကနကို ကူညီရမှာကြောင့် သစ္စာပြုကာဆေးကုသပေးရာ မထနိုင်တဲ့ လူမမာမိခင်ကြီး ခဏချင်းမှာပင် ရောဂါပျောက်ကင်းချမ်းသာခြင်းကို ရရှိသွားတော့သတဲ့ကွယ်။

အာရတီပါပါ။

"မကောင်းမှုတို့ကို မတွေ့ကြုံမီကပင် စိတ်ဖြင့်ရှောင်ကြဉ်ထားနှင့်ခြင်း၊ မကောင်းမှုမှ အထူးသဖြင့်ရှောင်ကြဉ်ရမယ်"လို့ မြန်မာလိုအဓိပ္ပာယ်ကို ဖော်ဆောင်တဲ့ နိပါတ်တော်လာမှတ်သားစရာ ပုံဝတ္ထုတစ်ခုပါပဲ။

သားတို့သမီးတို့၊ မောင်တို့မယ်တို့အတွက် သာမက လူတိုင်းလူတိုင်းအသိကြွယ်ကာကျင့်ဆောင်ကြရမယ့် "ရှောင်ကြဉ်ရေးမင်္ဂလာ" နည်းနာတွေပေါ့ကွယ်။ ။

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။

**ယမန်နေ့မှအဆက်**

ခင်သန်းနွဲ့၏ အကြည့်သည် ပြန်လည်အသက်ဝင်လာသလို ရှိသည်။ ကိုမောင်မောင်ဦး၏မျက်နှာပေါ်သို့ စူးစူးစိုက်စိုက် ကျရောက်လာပြန်သည်။

မတင်ရွှေသည် ကိုမောင်မောင်ဦး၏ စကားကို ဂရုစိုက် နားထောင်သည် မှန်သော်လည်း တစ်လုံးတစ်ပါဒမျှ နားမလည်နိုင်သလိုရှိသည်။ ခင်သန်းနွဲ့တို့က သူ့အား လုံးဝအရေးမထားသလို ရှိနေခြင်းအတွက်လည်း စိတ်မှာ မသိုးမသန့် ဖြစ်လာရပုံပေါ်သည်။

ကိုမောင်မောင်ဦးနှင့် ခင်သန်းနွဲ့တို့ မဆုံးသေးသောစကားကို ဆက်သည်။

"ဒီအတိုင်းဆို မင်းနဲ့ နန်းကိန္နရီတို့ မဆုံမိကြဘူးပေါ့နော်" ခင်သန်းနွဲ့ ခေါင်းညိတ်ပြသည်။ ပါးစပ်မှလည်း အဖြေပေးသည်။

"ဆယ့်ငါးနှစ်ကြာခဲ့ပါပြီ"

ခင်သန်းနွဲ့၏မျက်နှာမှာ ဝမ်းနည်းဟန်၊ ကြေကွဲဟန်များ ပေါ်ပေါက်လာသည်။ မျက်ဝန်းတွင် မျက်ရည်ကြည် ဝေ့လည်လာရုံမက ယခုအခါ မျက်ရည်ပေါက်များအဖြစ်သို့ ပြောင်းလဲလာသည်။ ပါးပြင်သို့ လိမ့်လျှောကျဆင်းလာသည်။

မျက်ရည်ကြည် ပြည့်လျှမ်းသော မျက်ဝန်းဖြင့် ကိုမောင်မောင်ဦးကို ကြည့်သည်။

"သူ ကောင်းစားနေတာကို ရှင့်အနေနဲ့ မနာလိုမရှုဆိတ်ဖြစ်မယ့်အစား ဝမ်းတောင် သာသင့်ပါသေးတယ် ကိုမောင်မောင်ဦးရယ်။ တွက်ကြည့်မယ်ဆိုရင် ရှင်နဲ့ နန်းကိန္နရီဆိုတာဟာ စိမ်းကားထိုက်တဲ့ လူတွေမှမဟုတ်ဘဲ။ သူစိမ်းတွေမှမဟုတ်ဘဲ။ သူဟာ ရှင်နဲ့ သွေးအရင်းကြီးပါ။ ရှင့်မှာ စာနာတတ်တဲ့သဘော ရှိမယ်ဆိုရင်၊ ဒါမှမဟုတ် များများစားစား မဟုတ်တောင် နည်းနည်းပါးပါးလောက် သံယောဇဉ် ထားတတ်မယ်ဆိုရင် သူ့အပေါ်မှာ ထောက်ထားညှာတာစရာတွေ အများကြီးပါ။ တကယ်တော့ နန်းကိန္နရီဟာ ရှင့်ရဲ့ နှမကလေး မဟုတ်လား ကိုမောင်မောင်ဦး။ ရှင်နဲ့ ဖအေတူ မအေကွဲ မောင်နှမတွေပဲ မဟုတ်လား"

ခင်သန်းနွဲ့၏ မျက်နှာထား၊ ခင်သန်းနွဲ့၏ အသံ၊ ခင်သန်းနွဲ့၏ ဟန်တို့မှာ တက်ကြွမှုလည်းပါသည်။ နာကြည်းမှုလည်းပါသည်။ ကြေကွဲမှုလည်းပါသည်။ ဤသည်များကြောင့် မဟုတ်သည့်တိုင် သူ၏စကားများသည် ကိုမောင်မောင်ဦးအား တုန်လှုပ်သွားစေနိုင်သည်၊ ချောက်ချား သွားစေနိုင်သည်။




သူ၏စကားစုတို့က မိမိနားအတွင်း ပူလောင်ပြင်းပြစွာ ဝင်ရောက်လာသည်ဟု ကိုမောင်မောင်ဦး မှတ်ထင်သည်။ အသည်းနှလုံးကို ဝင်ရောက်တိုးဝှေ့သွားကာ ရင်မှာ ဝေဒနာတစ်ရပ် ပေးစွမ်းနိုင်ခဲ့သည်ဟု မှတ်ယူသည်။

"ဒေါ်ရေနံ့သာခင်ခင်ကြီးက သူ့ကို ရှင်နဲ့တူတယ်ထင်ပြီး ရှင်တို့ရဲ့ သမီးအနေနဲ့ မွေးစားလိုက်တာ ဘာမှ အံ့သြစရာ မရှိပါဘူး။ သူမွေးလာစကတည်းက ကျွန်မပြောခဲ့တယ်။ သူဟာ ရှင်နဲ့တူလိမ့်မယ်လို့။ ဒါကလည်း အံ့သြစရာ မဟုတ်ပါဘူးလေ။ ရှင့်အဖေဟာ ရှင့်ကို သူနဲ့တူအောင် မွေးပေးနိုင်ခဲ့ရင် ရှင့်ရဲ့ နှမကလေးကိုလည်း ရှင်နဲ့တူအောင် မွေးပေးနိုင်မှာပဲပေါ့။ အစကတော့ ကျွန်မဟာ ဒါကိုကျေနပ်မိခဲ့တယ်။ နှစ်သက်မိခဲ့တယ်။ ရှင်နဲ့ကျွန်မ ကလေးမွေးပြီးစမှာ ဆုံမိကြတုန်းက ရှင်ကိုယ်တိုင် ဒီကလေးမွေးလာရတာကို မကျေမနပ်ဖြစ်နေတာ တွေ့ရတယ်။ ဒီကလေးမွေးမလာခဲ့ရင် ကောင်းမယ်လို့ ညည်းခဲ့တယ်။ ဒီအချိန်ကစပြီး ကျွန်မရဲ့ စိတ်မှာ နာကြည်းခဲ့ရတယ် ကိုမောင်မောင်ဦး။ ဒီကလေးကိုလည်း ကျွန်မမှာ ရှိခဲ့ဖူးတဲ့ ကိုယ်ဝန်တွေလို ဖျက်ချပစ်ခဲ့ရင် ကောင်းမှာပဲလို့ထင်ခဲ့တယ်။ ဒါပေမဲ့ ကိုမောင်မောင်ဦးရယ်။ ကျွန်မဟာ မကောင်းတဲ့မိန်းမတစ်ယောက် ဖြစ်ခဲ့တဲ့တိုင်အောင် တခြားမိန်းမကောင်းတွေလိုပဲ တစ်သက်မှာ သားရယ်၊ သမီးရယ်လို့ ခေါ်ရမယ့် ကလေးတစ်ယောက်ကို လိုချင်ခဲ့ပါတယ်။ ရှင့်အဖေနဲ့ အတိအလင်း ယူကြတဲ့အခါမှာ ကျွန်မ ကလေးတွေမွေးမယ်လို့ စိတ်မကူးခဲ့ပါဘူး။ ဒါပေမဲ့ ရှင့်အဖေဆီက ထွက်ပြေးခဲ့ပြီးနောက် ကျွန်မမှာ ကိုယ်ဝန်ပါလာတယ်လို့ သိရတယ်။ ဖျက်ချလို့မရနိုင်အောင် လရင့်နေတာ တွေ့ရတယ်။ ဒါနဲ့ ကိုယ်ဝန်ကို ဖျက်မချရဲတော့ဘဲ ကလေးကို မွေးခဲ့ရတာပါ။ ကလေးရဲ့မျက်နှာကို မြင်ရတော့ ကျွန်မမှာ မိခင်စိတ်ဆိုတာ ပေါ်လာတယ်။ ကလေးအပေါ်ချစ်တဲ့စိတ် ဝင်လာတယ်။ အမှန်တော့ မမွေးခင်က မွေးလာရင် ကလေးကို တစ်ယောက်ယောက် ပေးပစ်မယ်လို့စိတ်ကူးခဲ့တယ်။ လက်တွေ့ကျတော့ မပေးရက်ခဲ့ဘူး"

"ကလေးမွေးဖွားပြီးတဲ့နောက်မှာတော့ ကျွန်မစိတ်ထဲမှာ အတွေးတစ်မျိုး ဝင်လာတယ်။ ရှင်နဲ့ပတ်သက်လို့လည်း အမြင်မှန် မြင်ခဲ့တယ်။ ကျွန်မဟာ ဦးကောင်းမိုးရဲ့ မယား။ ဦးကောင်းမိုးနဲ့ပတ်သက်ပြီး ရှင့်ကို ဘယ်လိုသဘောထားရမယ်လို့ နားလည်လာတယ်။ ရှင့်အပေါ် မမှန်တဲ့စိတ်ထားနဲ့ စွဲလမ်းနေခဲ့တာတွေ ပြယ်ခဲ့တယ်။ မှန်မှန်ကန်ကန် ချစ်လာတတ်တယ်။ အစကတော့ ကျွန်မဟာ လောကအကြောင်း ဘာမှ နားမလည်နိုင်တဲ့ မိန်းမတစ်ယောက်ပါ။ ဘဝအခြေအနေအမျိုးမျိုးက လောကကို နားလည်လာအောင် သင်ပေးခဲ့တယ်။ အရာအားလုံးနဲ့ ပတ်သက်လို့ မှန်မှန်ကန်ကန် ဆုံးဖြတ်ချက် ချနိုင်ခဲ့တယ်။ ကျွန်မကိုယ်ကျွန်မ မိန်းမကောင်းတစ်ယောက်၊ မိခင်ကောင်းတစ်ယောက်ဖြစ်အောင် ကြိုးစားမယ်လို့ ဆုံးဖြတ်ခဲ့ပါတယ်။ ကျွန်မရဲ့ကလေးဟာ မိန်းမပျက်တစ်ယောက်ရဲ့ ကလေးလို့ ဘယ်သူကမှ မထင်စေချင်ဘူး။ ကျွန်မရဲ့ အကြောင်းတွေ သိနေတဲ့မြို့၊ ရေနံချောင်းမြို့နဲ့ အနီးအနားပတ်ဝန်းကျင်က ခွာခဲ့တယ်။ ဒီမှာတင် ရှင်နဲ့ ပခုက္ကူမှာ ဆုံရတယ်။ ကျွန်မ ပခုက္ကူကနေ မန္တလေးကို လာခဲ့ပြန်တယ်။ အဲဒီမှာ ကိုတင်မြင့်နဲ့ တွေ့ရတာပေါ့"

"မန္တလေးကို ကျွန်မ တစ်ခါမှမရောက်ဖူးဘူး။ အသိအကျွမ်းလည်း မရှိဘူး။ ဆိပ်ကမ်းမှာ သင်္ဘောဆိုက်ပြီး မန္တလေးမြေကို ခြေချမိကတည်းက ယောင်ချာချာဖြစ်ရတာပဲ။ ဘယ်သွားလို့ ဘယ်လာရမှန်း မသိခဲ့ဘူး။ မိုးတွေကလည်း သိပ်ရွာနေတယ်။ ဖြစ်ချင်ရာဖြစ်ဆိုပြီး မိုးရွာထဲမှာ ကလေးပိုက်ပြီးလာခဲ့တာ ဘယ်တွေရောက်လို့ရောက်မှန်းလည်း မသိဘူး။ အဆုံးမှာတော့ ကျွန်မ လမ်းမလျှောက်နိုင်တဲ့အထိ ဖြစ်လာတယ်။ ဒါနဲ့ အိမ်တစ်အိမ်ကို ဝင်ရတယ်။ အဲဒီအိမ်ဟာ ကိုတင်မြင့်ရဲ့ အိမ်ပေါ့"

"ကိုတင်မြင့်ဟာ လူကောင်းတစ်ယောက်ပါ။ ကျွန်မအပေါ်မှာရော ကလေးအပေါ်မှာပါ ကြင်နာရှာပါတယ်။ အစကတော့ သူနဲ့လက်ထပ်ပြီး သူ့ဆီမှာ တစ်သက်လုံးနေသွားဖို့ စိတ်ကူးခဲ့ပါတယ်။ ကျွန်မရဲ့အတိတ်ကို မြှုပ်ထားဖို့ ကြိုးစားခဲ့ပါတယ်။ ဒါပေမဲ့ ကျွန်မရဲ့ စိတ်ကူးကို အကောင်အထည်ဖော်လို့ မရနိုင်လောက်အောင် ဖြစ်လာတယ်။ ကျွန်မနဲ့ အရင်ကဆက်ဆံဖူးတဲ့၊ သိကျွမ်းဖူးတဲ့ လူတွေနဲ့ တွေ့လာရလို့ပါပဲ။ သူတို့တစ်တွေက ကျွန်မရဲ့ဘဝကို ခြောက်လှန့်လာကြတယ်။ ကလေးဟာ ကျွန်မနဲ့ အတူရှိနေသရွေ့ ကျွန်မအတိတ်ကြောင့် သူ့အတွက်ပါ သိက္ခာကျစရာတွေ၊ မျက်နှာငယ်စရာတွေနဲ့ ထာဝစဉ်ကြုံတွေ့ရမှာပဲလို့ ကျွန်မမြင်လာတယ်။ ကျွန်မရဲ့ သမီးကို ကျွန်မချစ်ပါတယ်။ တစ်ကမ္ဘာလုံးမှာ ကျွန်မအတွယ်တာဆုံးဟာလည်း သူပါပဲ။ ဒါပေမဲ့ စောစောက ပြောသလို သူ့ကို မကောင်းတဲ့မိန်းမတစ်ယောက်ရဲ့သမီးလို့ လူတွေက မထင်စေချင်ဘူး။ မမြင်စေချင်ဘူး။ ဒါဟာ သမီးအပေါ်မှာ ထားရှိအပ်တဲ့ မိခင်တစ်ယောက်ရဲ့ မေတ္တာပါ။ ဒါကြောင့်ပဲ သူနဲ့ ကျွန်မတို့ရဲ့ဘဝဟာ သီးခြားရပ်တည်ကြမှ ဖြစ်မယ်လို့ မြင်လာတယ်။ တခြားစီဖြစ်နေကြမှ ကောင်းမယ်လို့ ထင်လာတယ်။ ဒီလိုနဲ့ ကျွန်မသူ့ကို စွန့်ခွာခဲ့ရတယ်။ သူနဲ့ဝေးရာကို ရင်နာနာနဲ့ ထွက်ခဲ့ရပါတယ်"

"ကိုတင်မြင့်ဟာ ကလေးကို သမီးအရင်းလို ချစ်မှာသေချာတယ်။ သူ့ကို ကျွန်မယုံတယ်။ ရှင့်အဖေဆီက ယူလာခဲ့တဲ့ ပစ္စည်းတွေအားလုံး ကလေးအတွက် ထားပစ်ခဲ့တယ်။ ကျွန်မအတွက် လတ်တလောသုံးဖို့ ငွေအနည်းအကျဉ်း ယူပြီး ထွက်ခဲ့တယ်။ နေရာအနှံ့အပြား ရောက်ခဲ့ပါတယ်။ လူအမျိုးမျိုးနဲ့လည်း တွေ့ခဲ့ရတယ်။ အစကတော့ လူတွေက ကျွန်မကို မေ့လျော့သွားကြတဲ့အချိန်၊ ကျွန်မတစ်ဖြစ်လဲတဲ့အချိန်မှာ သမီးဆီ ပြန်သွားဖို့ စိတ်ကူးခဲ့တယ်။ ကျွန်မဘဝကို ပြုပြင်ပြောင်းလဲပစ်နိုင်ခဲ့ဖို့ အတန်တန် ကြိုးစားခဲ့တယ်။ ဒီလိုလုပ်လို့မရမချင်း သမီးနဲ့မတွေ့ဘူးလို့ ဆုံးဖြတ်ထားတယ်။ အခုတော့ရှင်၊ ကျွန်မရဲ့အသက် သေဆုံးသွားတဲ့အထိ ကျွန်မနဲ့ ကျွန်မသမီးတို့ ပြန်ဆုံရဖို့ မမြင်တော့ပါဘူး။ ဘာကြောင့်လဲဆိုတော့ ရှင်မြင်တဲ့အတိုင်း ကျွန်မဘဝဟာ ဘာတစ်ခုမှ မပြောင်းလဲသေးလို့ပဲ။ ဒုံရင်းအတိုင်း ရှိနေသေးလို့ပဲ။ ဒီမယ် ကိုမောင်မောင်ဦး၊ ကလေးနဲ့ပတ်သက်လို့ ကျွန်မရဲ့ ဆုံးဖြတ်ချက် ကရော မှားတယ်လို့ ရှင်ထင်သလားဟင်။ သူ့ကိုပစ်ပြီး ထွက်ခဲ့တာကို မှားတယ်လို့ ထင်သလား"

ခင်သန်းနွဲ့၏ စကားများကို ငြိမ်သက်စွာ နားထောင်နေရာမှ ရုတ်တရက် အမေးခံလိုက်ရသဖြင့် ကိုမောင်မောင်ဦး၏ကိုယ်မှာ ဆတ်ခနဲဖြစ်သွားသည်။

သူသည် အမေးကို သက်ပြင်းရှိုက်ရင်း ဖြေသည်။

"မှားတယ်လို့ မဆိုသာပေမဲ့ ရက်စက်ရာ ကျလွန်းပါတယ်"

ခင်သန်းနွဲ့ နာနာကြည်းကြည်း ပြုံးလိုက်သည်။

**ဆက်လက်ဖော်ပြပါမည်။**

ဆရာမောင်သိန်းဆိုင်၏ "ရေနံ့သာခင်ခင်ကြီး" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

**"သူကောင်းစားနေတာကို ရှင့်အနေနဲ့ မနာလိုမရှုဆိတ်ဖြစ်မယ့်အစား ဝမ်းတောင် သာသင့်ပါသေးတယ် ကိုမောင်မောင်ဦးရယ်။ တွက်ကြည့်မယ်ဆိုရင် ရှင်နဲ့ နန်းကိန္နရီဆိုတာဟာ စိမ်းကားထိုက်တဲ့လူတွေမှ မဟုတ်ဘဲ။ သူစိမ်းတွေမှ မဟုတ်ဘဲ။ သူဟာ ရှင်နဲ့ သွေးအရင်းကြီးပါ။ ရှင့်မှာ စာနာတတ်တဲ့သဘော ရှိမယ်ဆိုရင်၊ ဒါမှမဟုတ် များများစားစား မဟုတ်တောင် နည်းနည်းပါးပါးလောက် သံယောဇဉ် ထားတတ်မယ်ဆိုရင် သူ့အပေါ်မှာ ထောက်ထားညှာတာစရာတွေ အများကြီးပါ။ တကယ်တော့ နန်းကိန္နရီဟာ ရှင့်ရဲ့ နှမကလေးမဟုတ်လား ကိုမောင်မောင်ဦး။ ရှင်နဲ့ ဖအေတူ မအေကွဲ မောင်နှမတွေပဲ မဟုတ်လား"**

# ပီအက်စ်ဂျီအသင်းနည်းပြအဖြစ်မှ နည်းပြ ပိုချက်တီနို နုတ်ထွက်



ပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီအသင်းဟာ နည်းပြပိုချက်တီနို အနေနဲ့ အသင်းရဲ့နည်းပြတာဝန်ကို ၁၈ လကြာ တာဝန်ယူကိုင်တွယ်ခဲ့ပြီး နောက် နည်းပြအဖြစ်ကနေ နုတ်ထွက်သွားခဲ့ပြီဖြစ်တယ်လို့ အခိုင်အမာ ပြောကြားခဲ့ပါတယ်။

**လက်ရှိအချိန်မှသာ အတည်ပြုနိုင်ခဲ့**

အသက် ၅၀ အရွယ်ရှိ နည်းပြပိုချက်တီနိုဟာ တစ်လနီးပါးကြာကတည်းက ပီအက်စ်ဂျီအသင်းနည်းပြအဖြစ်ကနေ နုတ်ထွက်သွားလိမ့်မယ်လို့ ပီအက်စ်ဂျီအသင်းက မျှော်လင့်ထားခဲ့ပေမယ့် လက်ရှိအချိန်မှသာ အတည်ပြုနိုင်ခဲ့တာဖြစ်ပါတယ်။

နည်းပြပိုချက်တီနို ပီအက်စ်ဂျီအသင်းနည်းပြအဖြစ်ကနေ နုတ်ထွက်သွားခဲ့ပြီးနောက် လစ်လပ်သွားတဲ့နည်းပြ နေရာကို နိုက်စ်အသင်းနည်းပြဟောင်း ခရစ္စတိုဖီဂါလ်တီယာနဲ့ အစားထိုးသွားဖို့ရှိနေတယ်လို့ သိရပါတယ်။

နည်းပြပိုချက်တီနိုဟာ ၂၀၁၉ ခုနှစ်အတွင်းမှာ စပါးအသင်းကို ချန်ပီယံလိဂ်နောက်ဆုံးဗိုလ်လုပွဲရောက်အောင် စွမ်းဆောင်နိုင်ခဲ့ပေမယ့် ၂၀၁၉ ခုနှစ် နိုဝင်ဘာလမှာ စပါးအသင်းနည်းပြအဖြစ်ကနေ ထုတ်ပယ်ခံခဲ့ရတာ ဖြစ်ပါတယ်။

နည်းပြပိုချက်တီနိုဟာ ပြီးခဲ့တဲ့နှစ် ဇန်နဝါရီလမှာ ပီအက်စ်ဂျီအသင်း နည်းပြအဖြစ် စတင်တာဝန်ယူခဲ့ပြီး ပြီးခဲ့တဲ့ဘောလုံးရာသီအတွင်းက ပီအက်စ်ဂျီအသင်းအတွက် ပြင်သစ်ပထမတန်းဖလားကို ရယူပေးနိုင်ခဲ့ပေမယ့် ချန်ပီယံလိဂ်ပြိုင်ပွဲမှာတော့ ၁၆ သင်းအဆင့်ကနေ ထွက်ခဲ့ရတာ ဖြစ်ပါတယ်။

ငွေကြယ်

## ခမ္ဘစကြာနှင့် အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ နှိုးဆော်လွှာ

အင်းစိန်မြို့နယ်၊ မင်းဓမ္မကုန်းတော်၊ လောကချမ်းသာအဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး(ကျောက်တော်ကြီး ဘုရား) ဂန္ဓကုဋိတိုက်တွင် သီလရှင်ဆရာလေး/ဆရာကြီးများမှ (၁၂-၇-၂၀၂၂)ရက် ဝါဆိုလပြည့်၊ ဓမ္မစကြာအခါတော်နေ့မှစ၍ (၁၇-၇-၂၀၂၂)ရက်ထိ ဓမ္မစကြာနှင့် မဟာပဋ္ဌာန်း(၅)ကျမ်း ရွတ်ဖတ်ပူဇော်မည်ဖြစ်ပါသည်။ မဟာပဋ္ဌာန်း (၁)ရက် အလှူတော်ငွေကျပ် (၅၀၀၀၀၀ိ/-) တိတိအား တစ်ဦးတည်းသော်လည်းကောင်း၊ အဖွဲ့လိုက်သော်လည်းကောင်း စုပေါင်း၍ လှူဒါန်းနိုင်ပါရန် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

**ဂေါပကအဖွဲ့(ကိုယ်စား)၊ ဦးသိန်းဌေး (ရုံးအဖွဲ့မှူး)၊**
**ဖုန်း-၀၉- ၂၅၉၁၆၁၉၂၅၊ ၀၉- ၇၉၉၆၉၆၄၄၃**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အင်ကြင်းမြိုင်အိမ်ရာ၊ တိုက်(၃)၊ အခန်းအမှတ်(၃၀၆)ကို အမည်ပေါက် ပိုင်ဆိုင်သူ ဦးအောင်ကျော်[၁၂/ဗဟန(နိုင်)၀၂၃၈၃၅] မှာ (၂၉-၁-၂၀၁၉)ရက်တွင် ကွယ်လွန်သွားပါသဖြင့် အဆိုပါအခန်းအား ဇနီးဖြစ်သူ ဒေါ်ဆုမစ်တရာ(ခ) တင်တင်အေး[၁၂/ဗဟန(နိုင်)၀၈၄၅၈၃]မှ ၎င်းအမည်ဖြင့် တိုက်ခန်းအမည်ပြောင်းလဲ၍ တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ် ပြုလုပ်ပေးပါရန် လျှောက်ထားလာပါသည်။ ထုတ်ပေးရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း စာရွက်စာတမ်း အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## သထုံမြို့နယ်၌ ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ် သင်တန်းဖွင့်လှစ်

**သထုံ ဇူလိုင် ၅**

မွန်ပြည်နယ် ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနက စီစဉ်ဖွင့်လှစ်သည့် ကောင်းမွန်သော ရေသတ္တဝါ မွေးမြူရေးကျင့်စဉ် (GAqP) သင်တန်းဖွင့်ပွဲအခမ်းအနားကို သထုံမြို့ရှိငါးလုပ်ငန်းသင်တန်းကျောင်းတွင် ဇူလိုင် ၄ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင် မွန်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန ဒုတိယပြည်နယ်မှူး ဦးတင်နိုင်ဝင်းက ငါးမွေးတောင်သူများအနေဖြင့် နိုင်ငံတကာမှ လက်ခံသည့် မွေးမြူရေးစံနှုန်းများနှင့်အညီ ငါးမွေးမြူရေးနည်းပညာများ ရရှိမွေးမြူနိုင်ပြီး မွန်ပြည်နယ်၏ ငါးလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် ငါးသယံဇာတများ ရေရှည်စဉ်ဆက်မပြတ် ထုတ်လုပ်နိုင်စေရန် ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။ ဆက်လက်ပြီး သထုံခရိုင် ငါးလုပ်ငန်းဦးစီးမှူး ဦးမင်းမင်းနှင့် သထုံငါးစခန်းတာဝန်ခံ ဦးဝင်းဗိုလ်တို့က ကောင်းမွန်သော ရေသတ္တဝါ မွေးမြူရေးကျင့်စဉ်နှင့် ပတ်သက်၍ သင်ကြားပို့ချသည်။

အဆိုပါသင်တန်းကို ဇူလိုင် ၄ ရက်မှ ၆ ရက်အထိ စာတွေ့လက်တွေ့ သုံးရက်ကြာ အခမဲ့စားရိတ်ငြိမ်း ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ပြီး ငါးလုပ်ငန်းဦးစီးဌာနမှ နေ့စားဝန်ထမ်း သင်တန်းသားသင်တန်းသူ ၂၀ တက်ရောက်ကြောင်း သိရသည်။

**သတင်းစဉ်**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဖြိုးဝေလင်း [၈/အလန(နိုင်)၁၄၈၇၃၄]၏ စမတ်ကတ် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **Ph: 09- 953398338**

## တစ်ဦးတည်းဖြစ်ပါကြောင်း

အမှတ်(၃၅၅)၊ ပင်လုံလမ်း၊ စံပြရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့တွင် နေထိုင်သူ အဖ ဦးသန်းမောင်၏ သမီးဖြစ်သူ ဒေါ်ဆယ်တင် [၇/ဒဥန(နိုင်)၀၀၂၅၀၀]နှင့် ဒေါ်နွဲ့သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ အောင်သာယာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၃/ပေါင်းလောင်း-၃၊ ဧရိယာ(၀.၁၁၀)ဧကရှိ ဦးသက်အောင်အမည်ပေါက် မြေကွက်အမှတ်(M-၀၄၆)အား ဒေါ်နန်းဟွမ်[၁၃/ကတန(နိုင်)၁၆၂၃၇၈]မှ မြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်၊ ဝယ်ယူပိုင်ဆိုင်ကြောင်း ကျမ်းကျိန်ဆိုချက်၊ ဝန်ခံကတိပြုချက်၊ ရပ်ကွက်/ရဲစခန်း ထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများ တင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

**✻ မြန်မာကစားသမားများမှ**



ချောင်ဘူရီအသင်းသို့ ပြန်လည်ရောက်ရှိခဲ့သည့် နောက်ခံလူ ဇော်မင်းထွန်း။

ထိုင်းလိဂ်-၂ ကလပ် နာခွန်ဆီအသင်း၊ တိုက်စစ်မှူး သန်းပိုင်က ထိုင်းလိဂ်-၃ ကလပ် ကန်ချနာဘူရီ အသင်းသို့ ပြောင်းရွှေ့ခဲ့ပြီး စာချုပ်သက်တမ်းများမှာ တစ်ရာသီဖြစ်ကြောင်း သိရသည်။

တိုက်စစ်မှူး အောင်ကောင်းမာန်မှာမူ ပြီးခဲ့သည့်ရာသီက ကစားခဲ့သည့် ထိုင်းလိဂ်-၂ ကလပ် အူဒုံထာနီအသင်းနှင့် တစ်ရာသီ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့သည်။ အသင်းသစ် ပြောင်းရွှေ့ခဲ့သူများအနက် ဇော်မင်းထွန်းသည် ၂၀၁၉ ခုနှစ်ကတည်းက ထိုင်းကလပ်များတွင် ကစားနေသူဖြစ်ပြီး ထိုင်းလိဂ်-၁ ကလပ် ချောင်ဘူရီနှင့် ဆူခိုထိုင်းအသင်း၊ ထိုင်းလိဂ်-၂ ကလပ် ထရတ်အသင်းတွင် ကစားပြီးနောက် ချောင်ဘူရီအသင်းသို့ ပြန်လည်ရောက်ရှိလာခြင်း ဖြစ်သည်။ ဟိန်းဖြိုးဝင်း၊ သန်းပိုင်နှင့် ငြိမ်းချမ်းအောင်တို့မှာမူ ပြည်ပကလပ်များတွင် ပထမဆုံး သွားရောက်ကစားခြင်းဖြစ်သည်။

မြန်မာကစားသမားအချို့မှာ ပြီးခဲ့သည့်နှစ်အနည်းငယ်ကတည်းက ထိုင်းကလပ်များတွင် သွားရောက်ကစားခြင်းဖြစ်ပြီး ပြီးခဲ့သည့်နှစ်ကုန်ပိုင်းမှစတင်ကာ ပိုမိုများပြားလာခြင်းဖြစ်သည်။ မြန်မာဘောလုံးသမားများသည် ထိုင်းကလပ်များအပြင် မလေးရှား၊ ကမ္ဘောဒီးယားနှင့် လာအိုကလပ်များတွင်လည်း ကစားနေပြီး လက်ရှိအချိန်အထိ ပြည်ပထွက်ကစားနေသူ ၁၅ ဦးအထက်ရှိနေပြီဖြစ်သည်။ မြန်မာဘောလုံးသမားအချို့မှာလည်း ပြည်ပထွက်ကစားရန် ကြိုးပမ်းလျက်ရှိပြီး ယခုလအတွင်း အပြောင်းအရွှေ့များ ထပ်မံဖြစ်ပေါ်လာဖွယ်ရှိနေသည်။

**သတင်း-ကိုညီလေး**
**ဓာတ်ပုံ-ချောင်ဘူရီအသင်း**

## ပျောက်ဆုံးကြောင်း

Myat Taw Win Authorized Customs Services Agencyမှ ဦးနေမျိုးဦး[၁၂/လမန(နိုင်)၀၁၈၄၁၈] Customs Broker (2020-2021) 552502 အဝါရောင်ကတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၃၀၂၇၅၆၉**

## အမှားပြင်ဆင်ချက်

(၃၀-၆-၂၀၂၂) နေ့စွဲထုတ် ကြေးမုံသတင်းစာ စာမျက်နှာ (၃၀)ပါ ဒေါ်စုစုအောင် (တရားလွှတ်တော်ရှေ့နေ)၏ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာတွင် ဦးသာထွန်း [၁၂/ဥကတ(နိုင်)၀၂၀၆၈၅]နှင့် ဒေါ်စန်းစန်းရီ [၁၂/ဥကတ(နိုင်)၀၂၀၆၈၄]ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၉၊ မြေကွက်အမှတ်-၇၈၆၊ အကျယ်အဝန်း(၀.၀၆၀)ဧကရှိ ဒေါ်ချိုချိုဝင်း အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်ဟုခေါ်တွင်သော အမှတ်-၇၈၆၊ အောင်သစ္စာ(၁)လမ်း၊ (၂၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊ အကျယ်အဝန်း ပေ(၄၀x၆၅)ရှိ မြေနှင့်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဝယ်ယူရန် လက်ရှိပိုင်ရှင်ဖြစ်သူ ဒေါ်သင်းသင်းလှိုင်[၁၂/မဂတ(နိုင်)၀၆၇၂၆၇]သို့ ကျွန်ုပ်တို့၏မိတ်ဆွေမှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားစာချုပ်စာတမ်း(မူရင်း)များနှင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ မြေနှင့်အိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံးကို တရားဝင်နည်းလမ်းတကျ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ဆက်လက်ချုပ်ဆို၍ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ညွှန်ကြားချက်အရ-**

| ဒေါ်အေးမြင့်ရီ | ဒေါ်စိုးစိုးမြင့် | ဦးသိန်းညွန့် |
|---|---|---|
| B.Sc, DA, HGP, R.L, DBL, DML, DIL | LL.B | BA, HGP, R.L, DBL, DML, DIL |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၁၇၃) | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၀၆၃) | တရားလွှတ်တော်ရှေ့နေ(စဉ်-၃၅၆၁) |

**အမှတ်-၁၀၁၊ ပထမထပ်၊ ၃၉-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၉၈၈၂၇၅၉၀, ၀၉-၄၂၀၃၅၉၆၃ ၀၉-၅၀၅၃၁၀၇**

## အမည်အမှတ်တံဆိပ် အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား (၂) ရပ်ကွက်၊ အင်းယားမြိုင်လမ်း၊ အမှတ်-၄(အေ)နေ ဦးပြေဦးလွင်(၁၂/ဒဂန(နိုင်)၀၃၃၅၅၇)မှ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား (၁) လမ်း၊ ရွှေတောင်ကြားရပ်ကွက်၊ အမှတ်(၂၁)တွင် ဖွင့်လှစ်လုပ်ကိုင်မည့် ဟိုတယ်လုပ်ငန်းအမည်အား အောက်ဖော်ပြပါ "21, TWENTY ONE RESIDENCE"အမည်အမှတ်တံဆိပ်အမှတ်အသားဖြင့် အသုံးပြုလုပ်ကိုင်မည်ဖြစ်ကြောင်း အမည်တံဆိပ်အမှတ်အသား တစ်ဦးတည်းမူပိုင်ခွင့်အတွက် (၁၀-၆-၂၀၂၂) ရက်စွဲပါ အမည်အမှတ်တံဆိပ်အမှတ်အသားကို မြွက်ဟကြေညာ မှတ်ပုံတင်စာချုပ်အမှတ် - ၄၃၅၇/၂၀၂၂ ဖြင့် ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ မှတ်ပုံတင်သွင်းပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည် -

21 TWENTY ONE RESIDENCE

အထက်ဖော်ပြပါ တံဆိပ်အမှတ်အသားများသည် မြန်မာပြည်တွင် ဦးပြေဦးလွင်၏ ဟိုတယ်လုပ်ငန်းတွင် အသုံးပြုလုပ်ကိုင်မည့် မူပိုင်တံဆိပ်အမှတ်အသားဖြစ်ကြောင်းနှင့် အဆိုပါအမည်တံဆိပ်အမှတ်အသားများအား ဟိုတယ်လုပ်ငန်းများတွင် ဆင်တူယိုးမှားပြုလုပ်သုံးစွဲခြင်း၊ တံဆိပ်အမည်အား သံတူကြောင်းကွဲပြုလုပ်သုံးစွဲခြင်းတို့ကို တွေ့မြင်သိရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

| လွှဲအပ်ညွှန်ကြားသူ | လွှဲအပ်ညွှန်ကြားချက်အရ |
|---|---|
| ဦးပြေဦးလွင် | ဒေါ်ခင်မာလွင် (LL.B, D.B.L) |
| ၁၂/ဒဂန(နိုင်)၀၃၃၅၅၇ | တရားလွှတ်တော်ရှေ့နေ (စဉ်-၇၆၅၂) |
| အမှတ်-၄(အေ)၊ အင်းယားမြိုင်လမ်း၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်။ | အမှတ်(၁၉၂)၊ ပိုလ်ချုပ်လမ်း၊ (၂)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။ ဖုန်း - ၀၉-၅၁၈၉၉၆၈၉ |

**❖ အာဆီယံမှ**

မြန်မာအသင်းသည် မေဇင်နွယ်(ဂိုး)၊ ခင်သန်းဝေ၊ ဖြူဖြူဝင်း၊ နော်ထက်ထက်ဝေ၊ ဇွန်ယုယဦး၊ နန့်ဇူးဇူးထက်၊ လင်းမြင့်မိုရ်၊ မြတ်နိုးခင်၊ ခင်မိုးဝေ၊ ခင်မာလာထွန်း၊ ဂျူလိုင်ကျော်တို့ဖြင့် ပွဲထွက်ခဲ့သည်။ မြန်မာအသင်းသည် ပွဲစကတည်းက ဖိကစားနိုင်ခဲ့ပြီး ၁၅ မိနစ်တွင် နော်ထက်ထက်ဝေ သွင်းယူသည့်ဂိုးဖြင့် အဖွင့်ဂိုး စတင်ရရှိခဲ့သည်။ ဂိုးရပြီးနောက်ပိုင်းတွင် မြန်မာအသင်း ဂိုးများ ဆက်တိုက်ရခဲ့ပြီး ၁၉၊ ၃၂ မိနစ်တွင် ဂျူလိုင်ကျော်၊ ၃၈ မိနစ်တွင် အသင်းခေါင်းဆောင် ခင်မာလာထွန်း၊ ၄၅ မိနစ်တွင် ဝေဖူးအိမ်တို့က သွင်းယူခဲ့ရာ ပထမပိုင်းအပြီးတွင် မြန်မာအသင်းက ငါးဂိုးပြတ်အနိုင်ရနေသည်။ ဒုတိယပိုင်းတွင်လည်း မြန်မာအသင်းက ပွဲကိုထိန်းကစားခဲ့ပြီး အနိုင်ဂိုးများကို မြတ်နိုးခင်က ၅၉၊ ၇၄ မိနစ်တွင် ထပ်မံသွင်းယူခဲ့သည်။

မြန်မာအသင်းသည် အုပ်စုဒုတိယပွဲအဖြစ် ဇူလိုင် ၉ ရက်တွင် ကမ္ဘောဒီးယားအသင်းနှင့် ကစားရမည်ဖြစ်သည်။

**သတင်း-ကိုညီလေး**
**ဓာတ်ပုံ-AFF**

## (၉၇)နှစ်မြောက် မွေးနေ့မင်္ဂလာ

ပုသိမ်မြို့၊ (၇၇) မရမ်းချိုလမ်းနေ ချစ်မေမေ ဒေါ်စန်းမြင့်၏ (၆-၇-၂၀၂၂) ရက်တွင် ကျရောက်သော (၉၇)နှစ်မြောက် မွေးနေ့မင်္ဂလာမှသည် နောင်နှစ်ပေါင်း (၁၂၀)တိုင်အောင် နေ့စဉ်ပြုလုပ်မြဲဖြစ်သည့် ဒါန၊ သီလ၊ ဘာဝနာတရားများကို ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် ပြုလုပ်ဆောင်ရွက်နိုင်ပြီးလျှင် ဝိပဿနာတရားများကို တစ်နေ့တခြားပွားများ အားထုတ်နိုင်ပါစေကြောင်း ချစ်သော သား၊ သမီး၊ မြေးများက ဆုမွန်းကောင်းတောင်းခြွေကြပါသည်။

| ချစ်သား၊ ချစ်သမီး | ချစ်မြေးများ |
|---|---|
| ဒေါက်တာရဲထွန်း- ဒေါက်တာရီရီမြင့် | Raymond Ye, Michael Ye |
| ဒေါက်တာစိန်ဝင်း- ဒေါက်တာခင်ခင်မြင့် | ဆုအိန္ဒြေစံ၊ ပြည့်မြတ်ကောင်း၊ ဆုမွန်သဥ္ဇာ |
| ဦးအောင်သန်းဦး - ဒေါ်တင်မာအေး | သူရလင်း-စုစုလွင်၊ မြတ်သူ၊ |
| | သိန်းထိုက်အောင်- ရွှေဝတ်လွှာဖူး |
| (ဦးသောင်းထွန်း)- ဒေါ်အေးအေးမြင့် | စုလှဲ့မျိုး၊ မေသူခိုင်၊ ကောင်းမြတ်လင်း |
| ဦးအောင်သိန်းလွင် - ဒေါ်အေးအေးသန်း | ဒီမိုအောင်၊ သန့်စင်ပြုံး |
| ဒေါက်တာနေလင်း - ဒေါက်တာညွှန့်ညွှန့်စိန် | ဉာဏ်လင်းထက်၊ ထက်ဝတီလင်း |

### ငြင်းချက်ထုတ်ရန်ဆင့်စာ
**(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**
**၂၀၂၂ခုနှစ်၊ တရားမကြီးမှုအမှတ်-၈၁**

ဒေါ်သောင်းတင် (၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်မြင့်သန်း) **(တရားလို)** နှင့် ၁။ ဒေါ်စန်းရီ ၂။ ဦးတင်လှိုင် **(တရားပြိုင်များ)**

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ၅/၈ရပ်ကွက်၊ သီရိမင်္ဂလာပတ်လမ်း၊ အမှတ်-၁၀၆၃နေ (၂)တရားပြိုင် ဦးတင်လှိုင်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက **"တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်း-၆၃ အရ မြေနှင့်အိမ်ကို တရားလို လက်ရှိထားနေထိုင်ပိုင်ခွင့်ရှိကြောင်း မြွက်ဟကြေညာပေးစေလိုမှု"** လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ်၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၂၂ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်(၁၃၈၄ခုနှစ်၊ ဝါခေါင်လဆန်း ၂ ရက်နေ့) မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိ စေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၂၂ခုနှစ်၊ ဇူလိုင်လ(၄)ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အောင်နေမျိုး)**
**တွဲဖက်ခရိုင်တရားသူကြီး(၁)**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**

### အမည်ပြောင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ တော်ဝင်နဝရတ်ကိုယ်ပိုင်အထက်တန်းကျောင်း Grade-11မှ ဦးနေထွေးဦး [၁၂/ရကန(နိုင်)၀၆၀၃၀၇]၏သား မောင်နေအုပ်ခန့်အား မောင်အောင်သောင်းထွဋ်ဟု ပြောင်းလဲခေါ်ပါရန်။

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄/၅)တိုးချဲ့၊ မြေကွက်အမှတ်(၄၈/ခ)၊ မြေကွက်တည်နေရာအမှတ်(၄၈/ခ)၊ ကေတုမာလာ(၁)လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ (ဦးလှရှိန်)(W/MDY-၂၆၅၉၉၆) အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးလှရှိန်(ဖခင်)နှင့် ဒေါ်ခင်သန်း(မိခင်)တို့ ကွယ်လွန်သဖြင့် ဦးခင်မောင်သန်း[၁၂/ဥကတ(နိုင်)၀၇၆၁၄၃]မှ တစ်ဦးတည်းသော သားဖြစ်ကြောင်း ကျမ်းကျိန်လွှာ (၄/၂၁၃၉/၂၀၂၂)(၂၇-၄-၂၀၂၂)ထောက်ခံကျမ်းကျိန်လွှာ၊ သေစာရင်း၊ အိမ်ထောင်စုစာရင်းနှင့် ဂရန်မူရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဒညင်းကုန်းရပ်ကွက်၊ ပြည်တော်သာ ၂လမ်း၊ အမှတ်-၁၂/၃ဟု ခေါ်တွင်သော နေအိမ်နှင့် ယင်းနေအိမ်တည်ရှိရာ (အလျား၈၅ပေx အနံ ၁၇ပေ)အကျယ်အဝန်းရှိ မြေကွက်ကို တရားဝင်ပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်တင်ဝင်း[၁၂/အစန(နိုင်)၀၇၁၄၃၀]ထံမှ ဦးဆန်းမင်း[၈/ရနခ(နိုင်)၀၉၈၅၅၉]က ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ် ဒေါ်ထက်ထက်ခိုင်(တရားလွှတ်တော်ရှေ့နေ)ထံသို့ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားများနှင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးအပြတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**
**ဒေါ်ထက်ထက်ခိုင်**
**LL.B.,D.I.P.L.,Advocate**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၁၁၇/၂၀၂၁)**
**Pioneer Law Firm**
**အမှတ်-၇၃၆/B၊ ရွှေပင့်ကူလမ်းသွယ်၊ အောင်ဆန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။**
**Ph-09-5161186,09-250060731**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၆-D၊ မြေကွက်အမှတ်-၈၈ အီး/၁၊ (၀.၂၀၉)ဧက၊ မြေကွက်တည်နေရာအမှတ်-၉၇/J၊ သံလွင်လမ်း၊ (၁၀) ရပ်ကွက်၊ ဦးလူဖေဝင်း အမည်ပေါက် မြေပိုင်မြေ(မစိုက်ပျိုးမြေ)အား ဧရိယာ (၀.၂၀၉)ဧကေအနက်မှ တရားဝင်မခွဲစိတ်ရသေးသည့် အစိတ်အပိုင်းဖြစ်သည့် တောင်ဘက်ခြမ်း(၁၁၀)ပေခန့်၊ မြောက်ဘက်ခြမ်း(၁၀၅)ပေခန့်၊ အရှေ့ဘက်ခြမ်း (၆၀)ပေခန့်၊ အနောက်ဘက်ခြမ်း(၅၀)ပေခန့်အား ရန်ကုန်အနောက်ပိုင်းခရိုင် တရားရုံး၊ တရားမကြီးမှုအမှတ်-၂၄၅/၁၉၉၈(၃၁-၁-၂၀၀၃)နှင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်-၈၄၀၀/၂၀၁၉ (၆-၁၂-၂၀၁၉)တို့ဖြင့် ဒေါ်တင်တင်ဝင်း(ခ)ဒေါ်တင်တင်အေး၊ ဒေါ်စိန်စိန်လင်း(ခ) ဒေါ်စန်းမြ၊ ဦးစိန်သင်း (ခ) ဦးစိန်မြ၊ ဦးသော်ဇင်ဦး၊ မခိုင်ဆုစံတို့မှ ပိုင်ဆိုင်ခဲ့ပြီးနောက် ၎င်းတို့(၅)ဦးထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်-၃၀၈၂/၂၀၂၀(၁၀-၇-၂၀၂၀)ဖြင့် ပိုင်ဆိုင်ကြောင်း စာချုပ်ဖြင့် ပိုင်ဆိုင်သည့်အစိတ်အပိုင်းအတွင်းမှ တရားဝင်မခွဲစိတ်ရသေးသည့် ဧရိယာ(၀.၀၆၉)ဧကခန့်အား ဝယ်ယူပိုင်ဆိုင်သူ ဦးဝေါင်ချိန်ဟိုင်(ခ) ဝေါင်တာဝိုင် (ခ) ဦးအောင်ဝင်း[၁၂/လသန(ဧည့်)၀၀၁၂၂၉]က ဖော်ပြပါ တရားရုံး အမိန့်များ၊ ပိုင်ဆိုင်ကြောင်းစာချုပ်၊ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်၊ ဝင်ငွေခွန်၊ တံဆိပ်ခေါင်းခွန်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ကန့်ကွက်ရန်မရှိကြောင်း မြေတိုင်း Obj၊ မြေနယ်နိမိတ်သတ်မှတ်သည့် မြေတိုင်းမြေပုံအား တစ်ဖက်သတ်ကူးယူခွင့်ပြုပါရန် (၃၀-၃-၂၀၂၂)ရက်စွဲပါ တင်ပြစာတို့ကို တင်ပြ၍တစ်ဖက်သတ်မြေတိုင်း လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှ စ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံး လုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၊ မြေကွက်အမှတ်-၆၉၃၊ မြေကွက်တည်နေရာအမှတ်-၆၉၃၊ ၅-ရပ်ကွက်၊ ရန်ကြီးအောင်လမ်း၊ ဒဂုံအရှေ့မြို့နယ်(ဦးထွန်းအောင်)[၁၂/မရက(နိုင်)၀၃၆၇၈၈] အမည်ပေါက်နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် ဖခင်ဦးထွန်းအောင်သည် (၂၈-၆-၂၀၁၉)ရက်တွင်လည်းကောင်း၊ မိခင် ဒေါ်သန်းသန်းဌေးသည် (၁၂-၁၁-၂၀၀၁)ရက်တွင်လည်းကောင်း ကွယ်လွန်ခဲ့ကြသဖြင့် သမီးများဖြစ်သော ၁။ ဒေါ်ချောရူပါထွန်း[၇/ဒဥန(နိုင်)၀၂၄၀၁၄]၊ ၂။ ဒေါ်သော်တာထွန်း [၇/ပတန(နိုင်)၁၁၂၂၃]၊ ၃။ ဒေါ်ငုဝါထွန်း [၁၂/ဒဂရ(နိုင်)၀၂၁၅၃၃] တို့မှ သမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ မိခင်၊ ဖခင်တို့၏ သေစာရင်း၊ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နှစ်(၆၀)ဂရန်တို့တင်ပြ၍ ပိုင်ဆိုင်/အရောင်းမြေပုံကူးလျှောက်ထားလာခြင်းအား ကွင်းဆင်းစစ်ဆေးရာ တစ်ထပ်အုတ်ညှပ် အဆောက်အဦ(၁)လုံးရှိပြီး လျှောက်ထားသူကိုယ်တိုင်နေထိုင်ပါသည်။ သို့ဖြစ်ပါ၍ ဒေါ်ချောရူပါထွန်း+၂ မှ နှစ်(၆၀)ဂရန်မူရင်းတင်ပြ၍ ပိုင်ဆိုင်/အရောင်းမြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## လေ့လာဆန်းစစ်အကဲဖြတ်ရေးဦးစီးဌာန
## ဝန်ထမ်းလျှောက်လွှာခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ လေ့လာဆန်းစစ်အကဲဖြတ်ရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသည့် အောက်ဖော်ပြပါ ရာထူးနေရာများ၌ ခန့်ထားရန်အတွက် သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | ရာထူး၊ လစာနှုန်း | ပညာအရည်အချင်း | နေရာ |
|---|---|---|---|
| (က) | ဒုတိယဦးစီးမှူး (၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူ | (၂)နေရာ |
| (ခ) | ကွန်ပျူတာလုပ်ဆောင်ရေးမှူး (၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) | B.E (IT), B.C.Sc, B.C.Tech ဘွဲ့ရရှိပြီးသူ | (၂)နေရာ |
| (ဂ) | အငယ်တန်းစာရေး (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူ | (၅)နေရာ |

၂။ လျှောက်ထားသူသည်-
- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) (၃၀-၆-၂၀၂၂)ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၃၄)နှစ် ထက်မကျော်လွန်သူဖြစ်ရမည်။ (နိုင်ငံ့ဝန်ထမ်းများဖြစ်ပါက အသက်(၃၅)နှစ်ထက်မကျော်လွန်သူ ဖြစ်ရမည်။)
- (ဂ) နိုင်ငံ့ဝန်ထမ်းများသည် သက်ဆိုင်ရာဝန်ကြီးဌာနမှတစ်ဆင့် လျှောက်ထားရမည်။
- (ဃ) အမှတ်စဉ်(က)နှင့် (ခ)ပါ ဒုတိယဦးစီးမှူးရာထူးနှင့် ကွန်ပျူတာလုပ်ဆောင်ရေးမှူးရာထူးနေရာအတွက် အင်္ဂလိပ်စာနှင့် ကွန်ပျူတာကျွမ်းကျင်သူဦးစားပေးရွေးချယ်မည်။
- (င) အကျင့်စာရိတ္တကောင်းမွန်ပြီး ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
- (စ) လျှောက်ထားသူတစ်ဦးလျှင် ရာထူးအလွှာတစ်မျိုးကိုသာ လျှောက်ထားရမည်။
- (ဆ) ဝန်ထမ်းအဖြစ်ခန့်အပ်ခြင်းခံရပါက အနည်းဆုံး(၃)နှစ် တစ်ဆက်တည်း တာဝန်ထမ်းဆောင်ရမည်။

၃။ လျှောက်လွှာတွင် အောက်ပါအချက်များကို ပြည့်စုံစွာဖော်ပြပြီး လျှောက်ထားသူကိုယ်တိုင် လက်မှတ်ရေးထိုးရမည်-
- (က) လျှောက်ထားသည့် ရာထူးအမည်၊
- (ခ) အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊
- (ဂ) မွေးသက္ကရာဇ်နှင့် အသက်၊
- (ဃ) လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာ၊
- (င) ပညာအရည်အချင်းနှင့် အောင်မြင်သည့်ခုနှစ်၊ အောင်မြင်ခဲ့သည့် ကျောင်း၊ တက္ကသိုလ်၊
- (စ) မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် ၎င်းတို့၏ အလုပ်အကိုင်၊
- (ဆ) အလုပ်သမားမှတ်ပုံတင်အမှတ်၊ နေ့စွဲနှင့် အလုပ်သမားရုံးအမည်၊
- (ဇ) ဝန်ထမ်းဖြစ်လျှင် လက်ရှိရာထူး၊ လစာနှုန်းနှင့် ဌာနအမည်၊
- (ဈ) ဆက်သွယ်ရန်နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ်၊
- (ည) အမြဲတမ်းနေရပ်လိပ်စာအပြည့်အစုံ။

၄။ လျှောက်လွှာနှင့်အတူ အောက်ပါတို့ကို ပူးတွဲပေးပို့ရမည်-
- (က) တစ်လအတွင်းရိုက်ကူးထားသော ပတ်စပို့ဓာတ်ပုံ(၁လက်မx ၁လက်မ) (၃)ပုံ၊
- (ခ) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူမှန်)၊
- (ဂ) ဘွဲ့လက်မှတ် (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)၊
- (ဃ) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ် (မိတ္တူမှန်) သို့မဟုတ် နောက်ဆုံးပညာသင်ကြားခဲ့သည့် ကျောင်းထောက်ခံစာ၊
- (င) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်မူရင်းနှင့် သက်ဆိုင်ရာနယ်မြေရဲစခန်း၏ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်(မူရင်း) (တစ်လအတွင်းရရှိသည့်)၊
- (စ) အိမ်ထောင်စုစာရင်းမိတ္တူမှန်၊
- (ဆ) ဝန်ထမ်းဖြစ်ပါက ကိုယ်တိုင်ဝန်ခံချက်နှင့် ဝန်ထမ်းကတ်မိတ္တူမှန်၊
- (ဇ) ဝန်ထမ်းမဟုတ်ပါက (၆)လအတွင်းပြုလုပ်ထားသော အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူမှန်။

၅။ ဝန်ထမ်းမဟုတ်သူများသည် လျှောက်လွှာများကို ညွှန်ကြားရေးမှူးချုပ်၊ လေ့လာဆန်းစစ်အကဲဖြတ်ရေးဦးစီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ရုံးအမှတ်(၂၁)၊ နေပြည်တော်သို့လိပ်မူ၍ လူကိုယ်တိုင်သော်လည်းကောင်း၊ စာတိုက်မှ မှတ်ပုံတင်၍လည်းကောင်း (၂၉-၇-၂၀၂၂)ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားရမည်။

၆။ ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာနအကြီးအကဲ ခွင့်ပြုလက်မှတ်ပါရှိသည့် လျှောက်လွှာကို မိမိတာဝန်ထမ်းဆောင်သည့် ဝန်ကြီးဌာနမှတစ်ဆင့် ဝန်ကြီးရုံး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ရုံးအမှတ်(၂၁)သို့ လိပ်မူ၍ လေ့လာဆန်းစစ်အကဲဖြတ်ရေးဦးစီးဌာနသို့ မိတ္တူဖြင့် (၂၉-၇-၂၀၂၂)ရက်နေ့ နောက်ဆုံးထား၍ ပေးပို့လျှောက်ထားရမည်။

၇။ သတ်မှတ်ရက်ထက် နောက်ကျပေးပို့လာသော လျှောက်လွှာများ၊ အချက်အလက်၊ စာရွက်စာတမ်း မပြည့်စုံသည့် လျှောက်လွှာများနှင့် သတ်မှတ်ချက်နှင့် မကိုက်ညီသည့် လျှောက်လွှာများကို (လုံးဝ) ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၈။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အမှတ်စဉ်(က)၊ (ခ)နှင့် (ဂ) ရာထူးများအတွက် မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတ ဘာသာရပ်များကို ရေးဖြေစာမေးပွဲနှင့် လူတွေ့စစ်ဆေးခြင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၉။ ရေးဖြေစာမေးပွဲ ဖြေဆိုခွင့်ရရှိသူ အမည်စာရင်းကို လေ့လာဆန်းစစ်အကဲဖြတ်ရေးဦးစီးဌာန၊ ရုံးအမှတ် (၂၁)၊ နေပြည်တော်၊ ကြော်ငြာသင်ပုန်းတွင်လည်းကောင်း၊ Website-www.most.gov.mmတွင်လည်းကောင်း ကြေညာမည်ဖြစ်ပြီး ဖြေဆိုခွင့်ကတ်ပြားများကို (၉-၈-၂၀၂၂)ရက်နေ့တွင် လေ့လာဆန်းစစ်အကဲဖြတ်ရေးဦးစီးဌာန၊ ရုံးအမှတ်(၂၁)၊ နေပြည်တော်တွင် ရုံးချိန်အတွင်း ထုတ်ပေးမည်ဖြစ်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့်အတူ ကာယကံရှင် ကိုယ်တိုင်လာရောက်ထုတ်ယူရမည် ဖြစ်ပါသည်။

၁၀။ ရေးဖြေစာမေးပွဲစစ်ဆေးခြင်းကို (၁၁-၈-၂၀၂၂)ရက်နေ့ နံနက် ၈:၀၀ နာရီမှ ၁၀:၀၀ နာရီအထိ မြန်မာစာကို လည်းကောင်း၊ နံနက် ၁၁:၀၀ နာရီမှ ၁၃:၀၀ နာရီအထိ အင်္ဂလိပ်စာကိုလည်းကောင်း၊ မွန်းလွဲ ၁၄:၀၀ နာရီမှ ၁၆:၀၀ နာရီအထိ အထွေထွေဗဟုသုတကိုလည်းကောင်း ဖြေဆိုရမည်ဖြစ်ပါသည်။

၁၁။ အမှတ်စဉ်(က) မှ (ဂ)အထိ ရာထူးအားလုံးအတွက် လူတွေ့စစ်ဆေးခြင်းကို (၁၂-၈-၂၀၂၂) ရက်နေ့ နံနက် ၉:၃၀ နာရီတွင် အစိုးရနည်းပညာကောလိပ်၊ နေပြည်တော်တွင် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၁၂။ အသေးစိတ်အချက်အလက်များကို လေ့လာဆန်းစစ်အကဲဖြတ်ရေးဦးစီးဌာန၊ လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲရေးနှင့် ဘဏ္ဍာရေးဌာနခွဲ(နေပြည်တော်)သို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းနံပါတ်-၀၆၇ ၃၄၀၄၆၂၄ သို့ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**လေ့လာဆန်းစစ်အကဲဖြတ်ရေးဦးစီးဌာန**

### (777) အရှေ့ဒဂုံအိမ်ခြံမြေရောင်းဝယ်ရေး

ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ (တောင်ပိုင်း)၊ (မြောက်ပိုင်း)၊ (ဆိပ်ကမ်း)ရှိ မြေကွက်များကို ဈေးမှန်ဖြင့် အမြန်ဝယ်လိုပါသည်။ အိမ်တိုင်ရာရောက်ငွေပေးချေပါမည်။

**ဖုန်း-၀၉-၂၅၀၀၁၅၈၈၁၊ ၀၉-၉၆၃၃၂၃၅၃၅၊ ၀၉-၄၀၈၉၀၁၁၈၇**

## သစ်ပင်စိုက်မှ အရိပ်ရ၏ ရိပ်ခိုနားနေ အပန်းဖြေ၏

### စမ်းချောင်းမြို့နယ်၊ သံတံတားရပ်ကွက်၊ သံတံတားလမ်း၊ အမှတ်(၅၅)ရှိ Hall (၆)ထပ်တိုက် အဆောက်အဦ၏ (၄)လွှာ၊ (၂၅ပေx ၅၀ပေ) ခန့်ရှိ ရေ၊ မီးအစုံ ပါဝင်သည့် တိုက်ခန်းအား ဝယ်ယူရန် ကန့်ကွက်နိုင်ပါသည်

အထက်ပါတိုက်ခန်းအား ပိုင်ဆိုင်မှုစာချုပ် အဆက်အစပ်များဖြင့် တရားဝင်ပိုင်ဆိုင်သူ ဒေါ်ချိုချိုထွေး [၅/ဘတလ(နိုင်)၁၃၅၁၀၇] ထံမှ ဦးမျိုးနန္ဒထွန်း [၁၂/စခန(နိုင်)၀၅၀၃၁၂]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ခိုင်မာသော စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ယနေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**Japan- ဘုန်းမြင့် (ငါးသိုင်းချောင်း)(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၃၁၄၈/၃၁-၅-၁၉၈၅)**
**အမှတ်(၂၂)၊ ဝါးခယ်မလမ်း၊ စမ်းချောင်းမြို့နယ်။**
**Ph-09-777797911, 09-789877799,09-799933939**

### ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၂)၊ မာဃ(၁၃) လမ်း၊ မြေကွက်အမှတ်(၅၀၆/က)၊ မြေဧရိယာ (၀.၀၂၇)ဧက၊ (၁၂၀၀) စတုရန်းပေရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဦးသန့်ဇင် [၁၂/သဃက(နိုင်)၀၂၆၉၇၅] အမည်ဖြင့် မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဦးရဲစိုး [၁၂/ဒဂတ(နိုင်)၀၁၂၁၄၈]က ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုလျက် ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်တားမြစ်လိုသူများရှိပါက ဤကြေညာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နှင်းဝေအောင် (တရားလွှတ်တော်ရှေ့နေ) စဉ်-၉၉၁၇**
**LL.B,D.B.L, D.M.L, D.I.L (W.I.P.O- Switzerland)**
**တိုက်အမှတ်(၂၀)၊ အခန်း(၂၀၁)၊ ပုလဲမွန်အိမ်ရာ၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၉၁၇၂၆၀၇၊ ၀၉-၄၄၈၀၂၅၈၃၇**

### ကြော်ငြာစာ
**(အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ -၃၇၃)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**
**၂၀၂၂ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၇၁**
**ကွယ်လွန်သူ ဦးစိန်လှ၌ ကျန်ရစ်သောပစ္စည်းအကြောင်း**

ဦးဇေယျာလင်း --------------------- လျှောက်ထားသူ

ရန်ကုန်တိုင်းဒေသကြီး၊ ၃ ရပ်ကွက်၊ ၆၄လမ်း၊ အမှတ်-၃၃ (၇လွှာ-ညာ)နေ ဦးဇေယျာလင်းက ကွယ်လွန်သူ ဦးစိန်လှ၏ ကျန်ရစ်သော ငွေဖြစ်သည့် ကျောက်တံတားမြို့နယ်၊ မြန်မာ့စီးပွားရေးဘဏ်(ငွေစုဘဏ်ခွဲ -၁)တွင် ငွေစုဘဏ်စာရင်းအမှတ်-(SH 166770) မှ စုဆောင်းလက်ကျန်ငွေ (၁၂၄၃၃၁၇ ကျပ် ၀၆ ပြား) တိတိကို အမွေဆက်ခံခြင်း အက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားသည်ဖြစ်၍ ၎င်းကွယ်လွန်သူ ဦးစိန်လှ၏ ကျန်ရစ်သော ပစ္စည်းများအပေါ်၌ ရရန်ရှိသူဟူသမျှတို့သည် ဤရုံးသို့ ၂၀၂၂ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်၊ (၁၃၈၄ခုနှစ်၊ ဝါဆိုလဆုတ် ၁ ရက်) တွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်ထားသူ ဦးဇေယျာလင်း၏ လျှောက်ထားချက်ကို ကြားနာ၍ လက်မှတ်ရသင့် မသင့်သည်ကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၂ခုနှစ်၊ ဇွန်လ ၂၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(သင်းမြမြစိုး)**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

### "ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း"

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဒဂုံမြို့သစ်တိုးချဲ့အပေါ်ပိုင်း၊ ယူအီး-၁ (မြောက်)ရပ်ကွက်၊ ယာဉ်ငယ်(၂)လမ်း၊ အမှတ်-၃၃၁(ခ)၊ မျက်နှာစာပေ(၁၈x၆၀) ဧရိယာစတုရန်းပေရှိ မြေနှင့်အိမ်ကို ပါမစ်အမည်ပေါက် ဦးစံထွန်း (CE-၀၉၂၄၇၇) ထံမှ အဆက်စပ်စာချုပ်များဖြင့် ပိုင်ဆိုင်လာသော ဒေါ်ခင်မိုးအေး [၁၂/ဒဂမ(နိုင်)၀၂၅၁၀၄]က ယခုအရောင်းအဝယ်ပြုလုပ်သည့် မြေနှင့်အိမ်၏ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုလျက် ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေမှ ဝယ်ယူရန်သဘောတူညီသည့်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ဆွေလေးနွယ် LL.B, LL.M** | **ဒေါ်နော်ဂျူလီယာသက်နှင်းအောင် LL.B, LL.M** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၅၄၃)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၅၆၀)** |

**အမှတ်-၆၃၊ မဟာဆွေ(၁)လမ်း၊ (၄၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၉-၂၅၀၅၀၆၂၇၇၊ ၀၉-၄၂၀၀၃၁၆၉၉**

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင်(၆)လမ်း၊ အမှတ်(၅၈)၊ မြေညီထပ်+ထပ်ခိုးပါ၊ (ခြေရင်းခန်း)၊ အကျယ်အဝန်း(၁၂ပေခွဲx၅၀ပေ)ရှိ တိုက်ခန်းကို ဒေါ်ခင်မြဝင်း [၁၂/လမန(နိုင်)၀၁၄၉၀၅] နှင့် ဦးအောင်ကျော်သက် [၁၂/လမန(နိုင်)၁၃၅၁၃၄] တို့က မိမိတို့ တရားဝင်ပိုင်ဆိုင်၍ အရှုပ်အရှင်းကင်းပြီး၊ ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့် အတွက် ကျွန်ုပ်၏မိတ်ဆွေဒေါ်ငြိမ်းသီရိကျော် [၁၃/မဆန(နိုင်)၀၂၉၄၆၈]က အဆိုပါတိုက်ခန်းကို အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့် ပတ်သက်၍ ဥပဒေအရ ပိုင်ဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စပြီးဆုံးသည့်တိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သီတာအောင်**
**(LL.B,D.B.A,D.B.L,D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၀၈၅)**
**အမှတ်(၃၈၃)၊ ၃-လွှာ/အေ၊ (၁၃)လမ်း၊ ဇေယျာသီရိရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၀၂၇၇၈၉၅၊ ၀၉-၇၉၉၂၉၄၈၉၄**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကတ်သုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၃၀၃ ဆူ | ၄၁၇ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၄၀၀၀၀ | ၁ လုံး | ၁၃၀၀၀ သိန်း | ၂၇၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင် (၂၀ မီတာ)၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၄၉ ခန်း | ၄၀၆ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၃၁ တိုင် | ၁၉ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၁၇ တိုင် | ၆၃ တိုင် |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၀၄ ခု | ၅၄၈ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၃၅ ကျင်း | ၂၀၈၄. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၁၆ ကျင်း | ၂၀၂. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၁၄ ကျင်း | ၅၈၉၆. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၁၀၈ ကျင်း | ၁၆၂၈. ၀၈ ကျင်း |
| ၁၄။ | မုစလိန္ဒအိုင် | ၁၀၅၁၉. ၀၀ | ၁ ကန် | ၁၅၀၀ သိန်း | ၉၀၁၉ သိန်း |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂) စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉. ၅) သိန်း | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၄ ရပ်

၁။ **နိုင်ငံရေး**
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး
(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**
(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**
(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**တို့တပ်မတော်ဟာ အတိတ်ကာလက နိုင်ငံနဲ့လူမျိုးအပေါ် တာဝန်ကျေပွန်မှု၊ သစ္စာစောင့်သိမှု၊ ပေးဆပ်မှုအမျိုးမျိုးတွေကို ကြိုးစားလုပ်ဆောင်ခဲ့ပြီးဖြစ်သလို ယခုပစ္စုပ္ပန်ကာလမှာလည်း နိုင်ငံနဲ့လူမျိုးအတွက် တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုကြီး တည်ဆောက်ရေးကို တည့်မတ်ထိန်းသိမ်း ဆောင်ရွက်ပေးလျက်ရှိတယ်။ တပ်မတော်ရဲ့ ကြိုးပမ်းဆောင်ရွက်မှုမှန်သမျှဟာ အမိနိုင်ငံနဲ့ တိုင်းရင်းသားပြည်သူလူထု ကောင်းကျိုးဖြစ်ထွန်းပြီး ကမ္ဘာ့အလယ်မှာ ဆက်လက်ရပ်တည်သွားနိုင်ဖို့ ကိုယ်ကျိုးမငဲ့ မွန်မြတ်တဲ့စိတ်ရင်းစေတနာနဲ့ လုပ်ဆောင်နေတာဖြစ်ကြောင်း ပြောကြားလိုတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်၏ ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်း သင်တန်းအမှတ်စဉ်(၈) သင်တန်းဆင်းပွဲအခမ်းအနားတွင် ပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

၂၂-၁၂-၂၀၂၁

## CDM ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် လူငယ်လူရွယ်များအား ကြိုဆိုရေးစခန်းများ ဖွင့်လှစ်လက်ခံခြင်းနှင့် နီးစပ်ရာလုံခြုံရေးစခန်းများ၌ လက်ခံခြင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာချက် ထုတ်ပြန်

**နေပြည်တော် ဇူလိုင် ၅**

နယ်စပ်ဒေသအသီးသီးနှင့် အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအတွင်း ရောက်ရှိနေသည့် CDM ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် လူငယ်လူရွယ်များအား နယ်စပ်ကြိုဆိုရေးစခန်းအသီးသီးနှင့် နီးစပ်ရာ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းအသီးသီးသို့ ဆက်သွယ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ကြောင်းနှင့် ယင်းသို့သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က အသိပေးထုတ်ပြန်ထားကြောင်း သိရှိရသည်။ ကြေညာချက် အပြည့်အစုံမှာ -

**ပြည်တွင်း၊ ပြည်ပရှိ အချို့သော ကျောင်းသား ကျောင်းသူ၊ လူငယ်လူရွယ်နှင့် CDM ဝန်ထမ်းများအား ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ရေး အသိပေးထုတ်ပြန်ခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးတို့အပြင် အခြားကဏ္ဍပေါင်းစုံ၌ ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ပြည်ထောင်စုအတွင်းရှိ ဒေသအသီးသီးတွင် တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် နေထိုင်စားသောက်နိုင်ရေးအတွက်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးလုပ်ငန်းများကို ထမ်းဆောင်လျက်ရှိသည်။ မိမိတို့အနေဖြင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ကျစ်လျစ်ခိုင်မာသည့် ညီညွတ်သော စုပေါင်းအားကို တည်ဆောက်သွားရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး စစ်မှန်သည့် ထာဝရငြိမ်းချမ်းရေးရရှိစေရန် အလေးထားဆောင်ရွက်လျက်ရှိသည်။

**စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ☆**

## အာဆီယံ အမျိုးသမီးပြိုင်ပွဲတွင် မြန်မာအသင်း ဂိုးပြတ်အနိုင်ရ

**ရန်ကုန် ဇူလိုင် ၅**

၂၀၂၂ အာဆီယံ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စု(ခ) ပထမနေ့ကို ယနေ့ညနေပိုင်းက ဖိလစ်ပိုင်နိုင်ငံ၌ ဆက်လက်ကျင်းပရာ မြန်မာအသင်း ဂိုးပြတ်အနိုင်ရခဲ့သည်။

**ခုနစ်ဂိုးပြတ် အနိုင်ရ**

မြန်မာအသင်းသည် အုပ်စုပထမပွဲအဖြစ် တီမောအသင်းနှင့် စတင်ယှဉ်ပြိုင်ကစားရာ ခုနစ်ဂိုးပြတ်အနိုင်ရရှိခဲ့သည်။ မြန်မာအသင်းသည် ခြေစွမ်းကွာခြားသည့် တီမောနှင့်တွေ့ဆုံသဖြင့် အနိုင်သေချာနေသော်လည်း ဂိုးများများသွင်းယူနိုင်ရန် ကြိုးပမ်းခဲ့သည်။ မြန်မာအသင်းသည် အဖွင့်ပွဲအနိုင်သုံးမှတ်အပြင် ဂိုးများများသွင်းယူနိုင်ခဲ့သဖြင့် ကျေနပ်စရာဖြစ်ခဲ့သည်။

**စာမျက်နှာ ၂၃ ကော်လံ ၁ သို့ ❖**



မြန်မာနှင့် တီမောအသင်း ယှဉ်ပြိုင်နေစဉ်။

## မြန်မာကစားသမားများ ထိုင်းကလပ်များနှင့် စာချုပ် ချုပ်ဆို

**ရန်ကုန် ဇူလိုင် ၅**

၂၀၂၂-၂၀၂၃ ရာသီ ထိုင်းလိဂ်ပြိုင်ပွဲများ မကြာမီစတင်တော့မည်ဖြစ်သောကြောင့် ပြိုင်ပွဲဝင်အသင်းများမှာ ရာသီကြိုပြင်ဆင်မှုများ ပြုလုပ်လျက်ရှိပြီး မြန်မာကစားသမားများနှင့် စာချုပ်ချုပ်ဆိုမှုများ ပြုလုပ်လျက်ရှိသည်။

ဇူလိုင် ၅ ရက်အထိ တရားဝင်သတင်းထုတ်ပြန်မှုများအရ မြန်မာကစားသမားလေးဦး အသင်းသစ်သို့ ပြောင်းရွှေ့ခဲ့ပြီး ကစားသမားတစ်ဦးမှာ ယခင်အသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့သည်။ နောက်ခံလူ ဇော်မင်းထွန်းသည် အသင်းဟောင်းဖြစ်သော ထိုင်းလိဂ်-၁ ကလပ်ချောင်ဘူရီအသင်းသို့ ပြန်လည်ရောက်ရှိခဲ့ပြီး နောက်တန်းအစွန်လူ ဟိန်းဖြိုးဝင်းက ထိုင်းလိဂ်-၁ ကလပ် ရတ်ချာဘူရီအသင်း၊ ကွင်းလယ်ကစားသမား ငြိမ်းချမ်းအောင်က

**စာမျက်နှာ ၂၃ ကော်လံ ၁ သို့ ✳**

**ယနေ့ ဖတ်စရာ**

**ကော်ဖီမြို့တော် ပြင်ဦးလွင်ဖြစ်စေရန် အထောက်အပံ့ပြုမည့် ပြင်ဦးလွင် ကော်ဖီဥယျာဉ်ပွေးတောင်**
စာမျက်နှာ » ၁၀

**ကမ္ဘာလုံးဆိုင်ရာ စားနပ်ရိက္ခာမဖူလုံမှုကို ကိုင်တွယ်ဖြေရှင်းရန် ဂျပန်နိုင်ငံက အမေရိကန်ဒေါ်လာသန်း ၂၀၀ အကူအညီပေးမည်**
စာမျက်နှာ » ၁၃

**ကြက်မောက်တောင် ရေလှောင်တမံမှ မိုးစပါး လျာထားဧက ၄၀၀၀ အတွက် စိုက်ပျိုးရေ စတင်ပေးဝေလျက်ရှိ**
စာမျက်နှာ » ၁၆